# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ 14, Sunday August 2016 (၈၆၅၃)


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသောရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သောအခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ မိမိ၏အတိတ် သံသရာက ပါလာသောဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်း၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ရေကင်းစခန်းအမှတ်(၂) ဘောမိကုန်းတာ ကြံ့ခိုင်မှုအခြေအနေကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်နေ အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်

နေပြည်တော် ဩဂုတ် ၁၃

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကညင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတသည် ကညင်ရေလှောင်တမံအတွင်း ရေဝင်ရောက်နေမှု၊ ရေပိုလွှဲ၊ အရန်ရေပိုလွှဲနှင့် ရေအားလျှပ်စစ်အဆောက်အအုံ တည်ဆောက်မည့် မြေပြင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ချောင်းပေါ်တွင်တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ အဆိုပါ ရေလှောင်တမံမှ ဆည်ရေသောက်ဧရိယာ ဧက ၂၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ငါးမဂ္ဂါဝပ်ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့သို့ ရောက်ရှိကြပြီး ရှေ့ဆောင်ရေဘေးကယ်ဆယ်ရေးစခန်း၌ ငါးသိုင်းချောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဗလာစာအုပ်၊ ဆေးနှင့် ဆေးပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများမှ ရေဆင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၁၃**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရေဆင်းဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးသည်။

**ငါးမြစ်ချင်း ၆၀၀၀၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ စစ်သည်မိသားစုများက ငါးမြစ်ချင်းမျိုး ငါးကောင်ရေ ၆၀၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ရေဆင်းဆည်တွင် ငါးမျိုးစိုက်ထည့်ခြင်းအား နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အထိ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြစ်စားငါးကြင်းအပါအဝင် ငါးမျိုးစုံကောင်ရေ ၄၀၃၀၀၀ အား စိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




**❋ ကျောဖုံးမှ**
လမ်းပွင့်ခဲ့ရင်၊ လမ်းဆုံးရင် ကျွန်တော်တို့ရဲ့ ပန်းတိုင်ကို ရောက်မှာပါ။ ကျွန်တော်တို့ရဲ့အရင်းအနှီးက အများအပေါ် မှာထားတဲ့ မေတ္တာ၊ ပြည်သူတွေ ကောင်းစားစေချင်တဲ့ စေတနာ၊ ငြိမ်းချမ်းရေးအောင်မြင်ချင်တဲ့ ကျွန်တော်တို့ရဲ့ရည်မှန်းချက်သုံးခုဟာ မကြာခင်မှာအောင်မြင်မယ်လို့ ကျွန်တော်အပြည့်အဝယုံကြည်ပါတယ်။ မကြာခင်မှာ ကျင်းပတော့မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကိုလည်း ဒီကခေါင်းဆောင်ကြီးတွေအားလုံး အခုလို စေတနာ၊ မေတ္တာတွေထားပြီးတော့ ဝိုင်းဝန်းလုပ်ဆောင်ပေးကြပါလို့ အများပြည်သူရဲ့ကိုယ်စား ဒီကနေတောင်းဆိုပါတယ်”ဟု နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့အစည်းအဝေးသို့ အစိုးရဘက်မှ ကိုယ်စားလှယ် ၁၉ ဦးနှင့် အလုပ်အဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ၂၆ ဦးနှင့် အလုပ်အဖွဲ့များ၊ နိုင်ငံရေးပါတီများမှ UPDJC ကိုယ်စားလှယ် ၁၃ ဦးတက်ရောက်သည်။ တတိယနေ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သုံးသပ်ရေးအစည်းအဝေးမှ ဆွေးနွေးချက်များကို ဩဂုတ် ၁၅ ရက်တွင် နေပြည်တော်၌ပြုလုပ်မည့် UPDJC အစည်းအဝေးတွင် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ပြုလုပ်သည့် တတိယနေ့အစည်းအဝေးကို ညနေ ၅ နာရီတွင် ရပ်နားခဲ့ပြီး သုံးရက်တာ အစည်းအဝေးနှင့်ပတ်သက်၍ (၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေနှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN)အဖွဲ့ခေါင်းဆောင် ခူဦးရယ် တို့က ပြည်တွင်းပြည်ပသတင်းမီဒီယာများအား ရှင်းလင်းပြောကြားခဲ့သည်။ ဦးလှမောင်ရွှေနှင့် ခူဦးရယ်တို့ ပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ခူဦးရယ်**

မူဘောင်မှာ Structure ပိုင်းနဲ့ ပတ်သက်ပြီးပြောနေကြတယ်။ မူဘောင်အရပဲ ညီလာခံကျင်းပဖို့ လုပ်နေတာဆိုတော့ မူဘောင်ထဲမှာလည်း ပါဝင်တက်ရောက်မယ့်ပုံစံနဲ့ အချိုးအစားကိုပဲ အကြမ်းဖျင်းဆွေးနွေးဖြစ်ကြပါတယ်။ တိတိကျကျတော့မဟုတ်သေးပါဘူး။ မူဘောင်သုံးသပ်မှုကတော့ ဒီတစ်ကြိမ်နဲ့ပြီးမှာမဟုတ်ပါဘူး။ ဒါအစပဲရှိပါသေးတယ်။ အထူးသဖြင့် ကျွန်တော်တို့လို NCA မှာ မပါသေးတဲ့ အဖွဲ့အစည်းတွေက အသစ်ဖြစ်နေလို့ အခုမှစပြီးသုံးသပ်တဲ့အဆင့်ကို ပါလာတာဖြစ်လို့ မူဘောင်ပါအချက်အလက်တွေနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းသိရှိနားလည်ခြင်း အပြည့်အဝမရှိသေးဘူး။ ဒါကြောင့် ပါဝင်သုံးသပ်ရင်း ကြေလည်တဲ့အဆင့်ကိုသွားဖို့ တဖြည်းဖြည်းတော့ အချိန်ယူရဦးမှာဖြစ်ပါတယ်။ မူဘောင်နဲ့ပတ်သက်တဲ့ သုံးသပ်ချက်ကိုတော့ ကျွန်တော်တို့ဘက်က အများကြီး ထဲထဲဝင်ဝင်ဆွေးနွေးနိုင်တာ မရှိသေးပါဘူး။

ကျွန်တော်တို့ ဒီနေ့ဆွေးနွေးဖြစ်တဲ့အထဲမှာ ကျွန်တော်တို့ဘက်ပိုင်းကပြောရမယ်ဆိုရင် ဒီလကုန်ပိုင်းပြုလုပ်ဖို့စီစဉ်ထားတဲ့ (၂၁)ရာစုပင်လုံနဲ့ ပတ်သက်ပြီး ဘယ်လိုအခန်းကဏ္ဍက ပါဝင်နိုင်မလဲဆိုတာ တင်ပြဆွေးနွေးဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့အစည်းတွေက ညီလာခံကျင်းပတဲ့အခါမှာ ထဲထဲဝင်ဝင်ပါဝင်ချင်တဲ့ သဘောရှိပါတယ်။ ပါဝင်နိုင်မယ့်နည်းလမ်းကို ဆွေးနွေးတာပေါ့။ ဥပမာ ကျွန်တော်တို့ ညီလာခံပူးတွဲကျင်းပရေးကော်မတီဖွဲ့စည်းမလား၊ ဖွဲ့စည်းဖြစ်ရင် ကျွန်တော်တို့ပါနိုင်မလားပေါ့။ ဒါဟာ ကျွန်တော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လိုတဲ့ အနေအထားကိုဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီလို ကော်မတီမှာပါဝင်ခွင့်ရမယ်ဆိုရင်တော့ ကျင်းပမယ့်ညီလာခံဟာ အားလုံးအတူတကွကျင်းပတဲ့ ညီလာခံဖြစ်ရင် အကောင်းဆုံးပေါ့။ ဒါရလဒ်ကောင်းတစ်ခုပေါ့။ အားလုံး သာတူညီမျှ ပူးပေါင်းခွင့်ရမယ်။ ဆွေးနွေးခွင့်ရမယ်ဆိုတဲ့ အနေအထားကို ဆိုလိုတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော်တို့ ယုံကြည်တာတော့ လာမယ့် ၁၅ ရက်နေ့မှာပြုလုပ်မယ့် UPDJC အစည်းအဝေးမှာ သိရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးလှမောင်ရွှေ**

ဆရာခူဦးရယ်တို့ ဦးဆောင်တဲ့ UNFC ရဲ့ နိုင်ငံရေးဆွေးနွေးမှုကော်မတီ DPN ကို ကျွန်တော်တို့ အစိုးရဘက်က ဖိတ်ကြားခဲ့တယ်။ လက်မှတ်ရေးထိုးခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်တော်တို့ တန်းတူဆွေးနွေးနိုင်ဖို့ ဖိတ်ခဲ့တယ်။ နေရာချထားမှုကို ကြည့်ရင်လည်း လက်မှတ်ထိုးထားသူကော၊ မထိုးထားသူကော အားလုံးယှဉ်တွဲပြီး ဆွေးနွေးတယ်။ ဆွေးနွေးခွင့်မှာလည်း တန်းတူဆွေးနွေးတယ်။ ဆွေးနွေးတာမှာ နံပါတ်တစ်ကတော့ အားလုံးပါဝင်ရေးကို အစိုးရကစွဲကိုင်ပြီးတော့ ဒီနည်းလမ်းအတိုင်း ဆက်ညှိနှိုင်းနေတာရှိတယ်။ ခေါင်းဆောင်တွေ နိဂုံးချုပ်ပြောခဲ့သလိုပဲ တိုးတက်မှုတွေအများကြီးရှိသလို ဆက်လက်ပြီး ညှိနှိုင်းဖို့ကျန်တာတွေလည်းရှိပါတယ်။ နောက်တစ်ခုက NCA အရ UPDJC က ဒီညီလာခံကိုကျင်းပဖို့ တာဝန်ရှိပြီး ကျွန်တော်တို့ ညှိနှိုင်းရတာတွေရှိတယ်။ လောလောဆယ် ဒီဘက်က NCA မှာ လက်မှတ်ရေးထိုးနိုင်ခြင်းမရှိပေမယ့် ကြိုတင်ပြင်ဆင်ရေးကော်မတီအနေနဲ့ သူတို့ရဲ့ သဘောထားအမြင်တွေကို ပြောနိုင်ခွင့်ရှိအောင် ဒီ Review meeting ကိုလုပ်ပါတယ်။ ဒီမှာဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ဆွေးနွေးချက်အားလုံး UPDJC အစည်းအဝေးမှာ ပြန်တင်ပြပြီး အတည်ပြုချက်ရယူဖို့ရှိသလို ဆရာခူဦးရယ်တို့ဘက်က အဆိုပြုထားတဲ့ ပူးတွဲကော်မတီမှာပါဝင်နိုင်ရေးကိစ္စနဲ့ ညီလာခံမှာတက်ရောက်နိုင်ရေးကို ဩဂုတ် ၁၅ ရက်နေ့ နေပြည်တော်မှာလုပ်မယ့် UPDJC အစည်းအဝေးကနေ ကောင်းမွန်တဲ့ရလဒ်တွေ ထွက်မယ်လို့ ကျွန်တော်တို့အလုပ်အဖွဲ့က ယုံကြည်ပါတယ်။ ဆွေးနွေးမယ့် လမ်းကြောင်းကို ဖွင့်ထားမှာဖြစ်ပြီး ဆက်လက်ဆွေးနွေးရမယ့်ကိစ္စတွေကို ကျွန်တော်တို့က ဆရာခူဦးရယ်တို့နဲ့ ဆက်လက်ပြီးဆွေးနွေးပါမယ်။

ကျွန်တော်တို့ဘက်က တင်ပြလိုတာက DPN နဲ့ ကျွန်တော်တို့ သုံးရက်တာအစည်းအဝေးမှာ နှစ်ရက်ဆွေးနွေးတယ်။ နှစ်ရက်လုံးမှာတော့ ကျွန်တော်တို့ ကော်မတီဘက်က ပိုပြီးဆွေးနွေးနိုင်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် နားလည်ယုံကြည်မှုတွေ ပိုပြီးရှိလာတယ်လို့ယုံကြည်တယ်။ နည်းလမ်းတွေကိုလည်း ကျွန်တော်တို့ ထပ်ရှာနိုင်ပြီး ရက် ၂၀ ဝန်းကျင်မှာပဲ ထပ်ပြီးဆွေးနွေးနိုင်ဖို့ ညှိနှိုင်းနေတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်သွားနေတယ်။ လမ်းကြောင်းပိတ်မထားဘူးဆိုတာ ရှင်းပြလိုပါတယ်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**○ ရတနာပုံမှ**
ဘမ်ဘာတစ်ဦးတည်းသာ ပါဝင်ခဲ့သော်လည်း ရတနာပုံအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ၁၂ မိနစ်တွင် ဘမ်ဘာက ဟံသာဝတီအတွက် ဂိုးစတင်သွင်းယူခဲ့၍ ရတနာပုံအသင်းနောက်မှ လိုက်ခဲ့ရသည်။ ရတနာပုံအသင်း အိမ်ကွင်း၌ ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရပြီး ချေပဂိုးကို ၄၃ မိနစ်တွင် မာတူနာက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်း အနိုင်ဂိုးရရှိရန် အားထည့်ကစားလာခဲ့ပြီး မိနစ် ၇၀ တွင် ဝင်းနိုင်စိုးက ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး ၈၆ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရရှိခဲ့ကာ တိုက်စစ်မှူး မာတူနာက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သောကြောင့် တတိယအနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဟံသာဝတီအသင်းကို နှစ်ကျော့စလုံး ယှဉ်ရလဒ်အတိုင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အပြန်အလှန်သွင်းဂိုးများကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ရန်ကုန်အတွက် ကျော်ကိုကိုနှင့် အက်ဒီဆင်၊ ဇွဲကပင်အတွက် တင်ဝင်းအောင်နှင့် ကင်မ်(ပင်နယ်တီ)တို့က ဂိုးများ သွင်းယူခဲ့သည်။ နှစ်ဂိုးစီ သရေဖြင့် ပွဲပြီးဆုံးရန်နီးစပ်ခဲ့သော်လည်း ဇော်မင်းထွန်းက ပွဲပြီးခါနီးတွင် အနိုင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။ ကျောက်တိုင်ကွင်း၌ ဧရာဝတီက ဇေယျာရွှေမြေကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ပိုင်စိုးနှင့် ခရစ္စတိုဖာက ဧရာဝတီအတွက် ဂိုးများသွင်းယူခဲ့ပြီး ဇေယျာရွှေမြေအတွက် ချေပဂိုးကို နန်းမင်းအောင်က သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

| | | |
|---|---|---|
| (တောင်ကြီးကွင်း) | ရှမ်းယူနိုက်တက် | - မကွေး |
| (အောင်ဆန်းကွင်း) | ရခိုင် | - Horizon |
| (သုဝဏ္ဏကွင်း) | ချင်းယူနိုက်တက် | - Southern |

**(ရှိုင်းထက်ဇော်)**



## ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀ ပေးအပ်လှူဒါန်း

**သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း (D.S.T.O)မှ “ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း” သို့ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀ ပေးအပ်လှူဒါန်းခြင်းကို ရန်ကုန်မြို့ အင်းယားကန်ဟိုတယ်ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးခန်း၌ ဩဂုတ် ၁၀ ရက်က ပြုလုပ်ရာ သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း ခေတ္တဥက္ကဋ္ဌ ဒေါ်ဟေမာမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဥမ္မာက လက်ခံရယူစဉ်။**

(ကြေးမုံ)

## ကျောက်တန်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၁၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်ပညာသင်တန်းဖွင့်ပွဲ အမှတ်စဉ် (၅/၂၀၁၆)ကို ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာ (Learning Centre)၌ ဩဂုတ် ၉ ရက်က သင်တန်းသူ ၃၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်နှင့် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးတင်အောင်သန်းတို့က သင်တန်းအဖွင့်အမှာစကား ပြောကြားကြောင်း သိရသည်။

**(ကြေးမုံ)**

# အိုင်အက်စ်များဟု သံသယရှိသူကိုးဦးအား မလေးရှားရဲအဖွဲ့က ဖမ်းဆီးထား



**ကွာလာလမ်ပူ ဩဂုတ် ၁၃**
အစ္စလာမ့်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် ဆက်သွယ်လှုပ်ရှားမှုများပြုနေသည်ဟု သံသယရှိသူ လူကိုးဦးအား မလေးရှားရဲအဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ယင်းတို့ထဲမှ နှစ်ဦးမှာ ယခုလအစောပိုင်းက မလေးရှားတွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတစ်ခု၌ ပါဝင်ခဲ့သူများဖြစ်ကြောင်း မလေးရှားရဲအဖွဲ့က ယနေ့ပြောကြားသည်။

ယင်းသံသယရှိသူကိုးဦးအား မလေးရှားရဲတပ်ဖွဲ့မှ အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးရဲအဖွဲ့ဝင်များက မြို့တော်ကွာလာလမ်ပူနှင့်အခြားပြည်နယ်များ၌ ဇူလိုင်လကုန်ပိုင်းနှင့်ဩဂုတ်လ လဆန်းပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ရဲအဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။

မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူမြို့ ဆင်ခြေဖုံးတွင် ယခုလအစောပိုင်းက ဖြစ်ပွားခဲ့သော လက်ပစ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူနှစ်ဦးအား အဆိုပါသံသယဖြင့် ဖမ်းဆီးထားသူကိုးဦးအတွင်းမှ ဖော်ထုတ်တွေ့ရှိရကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ မလေးရှားနိုင်ငံတွင် အိုင်အက်စ်အဖွဲ့နှင့် အဆက်အစပ်ရှိသည့် ပထမဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း မလေးရှားရဲအဖွဲ့က ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ထံမှ တိုက်ခိုက်မှုပြုရန်အမိန့်စောင့်ဆိုင်းနေသူနှစ်ဦးနှင့် အခြားလက်ပစ်ဗုံးများကို ဖမ်းဆီးသိမ်းဆည်းရမိကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။

အသက်(၁၇)နှစ်အရွယ်ရှိသည့် သံသယရှိသူတစ်ဦးအား ဘော်နီယိုကျွန်းမြောက်ပိုင်းရှိ ဆာဘားပြည်နယ်တွင် ထိန်းသိမ်းခဲ့ပြီး ၎င်းသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အဖွဲ့ထံမှ တစ်ကိုယ်တော်တိုက်ခိုက်မှုများပြုလုပ်ရန် အမိန့်ကို လက်ခံရရှိထားသူဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစ၍ ယနေ့အထိ အိုင်အက်စ်အဖွဲ့ဝင်ဦးရေ ၂၃၀ ကို ဖမ်းဆီးထားပြီး ၎င်းတို့ထဲမှ မလေးရှားနိုင်ငံသား ၉၀ ခန့်မှာ ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏လှုပ်ရှားမှုနှင့်ပါဝင်ပတ်သက်သူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဆင်ဟွာ။**

## ရုရှားသမ္မတပူတင်အား ဂျပန်နိုင်ငံသို့ အလည်အပတ်လာရောက်ရန် ဂျပန်အစိုးရကြိုးပမ်း

**ကျိုတို ဩဂုတ် ၁၃**
ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ရုရှားသမ္မတ ဗလာဒီမာပူတင်အား ဂျပန်နိုင်ငံ ရာမာဂုချိစီရင်စုသို့ အလည်အပတ်လာရောက်ရန် ဖိတ်ခေါ်မည်ဖြစ်ကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

အထက်ပါအကြောင်းကို ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ရာမာဂုချိစီရင်စုရှိ ရှိမိုနိုဆိကီမြို့တွင် မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်အစိုးရက ယခုနှစ်နှောင်းပိုင်းတွင် ရုရှားသမ္မတပူတင်အား ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဝန်ကြီးချုပ်ကဆိုသည်။ အလည်အပတ်ခရီးလာရောက်ခဲ့ပါက သမ္မတပူတင်အား ရာမာဂုချိစီရင်စုသို့ လာရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အာဘေးနှင့် သမ္မတပူတင်တို့သည် မေလက ရုရှားနိုင်ငံ ဆူချီမြို့တွင် တွေ့ဆုံကာ အစည်းအဝေးတစ်ရပ်ကျင်းပပြုလုပ်ခဲ့သည်။

လာမည့်လတွင် စီးပွားရေး ဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများကို ဗလာဒီဗိုစတုတ်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**




## အမေရိကန်ဒရုန်းယာဉ်များ၏ စစ်ဆင်ရေးတွင် အိုင်အက်စ်အဖွဲ့ခွဲခေါင်းဆောင် သေဆုံး

**ဝါရှင်တန် ဩဂုတ် ၁၃**
လွန်ခဲ့သည့်လက အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်၏ဒရုန်းယာဉ်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကာလအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ခွဲခေါင်းဆောင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ဆိုသည်။

အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ခွဲခေါင်းဆောင် ဟာဖစ်ဆာရီခမ်ဆိုသူသည် ဇူလိုင် ၂၆ ရက်က အမေရိကန်၏စစ်ဆင်ရေး တိုက်ခိုက်မှုတွင် သေဆုံးခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ဩဂုတ် ၁၂ ရက်က ပြောကြားခဲ့သည်။

အိုင်အက်စစ်သွေးကြွ အဖွဲ့ခွဲခေါင်းဆောင် ဟာဖစ်ဆာရီခမ်က လွန်ခဲ့သည့်နှစ် ဇန်နဝါရီလတွင် စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်ကာ သစ္စာခံခဲ့သည်။ မကြာမီ ၎င်းသည် အာဖဂန်နစ္စတန်နိုင်ငံ၏ စစ်သွေးကြွအဖွဲ့ခွဲခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။

ယင်းခေါင်းဆောင်သည့်စစ်သွေးကြွအဖွဲ့ခွဲသည် နန်ဂါဟာခရိုင်တွင် တပ်သားသစ်များ စုဆောင်းကာ စစ်ရေးလေ့ကျင့်ပေးပြီး အာဖဂန်နစ္စတန်နိုင်ငံ အနှံ့အပြားသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။ ထို့ပြင် ဇူလိုင် ၂၃ ရက်က လူပေါင်း ၈၀ ကျော် သေဆုံးခဲ့သည့် ကဘူးမြို့ကားဗုံးဖောက်ခွဲမှုဖြစ်စဉ်ကို ၎င်းတို့ ကျူးလွန်ခဲ့ကြောင်း အခိုင်အမာဆိုသည်။

အကြမ်းဖက်အဖွဲ့ခွဲခေါင်းဆောင် သေဆုံးခဲ့သည့်အတွက် အကြမ်းဖက်အဖွဲ့အစည်းသို့ ဝင်ရောက်ရန် တပ်သားသစ်စုဆောင်းမှုများနှင့် အကြမ်းဖက်လုပ်ရပ် ကျူးလွန်မှုများတွင် အခက်အခဲများရှိနိုင်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနပြောရေးဆိုခွင့်ရှိသူ ဂျော်ဒန်တရိုဘရေးဒ်က ပြောကြားခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင် ၎င်းတို့ထိန်းချုပ်ထားသော နယ်မြေများ တဖြည်းဖြည်းဆုံးရှုံးလျက်ရှိသည့်အတွက် ကမ္ဘာ့နေရာ အနှံ့အပြားတွင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် ပစ်မှတ်ထားလုပ်ဆောင်နေကြသည်။

အမေရိကန် စစ်ဆင်ရေး (အိုင်အက်စ် ချေမှုန်းရေး) များကို လစ်ဗျား၊ အာဖဂန်နစ္စတန်နှင့် အခြားသောနိုင်ငံများတွင် အရှိန်အဟုန်မြှင့်တင်ကာ အမေရိကန် ကာကွယ်ရေးဌာနက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**



## ပါကစ္စတန် ရဟတ်ယာဉ် အဖွဲ့သား ခြောက်ဦးအား အာဖဂန်တာလီဘန်အဖွဲ့ လွှတ်ပေး

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၃**
အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းဒေသတွင်းသို့ စက်ချွတ်ယွင်း၍ ပျက်ကျခဲ့သော ပါကစ္စတန်ရဟတ်ယာဉ်တစ်စင်းပေါ်ပါ ယာဉ်အဖွဲ့သား ခြောက်ဦးတို့အား အာဖဂန်တာလီဘန်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားရာမှ လွှတ်ပေးလိုက်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

တာလီဘန်အဖွဲ့က ပြန်လွှတ်ပေးလိုက်သည့် ရဟတ်ယာဉ်အဖွဲ့သားခြောက်ဦးတွင် ပါကစ္စတန်နိုင်ငံသားငါးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦးတို့ပါဝင်ပြီး ၎င်းတို့သည် ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပန်ဂျပ်ပြည်နယ်အစိုးရက ပိုင်ဆိုင်သော ရုရှားလုပ်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်သည် ဩဂုတ် ၄ ရက်က ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိပက်ရှဗ်ဝါမြို့မှ ဥဇဘက်ကစ္စတန်နိုင်ငံသို့ပြုပြင်ထိန်းသိမ်းရေးလုပ်ဆောင်ရန် ပျံသန်းထွက်ခွာစဉ် စက်ချွတ်ယွင်းမှုဖြစ်ပွားပြီး အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတာလီဘန်များထိန်းချုပ်ထားသည် လိုဂါပြည်နယ်တွင်းသို့ ပျက်ကျခဲ့ခြင်း ဖြစ်သည်။

တာလီဘန်တို့က ပြန်လွှတ်ပေးခဲ့သည့် ရဟတ်ယာဉ်အဖွဲ့သားများအား လွှဲပြောင်းပေးအပ်ခြင်းကို အာဖဂန်နှင့်ပါကစ္စတန် နှစ်နိုင်ငံနယ်ခြားဒေသရှိ မျိုးနွယ်စုများဒေသတွင် ပြုလုပ်ခဲ့ပြီး ၎င်းတို့အားရဟတ်ယာဉ်ဖြင့် ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်သို့ ပို့ဆောင်ပေးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၃**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ပြည်သူများ သွားလာရလွယ်ကူပြီး အချက်အချာကျသည့် ရန်ကုန်မြို့လယ်ရှိ အမှတ်(၆၀၄)/(၆၀၈) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးချုပ်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)တွင် ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဒေါ်နန္ဒာမွှန်း၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ စာကြည့်တိုက်ပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက "ယခုအမျိုးသားစာကြည့်တိုက် (ရန်ကုန်) သည် အမျိုးသားစာကြည့်တိုက်ပြယုဂ်နှင့် ကိုက်ညီမှုမရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတက ပြည်သူများ သွားလာရလွယ်ကူပြီး အချက်အချာကျသည့် ကုန်သည်လမ်းရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ် အဆောက်အအုံကို အဆင့်မီခင်းကျင်းရေး၊ Layout Plan ရေးဆွဲ၍ ပြင်ဆင်ဆောင်ရွက်ရန် ကြိုတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့်လည်း ပိုမိုကောင်းမွန်ပြည့်စုံသည့် အတွေ့အကြုံ၊ အကြံဉာဏ်များနှင့် လုပ်ငန်းများ အချိန်တိုအတွင်း ပြီးပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း" ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဒေါ်နန္ဒာမွှန်းက အမျိုးသားစာကြည့်တိုက်၏ ဝိသေသလက္ခဏာများ၊ လုပ်ငန်းတာဝန်များ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာ အမျိုးသားစာကြည့်တိုက်များနည်းတူ ဆောင်ရွက်နိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အဆောက်အအုံအား ကြိုတင်လေ့လာတွေ့ရှိမှု အခြေအနေများ၊ အဆောက်အအုံ လွှဲပြောင်း/ လက်ခံရေး လုပ်ငန်းများ၊ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊ ပြောင်းရွှေ့ဖွင့်လှစ်မည့်လုပ်ငန်းစီမံချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို နိုင်ငံတကာ အဆင့်မီဖြစ်ရေး၊ ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**(သတင်းစဉ်)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၇ ဦး MAI လေယာဉ်ဖြင့် ဒုတိယအကြိမ် ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၃**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်စရိတ်မတတ်နိုင်သူ C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၇ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံမှ ယမန်နေ့က ဒုတိယအကြိမ် ပြန်လည်ခေါ်ယူခဲ့သည်။




အဆိုပါ ဖမ်းဆီးထိန်းသိမ်းခံ မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် Mother Trading and Construction Co., Ltd၊ ဖိုးလမင်းကုမ္ပဏီလီမိတက်နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပြန်လည်ခေါ်ယူမည့် အလုပ်သမား ၇၀၀ အနက် ဒုတိယအကြိမ် မြန်မာနိုင်ငံသား ၁၃၇ ဦးသည် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ယမန်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ ထွက်ခွာခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနက် နေရပ်ပြန်ရန် အခက်အခဲရှိနေသူများအား နေရပ်ပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်အညီ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ဩဂုတ် ၈ ရက်က ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၈ ဦးအား ပြန်လည်ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၃၇ ဦးအား Mother Trading and Construction Co.,Ltd၊ ဖိုးလမင်းကုမ္ပဏီလီမိတက်နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၏ လှူဒါန်းငွေဖြင့် မြန်မာနိုင်ငံသို့ လေယာဉ်အခမဲ့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ရောက်ရှိလာသည့်အလုပ်သမားများအား တစ်ဦးလျှင် ကျပ်ငါးသောင်းစီနှင့် တီရှပ်အင်္ကျီတို့ကို လည်းကောင်း၊ IOM အဖွဲ့မှ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်းကောင်း ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့ပြီး နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်း မရှိသူများကိုလည်း ခေတ္တနေရာချထားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■








**ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆တွင် ခင်းကျင်းပြသထားသော ကာတွန်းအချို့ကို တွေ့ရစဉ်။**

(ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရဖော်ပြခြင်းဖြစ်ပါသည်။)

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်းနှင့် နိုင်ငံပိုင်သတင်းစာ

## မောင်ကြာလှ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို Privatization လုပ်ဖို့လိုတဲ့အကြောင်းပြောတော့ တချို့ကမေးကြတယ်။ "ဘယ်လုပ်ငန်းတွေကို လုပ်မှာလဲ၊ ဘယ်လိုလုပ်မှာလဲ" စသဖြင့်ပေါ့။ ဒီတော့ပြောရရင် စီးပွားရေးလုပ်ငန်းဆိုတာ အဆောက်အအုံတစ်ခုလိုပါပဲ။ အဆောက်အအုံတစ်ခုကို ဖျက်မယ် သို့မဟုတ် ပြင်မယ်ဆိုရင် ဒီအဆောက်အအုံကို ဘယ်လိုတည်ဆောက်ထားသလဲ၊ အဆောက်အအုံ အမျိုးအစားကဘာလဲ၊ အာရ်စီလား၊ နံကပ်လား၊ ပျဉ်ကာပျဉ်ခင်းသွပ်မိုးလား၊ ဘယ်တုန်းက ဆောက်ခဲ့တာလဲ၊ သက်တမ်းဘယ်လောက်ရှိပြီလဲ၊ ကာလပေါက်ဈေး ဘယ်လောက်လဲဆိုတဲ့ အချက်တွေအများကြီး လေ့လာဖို့ လိုပါတယ်။

**နိုင်ငံ၏စီးပွားရေးမူဝါဒ**

ဒီလိုပါပဲ။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာလည်း နိုင်ငံပိုင်စီးပွားရေးအတွက် အရေးပါတဲ့ အဆောက်အအုံတွေမဟုတ်လား။ မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးမူဝါဒများမှာ "နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်" ဆိုတဲ့ အချက်တစ်ချက်ပါဝင်ပါတယ်။

အဲဒီမူဝါဒအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ပိုမိုအောင်မြင်စေဖို့ ပြင်ဆင်ဖွဲ့စည်းမှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဆိုတဲ့ အဆောက်အအုံတွေကို ပြင်တော့မယ်ဆိုရင် ဒီလုပ်ငန်းတွေ ဘယ်တုန်းက စခဲ့သလဲဆိုတာ ပြန်လေ့လာရမှာဖြစ်ပါတယ်။ သမိုင်းကြောင်းအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်မှာ စတင်ပေါ်ပေါက်ခဲ့ပါတယ်။

**၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ**

အကြောင်းအရင်းကတော့ **"၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ်(၄၄)၊ အပိုဒ်ခွဲ(၂)"** ဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်မှာ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် ခနပစ္စည်းထွက်မည့် သဘာဝပင်ရင်း အခြေအမြစ်များကို နိုင်ငံတော် အစိုးရကိုယ်တိုင်သော်လည်းကောင်း၊ ဒေသန္တရအဖွဲ့များကသော်လည်းကောင်း၊ ပြည်သူတို့၏ သမဝါယမအစည်းအရုံးများက သော်လည်းကောင်း လုပ်ကိုင်သုံးစွဲနိုင်ရန် နိုင်ငံတော်အစိုးရဝါဒထားရှိ၍ ထိုဝါဒအတိုင်းရှေးရှုဆောင်ရွက်ရမည်"**လို့ ဖော်ပြခဲ့တာပါ။ အဲဒီပြဋ္ဌာန်းချက်အရ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်သူ့ဝန်ဆောင်မှု၊ စားသုံးမှု၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အထွေထွေဆိုတဲ့ လုပ်ငန်းအုပ်စုငါးခုအောက်မှာ ဘုတ်အဖွဲ့ရှစ်ဖွဲ့နဲ့ ကော်ပိုရေးရှင်းလေးခု စုစုပေါင်း စီးပွားရေးလုပ်ငန်း ၁၂ခု ပေါ်လာခဲ့တာပါပဲ။ ထင်ရှားတဲ့ လုပ်ငန်းတွေကတော့ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့၊ ပြည်တွင်းရေကြောင်း၊ ဗမာ့လေကြောင်း၊ ဆိပ်ကမ်းအာဏာပိုင်၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့စတဲ့ လုပ်ငန်းတွေပေါ့။

**အထူးကုမ္ပဏီအက်ဥပဒေ**

မှတ်သားစရာကောင်းတဲ့အချက်ကတော့ အစိုးရဟာ ဒီလုပ်ငန်းတွေ မဖွဲ့စည်းခင်မှာ အရေးကြီးတဲ့ ဥပဒေတစ်ခုကို အရင်ပြဋ္ဌာန်းခဲ့တာပါ။ ဒီဥပဒေက **"၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေ"** ဖြစ်ပါတယ်။ အဲဒီဥပဒေမရှိခင်က မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းဖွဲ့စည်းထူထောင်မှုနဲ့ ပတ်သက်လို့လိုက်နာရတဲ့ ဥပဒေက **"၁၉၁၄ ခုနှစ် မြန်မာကုမ္ပဏီများအက်ဥပဒေ"**ဖြစ်ပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ထူထောင်လုပ်ကိုင်ဖို့ စဉ်းစားတဲ့အခါမှာ ၁၉၁၄ ခုနှစ် ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ဟာလိုက်နာဖို့ အခက်အခဲရှိတဲ့အတွက် အဲဒီပြဋ္ဌာန်းချက်တွေကို ကျော်လွှားဖို့ အထူးကုမ္ပဏီအက်ဥပဒေကို ပြဋ္ဌာန်းခဲ့တာဖြစ်ပြီး အဲဒီကာလတုန်းက စီးပွားရေးလုပ်ငန်းမှန်သမျှ အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းခဲ့တာဖြစ်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ နိဒါန်းလို့ ပြောရမယ်ထင်ပါတယ်။

**၁၉၆၂ ခုနှစ်**

ဒုတိယအကြိမ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ထပ်တိုးပြီး ပေါ်လာတာကတော့ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်ဖြစ်ပါတယ်။ လုပ်ငန်းအုပ်စု ၁၀ခုအထိ တိုးချဲ့ခဲ့ပြီး ဘုတ်အဖွဲ့နဲ့ ကော်ပိုရေးရှင်း စုစုပေါင်း ၄၁ ခုအထိ ဖြစ်လာပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်တာဖြစ်တဲ့အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းခဲ့တာမို့ လုပ်ငန်းတွေများလာတာပါ။ အဲဒီလို တိုးပွားလာတဲ့လုပ်ငန်းတွေထဲမှာ ဝန်ဆောင်မှုလုပ်ငန်းဖြစ်တဲ့ နိုင်ငံပိုင်သတင်းစာလုပ်ငန်းလည်း ပါဝင်လာတာတွေ့ရှိရပါတယ်။

အဲဒီနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း စုစုပေါင်း ၅၇ ခုအထိ ဖြစ်လာခဲ့ပါတယ်။ အဲဒီတုန်းက စီးပွားရေးနဲ့ပတ်သက်ရင် နိုင်ငံတော်က အားလုံးကို ထိန်းချုပ်လုပ်ကိုင်ခဲ့တာဖြစ်လို့ ကုန်ထုတ်လုပ်မှုရော ဝန်ဆောင်မှုပါ နိုင်ငံပိုင်ကဏ္ဍမှာ အဓိကရှိခဲ့တာပါ။ ဒုတိယအနေနဲ့ သမဝါယမကဏ္ဍနဲ့ နောက်ဆုံးမှာ ပုဂ္ဂလိကကဏ္ဍက တစ်ပိုင်တစ်နိုင်တောင် အနိုင်နိုင်လို့ဆိုရမှာ ဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားနဲ့ အရေအတွက်တွေ တိုးပွားလာတာကတော့ စီးပွားရေးအရ အကျိုးအမြတ်တွေတိုးပြီး လုပ်ငန်းတွေ ချဲ့ထွင်နိုင်တာမဟုတ်ဘဲ စီးပွားရေးစနစ်အရဖြစ်လာတာလို့ ဆိုရမှာပါ။

> **နိုင်ငံပိုင်လုပ်ငန်းတွေကို Privatization ပြုလုပ်တဲ့အခါမှာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို ဦးတည်တဲ့ ရှင်းလင်းပြတ်သားတဲ့ မူဝါဒချမှတ်ရေးဟာ အဓိကကျပါတယ်။ ဒီမူဝါဒဟာ နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိတဲ့ မူဝါဒအသီးသီးနဲ့ လိုက်လျောညီထွေဖြစ်ဖို့ လိုပါတယ်။ သဘောကတော့ နိုင်ငံရဲ့ လက်ရှိအခြေအနေပေါ်မှာမူတည်ပြီး ဘယ်ကဏ္ဍတွေကို ဦးစားပေးပြီးလုပ်မယ်၊ ဘယ်ကဏ္ဍတွေကိုတော့ ဆက်ပြီးထိန်းထားမယ်၊ ဘယ်လောက်အတိုင်းအတာအထိ ထိန်းချုပ်မယ်ဆိုတဲ့ ဦးစားပေးအစီအစဉ်တွေ ချမှတ်ဖို့လိုပါတယ်။**

**နိုင်ငံပိုင်လုပ်ငန်း**

မြန်မာနိုင်ငံမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ပေါ်ပေါက်ခဲ့တဲ့ ကာလနှစ်ခုကိုကြည့်ရင် ပထမကာလဖြစ်တဲ့ ပါလီမန်ဒီမိုကရေစီခေတ်ဟာ ၁၉၃၀ ပြည့်နှစ် မဟာစီးပွားပျက်ကပ် (Great Depression) နဲ့ ရေနံပြဿနာ (Oil Shock) ကြောင့် ကမ္ဘာ့စီးပွားရေးယိုယွင်းတဲ့အချိန်၊ ဈေးကွက်စီးပွားရေးအပေါ် ယုံကြည်မှုပျက်ပြားတဲ့အချိန်၊ ဈေးကွက်အတွင်းမှာ အစိုးရပါဝင်ပတ်သက်ဖို့လိုအပ်တယ်ဆိုတဲ့ John Maynand Keynes ရဲ့ သီအိုရီရေပန်းစားတဲ့အချိန်၊ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံအများစုမှာ စစ်ဒဏ်ကြောင့်ပုဂ္ဂလိကလုပ်ငန်းတွေ နာလန်မထူနိုင်တဲ့အချိန်စတဲ့ အချိန်များနဲ့ ကြုံကြိုက်တိုက်ဆိုင်နေတာတွေ့ရမှာဖြစ်ပါတယ်။ အရင်းရှင်နိုင်ငံများရဲ့ ဘုရင်ဖြစ်တဲ့ အင်္ဂလန်မှာတောင် နိုင်ငံပိုင်လုပ်ငန်းတွေ ထူထောင်နေတဲ့အချိန်ကိုး။

၁၉၇၀ ခုနှစ် နောက်ပိုင်းနှစ်များကစပြီး ကမ္ဘာမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုအားနည်းချက်တွေအပေါ် ကျယ်ကျယ်လောင်လောင်ဝေဖန်လာကြပါတော့တယ်။ ဒီလိုဝေဖန်မှုတွေနဲ့အတူ သက်ဆိုင်ရာအစိုးရများကလည်း နိုင်ငံပိုင်လုပ်ငန်းတွေရဲ့ စွမ်းဆောင်ရည်တိုးတက်ဖို့ ကြိုးပမ်းမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း မှန်သလောက် အရာမထင်တဲ့အတွက် ၁၉၈၀နဲ့ ၁၉၉၀ ခုနှစ်ကြားမှာ ပြုပြင်ပြောင်းလဲရေးကို ဦးတည်ကြရာမှာ Privatization ဟာ အဓိကလုပ်ငန်းစဉ် ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာတော့ ဆိုရှယ်လစ်ခေတ်ကောင်းတုန်းကာလဖြစ်တဲ့အတွက် နိုင်ငံပိုင်အခန်းကဏ္ဍဟာ အရှိန်အဟုန်နဲ့ ကြီးထွားနေဆဲဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးကို အချိန်မီထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့တဲ့အခါမှာ "ကိုယ့်ဟာကိုယ် မပြောင်းလဲရင် သူများပြောင်းလဲပေးတာခံရမယ်" (If you do not change yourself, you will be changed by others) ဆိုတဲ့ သဘောတရားအတိုင်း ဖြစ်လာခဲ့ရတာ အားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်လို့ ရှည်ရှည်ဝေးဝေးမပြောလိုတော့ပါဘူး။ ဘယ်လိုပြောင်းလဲကြမလဲဆိုတာ ဆက်ပြီးဆွေးနွေးကြရအောင်။

**လိုက်လျောညီထွေ**

နိုင်ငံပိုင်လုပ်ငန်းတွေကို Privatization ပြုလုပ်တဲ့အခါမှာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို ဦးတည်တဲ့ ရှင်းလင်းပြတ်သားတဲ့ မူဝါဒချမှတ်ရေးဟာ အဓိကကျပါတယ်။ ဒီမူဝါဒဟာ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ မူဝါဒအသီးသီးနဲ့ လိုက်လျောညီထွေဖြစ်ဖို့လိုပါတယ်။ သဘောကတော့ နိုင်ငံရဲ့ လက်ရှိအခြေအနေပေါ်မှာ မူတည်ပြီး ဘယ်ကဏ္ဍတွေကို ဦးစားပေးပြီးလုပ်မယ်၊ ဘယ်ကဏ္ဍတွေကိုတော့ ဆက်ပြီးထိန်းထားမယ်၊ ဘယ်လောက်အတိုင်းအတာအထိ ထိန်းချုပ်မယ်ဆိုတဲ့ ဦးစားပေးအစီအစဉ်တွေချမှတ်ဖို့လိုပါတယ်။

နောက်တစ်ခုကတော့ တိကျရှင်းလင်းပြီး ထင်သာမြင်သာရှိတဲ့ ရည်မှန်းချက်တွေထားဖို့ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ Privatization လုပ်ငန်းစဉ် အောင်မြင်ဖို့လိုအပ်တဲ့ ဥပဒေမူဘောင် စည်းမျဉ်းများနဲ့ လုပ်ထုံးလုပ်နည်းတွေလည်း ရေးဆွဲချမှတ်ရပါမယ်။ အရေးအကြီးဆုံးအချက်က Privatization လုပ်ငန်းစဉ်အပေါ်မှာ နိုင်ငံတော်အစိုးရက ပြင်းပြတဲ့ခံယူချက်ထားရှိဖို့ဖြစ်ပါတယ်။ ဇူလိုင် ၂၉ ရက်မှာ အစိုးရက ထုတ်ပြန်ခဲ့တဲ့ စီးပွားရေးမူဝါဒအရ ဒီအချက်ဟာ အငြင်းပွားစရာမရှိတော့ဘူးလို့ ပြောရမယ်ထင်ပါတယ်။

**နိုင်ငံတော်က ထိန်းချုပ်လုပ်ကိုင်**

နိုင်ငံတကာမှာ နိုင်ငံပိုင်ကဏ္ဍကို Privatize လုပ်တဲ့အခါမှာ နည်းလမ်းအမျိုးမျိုးသုံးကြပါတယ်။ ဒီနည်းလမ်းတွေထဲကနေ သင့်လျော်တဲ့နည်းလမ်းကို ရွေးချယ်တဲ့အခါမှာလည်း ဦးစားပေးအစီအစဉ်နဲ့ ချိတ်ဆက်ပြီး စဉ်းစားသုံးသပ်ကြပါတယ်။ ယေဘုယျအားဖြင့်ဆိုရင် ပုဂ္ဂလိကကိုလွှဲပြောင်းလိုက်တဲ့အတွက် ဈေးကွက်အတွင်းမှာ ကမောက်ကမဖြစ်သွားနိုင်တဲ့ လုပ်ငန်းမျိုး၊ ငွေကြေးအရင်းအနှီးများများ နှစ်ရှည်မြှုပ်နှံပြီးမှ အမြတ်ရမယ့်လုပ်ငန်းမျိုး၊ နိုင်ငံရဲ့အခြားကဏ္ဍတွေ ဖွံ့ဖြိုးအောင်ထောက်ကူပေးရမယ့် လုပ်ငန်းမျိုးနဲ့ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေ သက်သာစွာဝယ်ယူသုံးစွဲနိုင်အောင် စီမံပေးရမယ့် လုပ်ငန်းမျိုးတွေဆိုရင် နိုင်ငံတော်က ထိန်းချုပ်လုပ်ကိုင်ကြတာတွေ့ရပါတယ်။

တစ်ခါတလေကြတော့ လုပ်ငန်းတစ်ခုကို ပိုမိုထိရောက်အောင်မြင်ဖို့အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ဖို့ လိုအပ်နေတယ်။ ဒါပေမယ့် အထက်မှာပြောခဲ့တဲ့ အကြောင်းတစ်ခုခုကြောင့် နိုင်ငံတော်က ထိန်းချုပ်ဖို့လည်း လိုအပ်တယ်။ ဒီလိုအနေအထားမှာ Privatization လုပ်တဲ့ နည်းလမ်းတွေထဲက အရေးပါတဲ့ရွေးချယ်မှုကို လုပ်ဆောင်လာကြရပါတော့တယ်။

ဒီတော့ နိုင်ငံတကာအတွေ့အကြုံများအရ Privatization လုပ်တဲ့နည်းလမ်းတွေကိုကြည့်ရင် ပုဂ္ဂလိကကို အပြီးအပိုင်ရောင်းချတာက အမြင့်ဆုံးအဆင့်ဖြစ်ပြီး အဲဒီအောက်မှာတော့ ငှားရမ်းတာ၊ ဖက်စပ်လုပ်တာ၊ ပိုင်ဆိုင်မှုကို ထိန်းထားပြီး စီမံခန့်ခွဲမှုကိုလွှဲပေးတာ၊ ကုမ္ပဏီအသွင်ပြောင်းဖွဲ့စည်းတာစသဖြင့် အမျိုးမျိုးသောနည်းလမ်းတွေကို သုံးကြတာတွေ့ရှိရပါတယ်။

**အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား**

နိုင်ငံတကာမှာ လုပ်ဆောင်နေကြတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို လေ့လာကြည့်ရာမှာ အမေရိကန်နိုင်ငံမှာ ဖယ်ဒရယ်အစိုးရတွေဟာ နိုင်ငံပိုင်စီးပွားရေးကော်ပိုရေးရှင်းများစွာ လုပ်ကိုင်နေကြတာ၊ ဂျပန်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းအချို့ကို နိုင်ငံတော်က အားလုံးပိုင်ဆိုင်မှုနဲ့လုပ်ကိုင်တာ၊ တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်မှုနဲ့ပါဝင်လုပ်ဆောင်နေတာ၊ အိန္ဒိယနိုင်ငံမှာလည်း သီးသန့်ကုန်စည်တွေသတ်မှတ်ပြီး ကုန်သွယ်မှုလုပ်ငန်းတွေ ဆောင်ရွက်နေတာတွေအပြင် မလေးရှားနိုင်ငံမှာလည်း နိုင်ငံပိုင်ကုန်သွယ်မှုလုပ်ငန်းတွေ လုပ်ဆောင်နေကြတာကို တွေ့ရှိရပါတယ်။

ဒါ့အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေက နိုင်ငံရဲ့စီးပွားရေးတွေမှာ ထိပ်တန်းကနေပါဝင်ပြီး လုပ်ဆောင်နေကြတဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဆော်ဒီအာရေးဗီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ ဘရာဇီး၊ တရုတ်နဲ့ ရုရှားနိုင်ငံတွေကိုကြည့်ရင် အဲဒီနိုင်ငံများအလိုက် နိုင်ငံပိုင်လုပ်ငန်းများဟာ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၂၀ ရာခိုင်နှုန်းကျော်မှာ ပါဝင်လုပ်ဆောင်နေတာကိုလည်း လေ့လာသိရှိရပါတယ်။

**ရင်းနှီးမြှုပ်နှံမှုဥပဒေ**

တချို့လုပ်ငန်းတွေကြတော့ နိုင်ငံပိုင်အဖြစ်လည်း အကျိုးမရှိ၊ ပုဂ္ဂလိကအနေနဲ့လည်း မလုပ်နိုင်တဲ့ အနေအထားမှာတော့ နောက်ဆုံးမှာ ဖျက်သိမ်းလိုက်တာမျိုးလည်းရှိပါတယ်။ ဘယ်လိုနည်းလမ်းကို သုံးစွဲတာပဲဖြစ်ဖြစ် ခိုင်မာတဲ့ဥပဒေမူဘောင်ရှိထားပြီး အဲဒီမူဘောင်အတွင်းမှာ ထိရောက်စွာဆောင်ရွက်ဖို့လိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် ပြီးခဲ့တဲ့အစိုးရလက်ထက်ကတည်းက ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ကုမ္ပဏီဥပဒေတွေ အသစ်ပြဋ္ဌာန်းဖို့ စီမံဆောင်ရွက်ခဲ့ပြီး လက်ရှိလွှတ်တော်မှာလည်း ဆွေးနွေးနေကြပြီဖြစ်လို့ မကြာမီထုတ်ပြန်ပြဋ္ဌာန်းနိုင်မယ်လို့ခန့်မှန်းရပါတယ်။ ဒါကြောင့် မဝေးတော့တဲ့ ကာလအတွင်းမှာ ထိရောက်တဲ့ Privatization ကို ဆောင်ရွက်နိုင်တော့မယ်လို့ မျှော်လင့်ရပါတယ်။

ရှေ့ပိုင်းမှာ တင်ပြခဲ့သလို လက်ရှိမြန်မာနိုင်ငံမှာ ထုတ်ဝေနေတဲ့ နိုင်ငံပိုင်သတင်းစာတွေဟာ မူလပုဂ္ဂလိကပိုင်သတင်းစာကနေ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံပိုင်အဖြစ် ကူးပြောင်းလာခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်လာတဲ့အခါမှာ ပုဂ္ဂလိကကဏ္ဍအနေနဲ့ မီဒီယာဝန်ဆောင်မှုလုပ်ငန်းတွေကို လွတ်လပ်စွာလုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ ဒီတော့ ဈေးကွက်အတွင်းမှာ လိုက်လျောညီထွေဖြစ်ဖို့ဆိုရင် နိုင်ငံပိုင်သတင်းစာတွေကိုလည်း ပြုပြင်ပြောင်းလဲရမယ်လို့ ထင်ပါတယ်။

**သီအိုရီနှစ်ခု**

သတင်းစာအပါအဝင် မီဒီယာပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ ကမ္ဘာ့ဘဏ်နဲ့ ဟားဗတ်တက္ကသိုလ်တို့ ပူးပေါင်းပြီး သုတေသနပြုရာမှာ သီအိုရီနှစ်ခုကို စဉ်းစားခဲ့ကြပါတယ်။ ပထမသီအိုရီကတော့ ပြည်သူ့အကျိုးစီးပွားကို အခြေခံတဲ့ သီအိုရီ (Public Interest Theory) ဖြစ်ပါတယ်။ ဒီသီအိုရီအရ မီဒီယာကို နိုင်ငံတော်က ပိုင်သင့်တယ်လို့ ဆိုပါတယ်။ ဒီအကြောင်းရဲ့ ပထမအချက်က သတင်းအချက်အလက်ဆိုတာ အများပြည်သူနဲ့ဆိုင်တဲ့ ကုန်ပစ္စည်းတစ်ခုဖြစ်လို့ပါ။

**စာမျက်နှာ ၇ သို့**

# လာနီညာကြောင့် ရေကြီးတာရယ်၊ မုန်တိုင်းရယ်၊ ဖျက်မိုးရယ်က ဒီနှစ်မိုးလွန်ကာလမှာ သတိထားရမယ့်အချက်တွေပဲ

**ဒေါက်တာထွန်းလွင်**

**ရန်ကုန် ဩဂုတ် ၁၃**
မြန်မာနိုင်ငံ၌ယခုနှစ်နွေရာသီတွင် ပူပြင်းမှုစံချိန်တင်ခဲ့သည့် အယ်နီညိုရာသီဥတု၏ ဖောက်ပြန်သောဖြစ်စဉ်ကြုံတွေ့ခဲ့ရသည်။ အယ်နီညိုဖြစ်စဉ်ပြီးဆုံးသွားပြီးနောက် လာနီညာဖြစ်စဉ်ကို လာမည့်အောက်တိုဘာလမှစ၍ တဖြည်းဖြည်းကူးပြောင်းတော့မည်ဖြစ်ကာ ၂၀၁၇ ခုနှစ် ဇွန်လခန့်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

လာနီညာဖြစ်စဉ်တွင် အအေးပိုခြင်း၊ မိုးလွန်ကာလများ၌ မိုးများခြင်းအပြင် မုန်တိုင်းအန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်သတိထားသင့်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က တိုက်တွန်းထားသည်။ အဆိုပါလာနီညာဖြစ်စဉ်နှင့်ပတ်သက်သည့် သတိထားရမည့်အချက်များကို ဒေါက်တာထွန်းလွင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ မြန်မာနိုင်ငံမှာ အယ်နီညိုကနေ လာနီညာဖြစ်စဉ်ကို ဘယ်အချိန်မှာ ကူးပြောင်းမှာပါလဲ။**

ဖြေ။ အယ်နီညိုက ၂၀၁၅ ခုနှစ် ဇွန်လကစပြီးတော့ ဖြစ်တာ အခု ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ပြီးသွားပြီ။ လက်ရှိအခြေအနေက ပစိဖိတ်သမုဒ္ဒရာမှာ အယ်နီညိုမရှိတော့ဘူး။ ဒါပေမယ့် လာနီညာလည်း မဖြစ်သေးဘူး။ ဒါ့ကြောင့် ဒီကာလက ကြားနေကာလခေါ်တယ်။ အဲဒီတော့ ဒီကာလကစပြီး အောက်တိုဘာလအတွင်း လာနီညာဖြစ်စဉ်ကို တဖြည်းဖြည်းချင်း ကူးပြောင်းနေတယ်။ နောက်နှစ် ၂၀၁၇ ခုနှစ် ဇွန်လလောက်မှာ ပြီးလိမ့်မယ်လို့ခန့်မှန်းထားတယ်။

**မေး။ လာနီညာဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံမှာဘယ်လိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်ပေါ်နိုင်ပါသလဲ။**

ဖြေ။ လာနီညာလည်းဖြစ်လာမယ်၊ အားလည်းကောင်းမယ်ဆိုရင်ပေါ့။ ဖြစ်တော့ဖြစ်တယ် အားကသိပ်မကောင်းတာတို့၊ အသင့်အတင့်တို့ စသဖြင့်လျော့သွားမယ်ဆိုရင်လည်း အဖြေက နည်းနည်းတော့ ပြောင်းသွားနိုင်တယ်။ ဒါပေမယ့်ဖြစ်တတ်တဲ့သဘာဝအဆိုးဆုံးကို မြင်ကြည့်မယ်ဆိုရင် အကယ်၍အားကောင်းတဲ့ လာနီညာဖြစ်ခဲ့ရင် မြန်မာနိုင်ငံမှာ ကိုးလတာအတွင်း ဘယ်ရာသီဥတုတွေသွားအကျုံးဝင်မလဲဆိုတာ ပထမဆုံးကြည့်ရမယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာက မိုးလွန်ကာလဖြစ်တယ်။ ဒီကာလမှာ လာနီညာရဲ့အကျိုးသက်ရောက်မှုရှိမယ်။


ဒေါက်တာထွန်းလွင်

ဒီဇင်ဘာလကနေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ ဆောင်းရာသီမှာလည်း လာနီညာဆောင်းဖြစ်တဲ့အတွက် ထူးခြားမှုရှိမယ်။ မတ်၊ ဧပြီ နွေရာသီမှာလည်း လာနီညာနွေရာသီ ဖြစ်တဲ့အတွက် အနည်းငယ်အပြောင်းအလဲရှိမယ်။ နောက်မေလကျတော့ လာနီညာမိုးကြိုဖြစ်တဲ့အတွက် အရေးအကြီးဆုံးက အဲဒီမိုးကြိုရာသီပဲ။ ဇွန်လက မိုးဦးရာသီဟာ လာနီညာမိုးဦးရာသီဖြစ်တာကြောင့် မိုးရွာသွန်းမှုမှာ အပြောင်းအလဲရှိမယ်။

**မေး။ မိုးလွန်ကာလမှာ လာနီညာဖြစ်တဲ့အတွက် ဘာတွေများဖြစ်လာနိုင်မလဲ။**

ဖြေ။ ယေဘုယျအားဖြင့် လာနီညာရာသီဥတုက မြန်မာပြည်ကို အေးပြီးစွတ်စိုစေတယ်။ အပူချိန်ကို လျော့စေတယ်၊ မိုးကိုတိုးစေတယ်။ နောက်ပြီး ဂျပန်ကပညာရှင်တွေရဲ့လေ့လာချက်အရ လာနီညာရာသီဥတုက မြန်မာပြည်ကို မုန်တိုင်းဝင်စေတယ်။ မိုးလွန်ကာလမှာ လာနီညာကြောင့်သတိထားရမယ့်အချက် သုံးချက်ရှိပါတယ်။

ပထမအချက်က မြန်မာပြည်မှာ နှစ်စဉ်ရေကြီးကာလက သုံးကြိမ်ရှိတယ်။ ပထမအကြိမ်က ဇွန်လ၊ နောက်အခုဖြစ်နေတဲ့ ဇူလိုင်လနဲ့ ဩဂုတ်လ၊ ပြီးရင် စက်တင်ဘာလနဲ့ အောက်တိုဘာလတွေက တတိယရေကြီးကာလဖြစ်တယ်။ အဲဒီတတိယရေကြီးကာလရဲ့ ဒုတိယလက လာနီညာဖြစ်တဲ့ လဖြစ်သွားပြီ။ ဒါကြောင့် အပူလျော့ပြီး မိုးကိုတိုးစေတယ်။ မိုးရွာမှုကိုအားပေးတာကြောင့် ရေကြီးမှုကို သတိထားရတယ်။

ဒုတိယအချက်ကတော့ အောက်တိုဘာလမှာ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေစုပြီးဖြစ်တတ်တယ်။ ၂၀၀၆ ခုနှစ်ကစပြီး ၂၀၁၅ ခုနှစ်အထိ ၁၀ နှစ်အတွင်းမှာ မိုးလွန်ကာလဖြစ်တဲ့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ တစ်နှစ်တစ်နှစ်ကို ပျမ်းမျှအားဖြင့် မုန်တိုင်းက အတိအကျပြောရင် ၃ ဒသမ ၂ ခု ရှိတယ်။ ဒါက မုန်တိုင်းအနည်းဆုံး သုံးခုနဲ့၊ အများဆုံးက ငါးခုဖြစ်တယ်။ ဒီနှစ်က လာနီညာမိုးလွန်ဖြစ်တဲ့အတွက် မုန်တိုင်းဖြစ်ပေါ်မှု ပိုလာနိုင်တယ်။ ဒါဆို မြန်မာပြည်အတွက် ပြဿနာနှစ်ရပ်ရှိတယ်။ ပထမက မိုးလွန်ကာလဖြစ်တတ်တဲ့ မုန်တိုင်းတွေက မြန်မာနိုင်ငံကို ဝင်တတ်တဲ့အတွက် မုန်တိုင်းအန္တရာယ်ကို ပိုပြီး သတိထားရမယ်။ နောက်တစ်ချက်က ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေဖြစ်ရင် မြန်မာပြည်ကို မဝင်သည့်တိုင်အောင် မိုးရွာတာကတော့သေချာတယ်။ ဒါပေမယ့် ရွာတဲ့ကာလကမှားနေတယ်။ ဒီအခါ လယ်သမားတွေအတွက် ဖျက်မိုးဖြစ်တာပေါ့။ ဒါကြောင့် ဖျက်မိုးအန္တရာယ်ကို သတိထားရမယ်။ ဒီတော့ ရေကြီးတာရယ်၊ မုန်တိုင်းရယ်၊ ဖျက်မိုးရယ်က ဒီနှစ်မိုးလွန်ကာလမှာ လာနီညာကြောင့် သတိထားရမယ့်အချက်တွေပဲ။

ဆောင်းရာသီရောက်သွားတော့ ၂၀၁၆ ဒီဇင်ဘာကနေ ၂၀၁၇ ဇန်နဝါရီ၊ ဖေဖော်ဝါရီအထိ လာနီညာဆောင်းကြောင့် အအေးပိုနိုင်တယ်။ အအေးလှိုင်းဒဏ်ကို ရှမ်းပြည်နယ်မှာ အထူးသတိထားရမယ်။ နွေရာသီလာနီညာကတော့ နည်းနည်းတော့ အပူလျော့နိုင်တာပေါ့။ အရေးအကြီးဆုံးက မေလပဲဖြစ်တယ်၊ ဒါက မိုးကြိုရာသီဖြစ်သွားတယ်။

မြန်မာပြည်မှာ မိုးကြိုရာသီမှာဖြစ်တတ်တဲ့ ရာသီဥတုက သုံးမျိုးရှိတယ်။ တစ်မျိုးက မိုးတိမ်တောင်ဖြစ်တာရယ်၊ မုန်တိုင်းဖြစ်တာရယ်၊ မုတ်သုံဝင်တာရယ် ဒီသုံးမျိုးက လာနီညာကြောင့် အပြောင်းအလဲဖြစ်နိုင်တယ်။ မိုးတိမ်တောင်တွေ အဖြစ်များမယ်ဆိုရင် မိုးကြိုးပစ်တာတွေ၊ လေပြင်းတိုက်တာတွေ၊ နေရာကွက်မိုးကြီးတာတို့၊ လျှပ်တစ်ပြက်ရေကြီးတာတို့ ဒါတွေကို တော်တော်သတိထားဖို့လိုလာတယ်။ မိုးကြိုးပစ်တဲ့အတွက် သေဆုံးသူအရေအတွက်က နှစ်စဉ် များနေတယ်။ အချို့နှစ်တွေမှာ ၁၀၀ ကျော်အထိရှိတယ်။ အထူးသဖြင့် တောင်သူလယ်သမားတွေဟာ မေလဆိုရင် လုပ်ငန်းခွင်ကိုစဝင်ကြပြီ။ ဒီအချိန်မှာ မိုးတိမ်တောင်တွေဖြစ်ပြီး မိုးကြိုးပစ်ရင် အများဆုံးသေတာက တောင်သူလယ်သမားတွေဖြစ်တယ်။ ဒါကို သတိထားရမယ်။ နောက် ၂၀၁၇ မေလက လာနီညာရာသီဥတုဖြစ်မယ်ဆိုတော့ မုန်တိုင်းဝင်ဖို့ ပိုပြီးအလားအလာများသွားနိုင်တယ်။ ဒီနေရာမှာတွက်ချက်မှုအရ တွေ့ရတဲ့အချက်တစ်ခုက နည်းနည်းစိတ်ဝင်စားစရာကောင်းနေတယ်။ ဒါကတော့ မြန်မာနိုင်ငံရဲ့မုန်တိုင်းသမိုင်းမှာ မြစ်ဝကျွန်းပေါ်ဒေသကို မုန်တိုင်းဝင်ဖူးတာ နှစ်ကြိမ်ပဲရှိတယ်။ တစ်ကြိမ်က ၁၉၇၅ ခုနှစ်၊ နောက်တစ်ကြိမ်က ၂၀၀၈ ခုနှစ်ပေါ့။ ကျန်တဲ့အကြိမ်အားလုံးက ရခိုင်ကို ဝင်တာများတယ်။ ဒီ နှစ်နှစ်လုံးက လာနီညာနှစ်တွေဖြစ်တာကြောင့် သတိထားဖို့ပြောချင်တယ်။ မုတ်သုံဝင်တာကတော့ နောက်ကျမှာပဲ။ ဒါကို အကြမ်းဖျင်းတွက်ကြည့်ရပါတယ်။ နောက်တစ်ခါ ဇွန်လက မိုးဦးရာသီဖြစ်သွားတာကြောင့် လာနီညာမိုးဦးရာသီဖြစ်တဲ့အတွက် မုတ်သုံကောင်းမယ်၊ မိုးများမယ်။ ဒါဆို အခုတွေ့နေရတဲ့အတိုင်း ရေဘေးနဲ့ မြေပြိုမှုအန္တရာယ်ကို ဇွန်လမှာသတိထားဖို့လိုတယ်။

**မေး။ ပြည်သူတွေကို လာနီညာဖြစ်စဉ်နဲ့ပတ်သက်ပြီး အသိပေးစကားပြောကြားပေးပါ။**

ဖြေ။ အယ်နီညိုဖြစ်စဉ်နဲ့ လာနီညာဖြစ်စဉ်က ဟိုဘက်ဒီဘက်ပါပဲ၊ မဖြစ်တဲ့ကြားကာလလည်း ရှိတယ်။ အရင်တုန်းက ခုနစ်နှစ်ကို တစ်ကြိမ်လောက်ဖြစ်တယ်။ ခုတော့ပိုပြီး စိပ်လာတယ်။ သုံးနှစ်တစ်ကြိမ် လောက်ဖြစ်လာတယ်။တစ်အချက်အနေနဲ့ လာမယ့်နှစ်မှာ လာနီညာဖြစ်နိုင်တယ်ဆိုတာသိဖို့လိုတယ်။ နှစ်အချက်က လာနီညာဖြစ်ရင် ဘာဖြစ်တတ်လဲဆိုတာ အခုပြောပြတာတွေကိုလေ့လာရမှာဖြစ်တယ်။ သုံးအချက်က အချိန်ကပ်လာတာနဲ့အမျှ အနီးကပ် မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်တွေကိုသတိထားပြီးနေဖို့နဲ့ အထူးသဖြင့် မိုးလွန်မှာ လယ်သမားတွေ အခါလွန်မိုးကို သတိထားဖို့နဲ့ မုန်တိုင်းအန္တရာယ်ကို သတိထားဖို့ပါ။ မိမိတို့လုပ်ငန်းတွေ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ပေါ်မူတည်ပြီး အတိုးအလျှော့လုပ်ဖို့ လိုအပ်သလို ပြင်ဆင်ဖို့လိုတယ်။ အားလုံးပြင်ဆင်ဖို့နဲ့ ကာကွယ်ဖို့အပိုင်းကို ပိုပြီးသတိထားလုပ်စေချင်တယ်။

**အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**သတင်း - မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - မွန်းဦးနဒီ**

---

**စာမျက်နှာ ၆ မှ**

ဒုတိယအချက်ကတော့ အရင်းအနှီးများတဲ့ လုပ်ငန်းမို့ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ နိုင်ငံပိုင်မီဒီယာကသာ ဘက်မလိုက်တဲ့၊ ပိုမိုပြည့်စုံတိကျတဲ့ သတင်းတွေကို အများပြည်သူကို ထိထိရောက်ရောက်ပေးနိုင်တာဖြစ်တယ်လို့ ဆိုပါတယ်။

### ပြည်သူတွေရဲ့ ရွေးချယ်မှု

နောက်သီအိုရီကတော့ ပြည်သူတွေရဲ့ ရွေးချယ်မှုကို အလေးထားတဲ့ သီအိုရီ (Public Choice Theory) ဖြစ်ပါတယ်။ ဒီသီအိုရီရဲ့အဆိုကတော့ အစိုးရပိုင်မီဒီယာတွေဟာ အာဏာရနိုင်ငံရေးပါတီရဲ့ အကြိုက်လိုက်ပြီး သတင်းတွေကို ထုတ်ပြန်မယ်၊ မဲဆန္ဒရှင်တွေကို မဲဆွယ်မယ်၊ ပြည်သူတွေကို အစိုးရစိတ်ကြိုက်ဆုံးဖြတ်အောင် လမ်းပြမယ်၊ ဒီလိုနည်းနဲ့ ဒီမိုကရေစီနဲ့ဈေးကွက်ကို ချုပ်ကိုင်ဖို့ကြိုးစားလိမ့်မယ်လို့ ယူဆကြပါတယ်။ ပုဂ္ဂလိကမီဒီယာများကသာ အယူအဆ၊ အတွေးအမြင်အမျိုးမျိုးနဲ့ ပြည်သူတွေစိတ်ကြိုက်ရွေးချယ်ခွင့်ရှိတဲ့ သတင်းအချက်အလက်တွေကို လွတ်လပ်စွာပေးနိုင်မယ်လို့လည်း သုံးသပ်ထားတယ်။ ဒါကြောင့် မီဒီယာကို ပုဂ္ဂလိကကသာ ပိုင်ဆိုင်သင့်တယ်လို့ ဆိုပါတယ်။

ကျွန်တော့်အမြင်ကို ပြောရရင်တော့ မီဒီယာကို ဘယ်သူပိုင်တယ်ဆိုတာထက် မီဒီယာ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာက ပိုပြီးအရေးကြီးတယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိထုတ်ဝေနေတဲ့ နိုင်ငံပိုင်သတင်းစာတွေကို လေ့လာကြည့်ရင် ခေတ်အဆက်ဆက်မှာ သက်ဆိုင်ရာအစိုးရတွေရဲ့ အာဘော်တွေ၊ မူဝါဒတွေကို ထင်ဟပ်ပေါ်လွင်စေခဲ့တာ တွေ့ရပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် နိုင်ငံပိုင်လုပ်ငန်းဖြစ်နေလို့ပါပဲ။ ဒီလို အစိုးရရဲ့မူဝါဒကို ဦးစားပေးတယ်ဆိုပေမယ့် ဒီသတင်းစာတွေမှာ ဖော်ပြခဲ့တဲ့ သတင်းအချက်အလက်တွေရဲ့ ပြည့်စုံမှန်ကန်မှု၊ တိကျမှု၊ ဂုဏ်သိက္ခာရှိမှုတွေကတော့ ယေဘုယျအားဖြင့် လက်ခံထားတဲ့စံတွေနဲ့ ကိုက်ညီမှုရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ ပုဂ္ဂလိကအမြင်ဖြစ်လို့ အငြင်းပွားစရာ ရှိချင်လည်းရှိမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အစိုးရသစ် အပြောင်းအလဲနဲ့အတူ သိသာထင်ရှားတဲ့ နိုင်ငံပိုင်သတင်းစာတွေရဲ့ အပြင်အဆင်နဲ့ ပြောင်းလဲမှုများက သက်သေပါပဲလို့ ပြောပါရစေ။

### အခြေခံအုတ်မြစ်ချနေဆဲ

ဒီတော့ မြန်မာနိုင်ငံမှာထုတ်ဝေနေတဲ့ နိုင်ငံပိုင်သတင်းစာများရဲ့ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ကြည့်ရင် အများပြည်သူအကျိုးစီးပွားနဲ့ အများပြည်သူ ရွေးချယ်မှုဆိုတဲ့ လိုအပ်ချက်နှစ်ရပ်အပေါ်မှာ မူတည်ပြီးစဉ်းစားဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ သာမန်စီးပွားရေးအဖွဲ့အစည်းတစ်ခု၊ ကုမ္ပဏီတစ်ခုမှာတောင် သူ့ရဲ့ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေကို စားသုံးသူတွေသိအောင်၊ သတိထားမိအောင် အရောင်းမြှင့်တင်ရေး အစီအစဉ်တွေ လုပ်ပေးရတာရှိပါတယ်။ လက်ရှိအခြေအနေအရ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းမှန်ကို ဦးတည်နေတဲ့ အနေအထားမှာသာရှိနေပြီး ရင့်ကျက်ခိုင်မာတဲ့ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းကို တည်ဆောက်ဖို့ အခြေခံအုတ်မြစ်ချနေဆဲကာလလို့ မြင်ပါတယ်။

ဒီလိုအနေအထားမှာ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်မှု မပျက်ပြားစေရေးအတွက် တိကျမှန်ကန်ပြီး ခိုင်လုံတဲ့၊ မျှတပြီး ဘက်မလိုက်တဲ့ သတင်းအချက်အလက်တွေကို ဖြန့်ဝေပေးနိုင်ဖို့ အရေးကြီးပါတယ်။

ပုဂ္ဂလိကသတင်းစာများအနေနဲ့ ဈေးကွက်အတွင်းမှာ ယှဉ်ပြိုင်နိုင်ဖို့၊ သတင်းထူးဖို့၊ သတင်းလက်ဦးဖို့ ကြိုးစားကြရတဲ့အတွက် အကြောင်းအရာတစ်ခုကို အချိန်အကန့်အသတ်အတွင်းမှာ သတင်းအဖြစ်ဖော်ပြနိုင်အောင် လုပ်ကြရပါတယ်။ ဒါကြောင့် မှန်ကန်ပေမယ့် တိကျဖို့လိုအပ်တာ၊ ခိုင်လုံပေမယ့် ပြည့်စုံဖို့လိုအပ်တာ တွေ့ရပါတယ်။ ကျွန်တော့်အတွေ့အကြုံအရပြောရရင် သတင်းတစ်ခုကို လူမှုကွန်ရက်ကဖြစ်စေ၊ ပုဂ္ဂလိက မီဒီယာကဖြစ်စေ အရင်ဆုံးသိရှိပြီးဖြစ်ပေမယ့် နိုင်ငံပိုင်သတင်းစာမှာ ဖော်ပြတဲ့အခါမှသာ အတည်ပြုနိုင်ခဲ့ပါတယ်။

နောက်ထပ်အရေးကြီးတဲ့အချက်ကတော့ နိုင်ငံပိုင်သတင်းစာများဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရအတွက် သာမဟုတ်ဘဲ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်များကိုလည်း အထောက်အကူပေးနေတာဖြစ်ပါတယ်။ သာဓကအားဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းမယ့် ဥပဒေကြမ်းတွေကို အများပြည်သူတွေလေ့လာသိရှိပြီး ဝေဖန်အကြံပြုနိုင်အောင် ထုတ်ပြန်နိုင်တာ၊ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း အများပြည်သူတွေသိရှိအောင် ထုတ်ပြန်တာ။ ဒါတွေအားလုံးကို နိုင်ငံပိုင်သတင်းစာများကသာ ထည့်သွင်းဖော်ပြပေးနေတာဖြစ်ပါတယ်။ ပုဂ္ဂလိကသတင်းစာများကတော့ သတင်းအဖြစ်သာ ဖော်ပြချင်ဖော်ပြမယ်။ ဥပဒေကြမ်းတွေ၊ ဥပဒေတွေကို အပြည့်အစုံဖော်ပြပေးတာ မတွေ့ရသေးပါဘူး။ တကယ်တမ်းပြောရရင် ဒီအချက်ဟာ သိပ်အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးရင် နိုင်ငံအတွင်းမှာရှိတဲ့ လူညီးနေလေ့အောင်း မြင်းဇောင်းမကျန် အသိပေးကြေညာတာကို မဖြစ်မနေလုပ်ရတာဖြစ်လို့ပါ။ ဒါမှသာ **"ဥပဒေကို မသိလို့ ကျူးလွန်မိပါတယ်"** ဆိုတဲ့ ဆင်ခြေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ ဥပဒေသဘောအရ "Ignorance of law is no excuse"လို့ ဆိုတာကိုး။

### အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း

ဒါကြောင့် မီဒီယာဆိုတဲ့အတိုင်း ဘယ်ဘက်မှမလိုက်ဘဲ မျှမျှတတရပ်တည်ဖို့ ဦးစားပေးမယ်ဆိုရင် နိုင်ငံပိုင်သတင်းစာတွေကို လက်ရှိပြည်ထောင်စုရန်ပုံငွေစနစ်ထဲကနေဆွဲထုတ်ပြီး ကိုယ်ပိုင်ရန်ပုံငွေနဲ့ ရပ်တည်လည်ပတ်တဲ့ ပုံစံကိုပြောင်းဖို့၊ Corporatization လုပ်ဖို့ လိုအပ်တယ်လို့ထင်ပါတယ်။ အဲဒီလို Corporate Structure ကို ပြောင်းပြီးတဲ့အခါမှာ လက်ရှိနိုင်ငံပိုင် သတင်းစာများဟာ ပိုင်ဆိုင်မှုအရ နိုင်ငံပိုင် (State Holding) ဖြစ်ပေမယ့် စီမံခန့်ခွဲမှုအနေနဲ့ ပုဂ္ဂလိကအသွင် ပြောင်းလဲပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒီလိုပေါ်ပေါက်လာခဲ့ရင် လက်ငင်းအကျိုးကတော့ ရင်းနှီးမြှုပ်နှံမှုတွေတိုးမြှင့်ပြီး သတင်းစာလုပ်ငန်းကို လက်ရှိအခြေအနေထက် တိုးချဲ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စောင်ရေတွေတိုးလာမယ်၊ Economy of Scale ဆိုတဲ့ သဘောတရားနဲ့အညီ ကုန်ကျစရိတ်တွေလျော့လာမယ်။ ကုန်ကျစရိတ်လျော့တာနဲ့အမျှ သတင်းစာဈေးနှုန်းလျှော့ပေးရင် ပြည်သူတွေ သက်သက်သာသာနဲ့ ဝယ်ယူဖတ်ရှုနိုင်မယ်။ ဝန်ထမ်းတွေရဲ့လစာတွေ တိုးပေးနိုင်မယ်။ ကြော်ငြာအပေါ်မှီခိုရမှုကို တဖြည်းဖြည်းလျှော့ချနိုင်ခြင်းအားဖြင့် ကြော်ငြာဈေးကွက်ဟာ ပုဂ္ဂလိကသတင်းစာတွေဘက်ပြောင်းသွားပြီး ပုဂ္ဂလိကကဏ္ဍကို အထောက်အကူပေးနိုင်မယ်။ ဒီကနေမှတစ်ဆင့် အများပြည်သူတွေရဲ့ ရှယ်ယာတွေပါဝင်နိုင်တဲ့ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းသွားနိုင်ရင် ပိုမိုကောင်းမွန်တဲ့ သတင်းမီဒီယာဝန်ဆောင်မှုတွေကို နိုင်ငံသူ နိုင်ငံသားတွေအားလုံး တိုးတက်ခံစားရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

လက်ရှိအခြေအနေမှာတော့ တခြားကဏ္ဍတွေမှာရှိတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေလိုပဲ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ကျွမ်းကျင်မှုအစရှိတဲ့ အချက်တွေအလိုက် အကန့်အသတ်နဲ့ အတားအဆီးတွေ ကြုံတွေ့နေရဦးမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေရတာဆိုတော့ ဦးစားပေးအစီအစဉ်တွေ ဘယ်လိုသတ်မှတ်ထားတယ်ဆိုတာ မသိနိုင်သေးပါဘူး။ ဒါကြောင့်မို့ နိုင်ငံပိုင်သတင်းစာများကို Corporatization လုပ်ငန်းစဉ်ဖော်ဆောင်ဖို့ အချိန်တစ်ခုတော့ပေးရဦးမယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် မဝေးလှတော့တဲ့ကာလမှာ ဂုဏ်သိက္ခာအရရော၊ အသွေးအရောင် အပြင်အဆင်အရပါ အဆင့်အတန်းမီတဲ့ သတင်းစာပုံစံနဲ့ ပေါ်ထွက်လာမှာကို မျှော်လင့်ချက်နဲ့ ရေးသားလိုက်ပါတယ်။ ။

❍ ❍ ❍

# ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး

❐ ရွှေဖုံးမှ

ယင်းနောက် ငါးသိုင်းချောင်းမြို့ ရေကင်းစခန်းအမှတ်(၂) ဗောဓိကုန်းတာကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာသို့ရောက်ရှိပြီး ငဝန်မြစ်ရေဘေးကာကွယ်ရေးတာ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် အိုင်သပြုကျေးရွာ ကမ်းထိန်းလုပ်ငန်းကို ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံဖြင့် ကာရံရန် စီစဉ်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ငဝန်တာသည် သာပေါင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့ရှိ စိုက်ပျိုးမြေ ၂၁၀၆၇၆ ဧကကို ရေကြီးနစ်မြုပ်မှုမရှိစေရန် ကာကွယ်ပေးထားသည့် တာဖြစ်သည်။

## ထောက်ပံ့ပစ္စည်းများပေးအပ်

ယင်းနောက် ဟင်္သာတမြို့နယ် ဧရာဝတီ-ဟင်္သာတ ရေဘေးကာကွယ်ရေးတာကြံ့ခိုင်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝိဇ္ဇာလင်္ကာရဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ ဟင်္သာတမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ငွေကျပ် ၁၇၃ သိန်းတန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇလွန်မြို့သို့ရောက်ရှိပြီး ညောင်ပင်စျေးသိမ်ကျောင်းကယ်ဆယ်ရေးစခန်း၌ ဇလွန်မြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးကာ ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဓနုဖြူမြို့နယ်ရှိ မရမ်းချောင်းတာနှင့် ဧရာဝတီ-ဟင်္သာတ တစ်ဖက်ကမ်း တာပြုပြင်ထားမှုကိုလည်းကောင်း၊ ဓနုဖြူမြို့ အမှတ်(၂)ရပ်ကွက် မြို့တွင်းတာ ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာပြုပြင်မှုတွင် ဝိုင်းဝန်းဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ဓနုဖြူမြို့ ကျိုက္ကလွန်ပွန်းစေတီတော်ဓမ္မာရုံ၌ ဓနုဖြူမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ငွေကျပ် ၃၀၃၇၈၄၇၇ တန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ညောင်တုန်းမြို့ တာကြံ့ခိုင်ရေးပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုက်သစ်ဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ ညောင်တုန်းမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ဆန်အိတ် ၁၇၀ နှင့် ငွေကျပ် ၉၅ သိန်းကျော်တန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဓနုဖြူမြို့ ကျိုက္ကလွန်ပွန်းစေတီတော်ဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

## ကြိုတင်ပြင်ဆင်ရမည်

အဆိုပါမြို့နယ်များမှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံစဉ် ဒုတိယသမ္မတက ယခုလာရောက်ရခြင်းမှာ လက်ရှိမြေပြင်အနေအထားကိုကြည့်ရှုပြီး လိုအပ်သောကူညီမှုများ ထပ်မံဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များ သိရှိနိုင်ရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုများ နှစ်စဉ်ဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက် အလေးထားစဉ်းစား၍ အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

## ကယ်ဆယ်ရေးစခန်း ၆၈၀ ကျော်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၁၉ မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အိမ်ထောင်စု ၁၂၀၀၀၀ ကျော် ရေဘေးသင့်ခဲ့သည်။ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ၆၈၀ ကျော်ဖွင့်လှစ်၍ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကူညီကယ်ဆယ်ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေစဉ်။ (မသစ)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေဘေးပြန်လည်ထူထောင်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။ (မသစ)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေဘေးကာကွယ်ရေးအတွက် တာဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။ (မသစ)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ပေးနေစဉ်။(မသစ)

# ညောင်တုန်းမြို့နယ်အတွင်း ရေဘေးရှောင်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေး

**ညောင်တုန်း ဩဂုတ် ၁၃**

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သော်ဇင်ဦး ဦးစီးသော အမှတ်(၆) မြေပြင်ဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ညောင်တုန်းမြို့ သာသနာလင်္ကာရကျောင်းကြီး ကျောင်းတိုက်နှင့် ဝေဠုဝန်ကျောင်းတိုက်ရှိ ရေဘေးရှောင်ပြည်သူများအား အခမဲ့လာရောက်ဆေးကုသပေးလျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် ဩဂုတ် ၁၂ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ညောင်တုန်းမြို့နယ်အတွင်း ရေကြီးရေလျှံနေသော ကျေးရွာများနှင့် အခြားရေဘေးရှောင်စခန်းများသို့ ဩဂုတ် ၉ ရက်မှ စတင်ပြီး ဆေးဝါးများ အခမဲ့လိုက်လံကုသပေးသည်။ ဩဂုတ် ၉ ရက်မှ ယနေ့အထိ ရေဘေးရှောင်စခန်းများဖြစ်သည့် အလယ်ချောင်းကျေးရွာအုပ်စု၊ ကြက်တူရွေးတောင်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ဘားလင်း၊ ညောင်တုန်းမြို့ပေါ်ရှိ တိုက်သစ်ကျောင်း၊ ကျောင်းကြီးကျောင်းတိုက်နှင့် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းတိုက်စခန်းများရှိ ရေဘေးရှောင်ပြည်သူ ၅၀၀ ကျော်တို့အား ကုသပေးပြီးဖြစ်သည်။ အဆိုပါပြည်သူများတွင် တွေ့ရှိရသည့်ရောဂါများသည် သွေးတိုး၊ ဖျားနာ၊ အရေပြားနှင့် ဝမ်းကိုက်ဝမ်းလျှောရောဂါများဖြစ်ကြောင်း သိရသည်။

(ဝ၇၆)



# သထုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၁၃၉/၃-၄)ကြားတွင် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ရေတစ်ပေခွဲခန့် ကျော်နေသဖြင့် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းဦးစီးတပ်ဖွဲ့ဝင် ခြောက်ဦးက ယာဉ်များသွားလာမှု လွယ်ကူစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ သထုံမြို့ ကျိုက္ကော်ရပ်ကွက်ဈေးအတွင်း၌ ရေ တစ်ပေခန့် ဝင်ရောက်နေသဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်စောယုလှိုင် ဦးစီးသောတပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှဝန်ထမ်း ၁၀ ဦးတို့က ဈေးအတွင်းရှိ ပစ္စည်းများအား ရေလွတ်ရာနေရာများသို့ ကူညီသယ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)



# ရေဘေးကာကွယ်ရေး လုပ်အားပေးများအား သွားရောက်လှူဒါန်း

**ညောင်တုန်း ဩဂုတ် ၁၃**

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့နယ်အတွင်း အချို့ကျေးရွာအုပ်စုအတွင်းရှိ ဆည်မြောင်းတာတမံများ ရေလျှံခြင်း၊ တာအိခြင်းနှင့် ရေပေါက်ပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အဓိကအားဖြင့် ပါလှဲ့နှင့် အလယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ပါလှဲ့ကုန်းစု၊ တာဝနှင့် ကြက်တူရွေးတောင်ကျေးရွာများတွင် စွမ်းစွမ်းတမံလုပ်အားပေးခဲ့ကြသော ခမရ ၄၃၅ မှ ဗိုလ်မှူး ရဲမြင့်အောင်နှင့် အရာရှိ အရာခံတပ်မတော်သားများ၊ ဒေသခံပြည်သူများနှင့် အင်းမကျေးရွာမှ လုပ်အားပေးပြည်သူများအား အမှတ်(၈) ရပ်ကွက်မှ ဦးသန်းလွင်၊ ဦးမင်းဇော်ဦးနှင့် ဦးအောင်သိန်းဦးတို့ ဦးဆောင်သော လူငယ်များသည် ဩဂုတ် ၁၂ ရက် ညနေပိုင်းက ကျပ် ၁၂ သိန်းကျော်တန်ဖိုးရှိ ရေသန့်၊ ဆန်၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်တို့ကို သွားရောက်လှူဒါန်းကြသည်။ ဩဂုတ်လဆန်းပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေသည် အမြင့်ဆုံးမြင့်တက်ခဲ့သည့် ရေမှတ် ၂၆ ဒသမ ၃ ပေမှ ဆက်လက်ကျဆင်းလာကာ ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီအချိန်တိုင်းထွာချက်အရ ၂၄ ဒသမ ၆ ပေသို့ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# မိုးရွာသွန်းမှုများပြီး တောင်ကျရေ ဆင်းသောကြောင့် ကျိုက္ကော်ရပ်ကွက် အဝေးပြေးကားလမ်းပေါ် ရေကျော်ကာ ယာဉ်သွားလာမှု အခက်အခဲဖြစ်ခဲ့

**သထုံ ဩဂုတ် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တွင် မိုးရွာသွန်းမှုများပြီး တောင်ကျရေများ ဆင်းလာသောကြောင့် ဩဂုတ် ၁၃ ရက်နံနက်ပိုင်းက ကျိုက္ကော်ရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းမပေါ် ရေကျော်ပြီး ယာဉ်အသွားအလာခက်ခဲခဲ့ရာ တာဝန်ရှိသူများက ကူညီဖြေရှင်းပေးခဲ့ရကြောင်း သိရသည်။

"လမ်းက ရေဖုံးနေတော့ သွားလာတဲ့အခါ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးတာပါ။ လောလောဆယ်တော့ ယာဉ်ကြီးလောက်ပဲ ဖြတ်ခွင့်ပြုပြီးတော့ ယာဉ်ငယ်တွေနဲ့ ဆိုင်ကယ်တွေကို အခြားလမ်းလွှဲပေးထားတယ်"ဟု ကားလမ်းရေကျော်ရာတွင် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် သထုံခရိုင်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

လက်ရှိအချိန်တွင် ကျိုက္ကော်ရပ်ကွက်အတွင်းရှိ လူနေအိမ်များမှာ စိုးရိမ်စရာအခြေအနေမရှိသေးသော်လည်း အရေးပေါ်အခြေအနေဖြစ်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မီးသတ်၊ ရဲတပ်ဖွဲ့၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူအသီးသီးတို့ပူးပေါင်းကာ အမြန်ဆုံးဆောင်ရွက်နိုင်ရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"ဒီနေရာက နှစ်တိုင်းရေကျော်တယ်။ ဒီနေ့မနက် ၆ နာရီလောက်ကစပြီး ကားလမ်းပေါ် ရေရောက်တာ ၈ နာရီလောက်မှာ အနိမ့်ပိုင်းကို ရေ နှစ်ပေကျော်လောက်ရှိနေပြီ။ အပေါ်က ဆင်းလာတဲ့တောင်ကျရေတွေက လမ်းပေါ်ကို ထိုးတက်တယ်။ အောက်ကို ရေကပြန်ဆင်းဖို့က ပိတ်ဆို့နေသလိုဖြစ်နေတော့ တန့်နေတာပါ။ ဒီနှစ်ကတော်သေးတယ်။ နောက်ထပ်မိုးများလာရင်တော့ ပိုဆိုးလာနိုင်တယ်" ဟု ကျိုက္ကော်ရပ်ကွက်နေ ကိုကျော်ကျော်က ပြောသည်။

အဆိုပါနေ့တွင် မိုးရွာသွန်းမှုများပြီး တောင်ကျရေများဆင်းလာသောကြောင့် ကျိုက္ကော်ရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းအနိမ့်ပိုင်း ပေ ၆၀၀ ခန့် ရေကျော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၂၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၆၀' |
| ၃။ | ရာဇဗြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂. ၁၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၁၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၃၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀. ၆၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၆၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၈၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၂၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅. ၈၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၃၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၈၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၁၀' |
| ၁၈။ | ဝါးပါးရေလှောင်တမံ | မွန်- သထုံမြို့ | ၄၁၅၀ | ၀. ၅၀' |
| ၁၉။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၇၀' |
| ၂၀။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၆၅' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၃၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၁၀' |

(သတင်းစဉ်)

ကြေးမုံ



# သွားလာရခက်ခဲသော နာဂဒေသနှင့် မုံရွာမြို့တို့သို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်မည့် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ



**ခန္တီး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နှင့် ဆင်သေရွာကို ဆက်သွယ်ဆောက်လုပ်မည့် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်၈ နာရီက ခန္တီးမြို့ ပေါ်မိုင်းရပ်ကွက်အမှတ်(၁)အောင်သာရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ထို့နောက် ချင်းတွင်းတံတား (ခန္တီး)တံတားတည်ဆောက်ရေးအဖွဲ့ (၃)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းဌေး၊ ခန္တီးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်တာဝန်ရှိသူများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မင်္ဂလာအချိန်တွင် ခန္တီးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က ချဉ်းကပ်တံတားတိုင်အမှတ်(၁)နေရာအား ပန္နက်တိုင်လေးတိုင်ရိုက်နေစဉ် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းဌေးနှင့် တာဝန်ရှိသူများက ပန္နက်တိုင်များအား အမွှေးနံ့သာများပက်ဖျန်းပေးပြီး စက်ယန္တရားများဖြင့် ချဉ်းကပ်တိုင် စတင်ဆောက်လုပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား (ခန္တီး)သည် ခန္တီးဘက်ခြမ်း အောင်သာရွာနှင့် ဆင်သေဘက်ခြမ်း နန်မုံရွာတို့ကို ဆက်သွယ်တည်ဆောက်မည့် တံတားဖြစ်ပြီး ခန္တီးဘက်ခြမ်းတွင် ချဉ်းကပ်တံတား မီတာ၂၀ရှိသည့်အခန်း ၁၁ ခန်း၊ ဆင်သေဘက်ခြမ်းတွင် ချဉ်းကပ်လမ်း မီတာ ၂၀ ရှိသည့်အခန်းခုနစ်ခန်း ပါရှိပြီး ပင်မတံတားတွင် ၁၁၂ မီတာရှိ အခန်းလေးခန်း ပါရှိမည်ဖြစ်သည်။

ခန္တီးဘက်ခြမ်းတွင်ချဉ်းကပ်တံတားမှ မြို့တွင်းအထိအကျယ် ၁၈ ပေ၊ အရှည် ၁၀၄၉၈ ပေရှိ ကွန်ကရစ်လမ်း ဖောက်လုပ်ပေးမည်ဖြစ်ပြီး ဆင်သေဘက်ခြမ်းတွင်လည်း ဆင်သေ-လဟယ်ကားလမ်းမအထိ အရှည် ၈၁၄၇ ပေ၊ အကျယ် ၁၈ ပေ ကွန်ကရစ်လမ်း ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးဝင်းဌေး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ တံတားကြီး တည်ဆောက်ပြီးစီးပါက သွားလာရခက်ခဲသော နာဂဒေသရှိ ပန်ဆောင်မြို့နှင့် မုံရွာမြို့တို့သို့ နှစ်ညအိပ်သုံးရက် မကြာဘဲ ရောက်ရှိနိုင်တော့မည်ဖြစ်သည်။

ချင်းတွင်းမြစ် အထက်ပိုင်းဒေသများဖြစ်သော ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့တို့၌ ယခင်က ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလမ်းကြောင်း တစ်ခုအဖြစ် ချင်းတွင်းမြစ်ကြောင်း တစ်ခုကိုသာ အားကိုး၍ သွားလာလျက်ရှိကြောင်း၊ အဆိုပါ တံတားကြီး တည်ဆောက်ပြီးပါက ၎င်းဒေသများမှ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းတံတားကြီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဘီလီယံဖြင့် စီမံကိန်းကာလ ၁၈ လ အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(စန်းလွင်ဦး)**

# မိုးရာသီကာလ ဇင်းကျိုက်ရေတံခွန်သို့ နေ့ချင်းပြန်ခရီး လာရောက်လည်ပတ်သူ အထူးများပြား



**သထုံ ဩဂုတ် ၁၃**

မိုးရာသီကာလတွင်သာ သွားရောက်လည်ပတ်နိုင်သည့် ခရီးသွားဆွဲဆောင်ရာ ဒေသတစ်ခုဖြစ်သော မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ရှိ ဇင်းကျိုက် ရေတံခွန်သို့ ယခုနှစ် မိုးရာသီကာလတွင် နေ့ချင်းပြန်လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မိုးတွင်းကာလတွင်သာ တောင်ကျရေကြောင့် ရေတံခွန်သို့ လာရောက်လည်ပတ်သူများနှင့် စည်ကားလျက်ရှိရာ ဝါဆိုလပြည့်နှင့် ဝါခေါင်လပြည့်နေ့များတွင် လာရောက်လည်ပတ်သူများနှင့် အထူးစည်ကားလေ့ရှိသည်ဟု သိရသည်။ ဇင်းကျိုက်ရေတံခွန်သို့ အနီးအနားဒေသများမှလည်း လာရောက် လည်ပတ်သူများရှိပြီး ရန်ကုန်မြို့မှ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လာရောက်သူများ၊ ကိုယ်ပိုင်အစီအစဉ်ဖြင့် လာရောက်သူများဖြင့် အများစုမှာ နေ့ချင်းပြန်လာရောက်လည်ပတ်လေ့ရှိကြောင်း ဒေသခံလုပ်ငန်းရှင်များထံမှ သိရသည်။

"မိုးရာသီပဲ ရေတံခွန်က ရေရှိတာဆိုတော့ ဒီအချိန်ပဲ ဧည့်သည်အများဆုံးလာတာ။ ဝါဆို၊ ဝါခေါင်က အစည်ဆုံးပါ။ သီတင်းကျွတ်လောက်ဆိုရင် ရေမရှိတော့ဘူး။ ဒီရက်ပိုင်းဆိုရင် ဧည့်သည် အလွန်များတယ်။ စနေ၊ တနင်္ဂနွေဆိုရင် တစ်ရက်ကို ခရီးသည်တင်ယာဉ်ကြီး ရှစ်စီး၊ ကိုးစီးလောက်နဲ့ ကိုယ်ပိုင်ယာဉ်တွေနဲ့ လာတဲ့သူတွေလည်းများတယ်။ ဧည့်သည်များလာတဲ့အခါ ညနေအထိ ဆိုင်ဖွင့်ရတယ်။ ခါတိုင်း ဧည့်သည်နည်းတဲ့ အချိန်ဆိုရင် ညနေဘက် ဆိုင်သိမ်းပြီး ပြန်တယ်။ ဒီမှာက ဈေးမှန်မှန်နဲ့ပဲ ဝန်ဆောင်မှုပေးတယ်။ မတရား ဈေးတင်တာမျိုး မလုပ်ဘူး"ဟု ဇင်းကျိုက်ရေတံခွန်စခန်းရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ဆိုင်ပိုင်ရှင်က ပြောသည်။

ဇင်းကျိုက် ရေတံခွန်ထိပ်တွင် သဘော်ပုံသဏ္ဍာန် ကျောက်တုံးကြီးရှိပြီး ထိုကျောက်သဘော်ပေါ်တွင် စေတီတစ်ဆူ တည်ထားကိုးကွယ်ထားကာ ကျောက်သဘော်စေတီဟုလည်း ခေါ်တွင်သည်။ ဇင်းကျိုက်ရေတံခွန်ကို ကျောက်သဘော်ရေတံခွန်ဟုလည်း ခေါ်ဆိုကြပြီး အချစ်ရေတံခွန်ဟုလည်း ခေါ်ဆိုကြသည်ဟု ဒေသခံများထံမှ သိရသည်။ ရေတံခွန်ခြေရင်းတွင် စားသောက်ဆိုင်များ၊ ဆိုင်ခန်းများ ဖွင့်လှစ်ထားကာ ရေတံခွန်သို့ လာရောက်လည်ပတ်သူများ အဝတ်အစားလဲရန်နှင့် ရေချိုးရန်အတွက် အခန်းများ စီစဉ်ထားရှိပေးထားပြီး စနစ်တကျအမှိုက်စွန့်ပစ်ရန်အတွက် အမှိုက်ပုံးများကိုလည်း ထားရှိပေးထားသည်။

ဇင်းကျိုက်ရေတံခွန်သည် ရန်ကုန်မြို့မှ နေ့ချင်းပြန် သွားရောက်လည်ပတ်နိုင်သော နေရာဒေသတစ်ခုဖြစ်သည့်အတွက် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများအတွက် လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်မှု များပြားလျက်ရှိသည်။ ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများအနေဖြင့် ဇင်းကျိုက်ရေတံခွန် ခရီးစဉ်နှင့်အတူ မယ်လံတောင်၊ ကျောက်ပိရဟန္တာ၊ သထုံရွှေစာရံ စသည့် အနီးပတ်ဝန်းကျင်ရှိ ဘုရားစေတီပုထိုးများနှင့် လည်ပတ်စရာနေရာများကို တွဲဖက်ပို့ဆောင်ပေးလျက်ရှိပြီး ငွေကျပ် ၁၅၀၀၀ ဝန်းကျင်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ လက်ရှိတွင် ယခင်က အသွားများခဲ့သော ကရင်ပြည်နယ်ရှိ ကျုံထော်ရေတံခွန်မှာ မိုးရာသီတွင် ခေတ္တပိတ်ထားပြီး မိုးရာသီတွင်သာ လည်ပတ်နိုင်သည့် ဇင်းကျိုက်ရေတံခွန်ကို သွားရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း ပြည်တွင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

**(၀၀၁)**

# ဥယျာဉ်နန်းက ပန်းရောင်စုံ

(ကာချင်း)

❖ ပြည်ထောင်စုဖွား တိုင်းရင်းသား
သားရင်း သွေးရင်းလော၊
သား. . .ရင်း၊ သွေး. . .ရင်း။

❖ ပြည်ထောင်စုတွင်း သွေးသားရင်း
ရိုင်းပင်းလက်တွဲလော၊
လက်. . .တွဲ၊ လက်. . .တွဲ။

❖ ပြည်ထောင်စုသား ပြည်တွင်းအား
နီးကြားခိုင်ကျည်လော၊
ခိုင်. . .ကျည်၊ ခိုင်. . .ကျည်။

❖ တစ်မြေတည်းဖွား တစ်မိသား
အတူနေလို့ အတူသွား။

❖ ဟုတ်တည်း ဖော်ချင်း၊ ဖော်ချင်း
ဟုတ်တည်း ဆွေရင်း၊ ဆွေရင်း။

❖ တက်ညီလက်ညီ စည်းလုံးညီ
စွမ်းရည် ပြည့်ဝတယ်၊ ပြည့်ဝတယ်။

❖ တန်းတူရည်တူ ခွင့်ရေးတူ
အတူခံစားတယ်၊ ခံစားတယ်။

❖ စိတ်တူကိုယ်တူ ဆန္ဒတူ
အေးတူပူမျှ နေကြတယ်၊ နေကြတယ်။

❖ ပြည်ထောင်စုနန်း ရောင်စုံပန်း
မွှေးလန်း ကြိုင်သင်းတယ်၊ ကြိုင်သင်းတယ်။

❖ ရောင်စုံမွှေးလန်း အံ့မခန်း
တင့်ဆန်း လှနေတယ်၊ လှနေတယ်။

❖ ဝိုင်းဝန်းကြိုးပမ်း၊ ပန်းခင်းလမ်း
ငြိမ်းချမ်းစည်သာတယ်၊ စည်သာတယ်။

❖ စည်စေလော၊
တည်စေလော၊
ညီစေလော။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်

**သနပ်ပင် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်လည်ပတ်မည့်ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ဆက်လက်၍ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်နီနီဝင်းက သနပ်ပင်မြို့နယ်အနေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်က မြစိမ်းရောင်စီမံကိန်းဝင် တစ်ရွာ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ၁၀ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နှစ်ရွာ စုစုပေါင်းကျေးရွာ ၁၃ ရွာရှိပြီးဖြစ်ကြောင်း စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ထပ်မံတိုးလာသည့် ကမာဘာကတုံးတန်းနှင့် ကျိုက်မင်းကလော့ကျေးရွာတို့အတွက် တာဝန်ရှိသူများက ရန်ပုံငွေကျပ်သိန်း ၃၀၀ စီပေးအပ်ခဲ့ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း Puma Energy Groups နှင့် Korea EXIM Bank မှ တာဝန်ရှိသူများအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းသည် ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီတွင် Puma Energy Groups Pte.,Ltd. မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံတွင် Puma Energy Groups က ဆောင်ရွက်မည့် Business Plan နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် Korea EXIM Bank မှ တာဝန်ရှိသူများအား မွန်းလွဲ ၁ နာရီတွင် လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ အကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ လယ်ယာကဏ္ဍနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် Korea EXIM Bank က ကူညီပံ့ပိုးပေးနိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများအတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်းများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ခေတ္တလျှပ်စစ်ဓာတ်အားဖြတ်တောက်မှုများအတွက် သတင်းပြန်ကြားမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို ဖော်ထုတ်ဖမ်းဆီးခဲ့မှုနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားစနစ်တကျ သုံးစွဲနိုင်ရေးအတွက် ရုပ်ထွေးဆားဗစ်များရှင်းလင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားမပြတ်တောက်စေရေးနှင့် ပြည်သူများ ဗို့အားပြည့်ဝတည်ငြိမ်စွာ အသုံးပြုနိုင်ရေး၊ ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဆောက်တလုံးကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဉာဏ်တောကျေးရွာတို့တွင် ရေတွင်းတူးဖော်ရာမှ ဓာတ်ငွေ့စိမ့်ထွက်မှုကို လေ့လာဆောင်ရွက်ခဲ့မှုအခြေအနေ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှထုတ်လုပ်သော စက်သုံးဆီများကို ဈေးနှုန်းအရှင်ဖြင့် ရောင်းချမည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်း၍ ပြည်သူလူထုသိရှိစေရန် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ခေတ္တလျှပ်စစ်ဓာတ်အားဖြတ်တောက်မှုများအကြောင်းကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးသန့်ဇင်တို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တောင်ပြုံးပွဲတော်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများဖြင့်စည်ကား

**မတ္တရာ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာအုပ်စုတွင် နှစ်စဉ်ခြိမ့်ခြိမ့်သဲစည်ကားစွာ ကျင်းပသော ဆုတောင်းပြည့်၊ ဆုတောင်းရနှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို ဝါခေါင်လဆန်း ၈ရက် (ဩဂုတ်၁၁ရက်)မှ ဝါခေါင်လပြည့် (ဩဂုတ် ၁၇ ရက်)အထိ စည်ကားစွာကျင်းပသည်။ တောင်ပြုံးပွဲတော်ကို မြန်မာပြည်တစ်နံတစ်လျား၌ တောင်ပြုံးမင်းနှစ်ပါးပွဲတော်အဖြစ် လူသိများကြသည်။ မင်းနှစ်ပါးပွဲတော်ရက်နှင့်အတူ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရားဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် သံဃာတော်များကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပသည်။

တောင်ပြုံးမင်းနှစ်ပါးနှင့် ပတ်သက်သည့် ကန်တော့ခံပွဲ၊ ရေစင်ဆေးအခမ်းအနား၊ ညီလာခံသဘင်၊ ချိုးရေတော်သုံးပွဲ၊ ထပ်ပွဲ၊ ယုန်ကြိုပွဲနှင့် ထိန်ခုတ်ပွဲ၊ ဘုရားဆွမ်းတော်ကြီးလောင်းလှူပွဲဟူ၍ ရိုးရာနတ်ပွဲတော်အစဉ်အလာကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပသည်။ တောင်ပြုံးပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ဝါခေါင်လဆန်း ၈ ရက်တွင် စတင်ကျင်းပသော်လည်း စံနန်းတော် မင်္ဂလာရေစင်ဆေးအခမ်းအနား ကျင်းပသည့် ဝါခေါင်လဆန်း ၁၀ရက်မှစတင်၍ စည်ကားခြင်းဖြစ်သည်။ ဝါခေါင်လဆန်း ၁၁ ရက်တွင် နတ်သဘင်ညီလာခံကျင်းပရာ နန်းကြီးပေါ်တွင်လည်း နန်းသုံးအခမ်းအနားအဆောင်အယောင်များ ဝတ်ဆင်၍ နတ်သီချင်းဆိုင်းတို့နှင့်အတူ ညီလာခံသဘင်ကို ကျင်းပ၍ ညပိုင်းအချိန်တွင် နန်းကြီးပေါ်တွင် နတ်အုပ်မင်းမှစတင်ပြီး ဝါစဉ်အလိုက် နတ်ချော့ကြရသည်။

တောင်ပြုံးမင်းနှစ်ပါးဆောင်ကို တာဝန်ယူရသော နန်းထိန်း၊ နတ်အုပ်မင်း၊ အမတ်ချုပ်နှင့် မိဖုရား၊ ဗောင်းဆောင်းအမတ်ကြီးတို့က သက်ဆိုင်ရာ အဆောင်အယောင်များဝတ်ဆင်၍ ရွှေတိုက်စာရင်းဝင်နတ်ကတော်များနှင့်တခမ်းတနား ကျင်းပကြသည်။ ချိုးရေတော်သုံးသည့်နေ့တွင် ရိုးရာပူဇော်မှုအနေဖြင့် နန်းကြီးတွင်စံတော်မူသော မင်းနှစ်ပါးထွက်တော်မူသည့် ဝေါတော်ကို လက်နှင့်ထိကိုင်ဆုတောင်းခြင်း၊ ဝေါအတွင်းသို့ ပန်းများပစ်ကာတင်ဆက်ခြင်းများပြုလုပ်ကြသည်။ မင်းနှစ်ပါးရုပ်တုတော်များ မင်းခမ်းမင်းနားဖြင့် နန်းကြီးမှ ရွှေဝေါတော်ဖြင့် ပင့်ဆောင်ပြီး ချိုးရေတော်သုံးကာ မင်္ဂလာအချိန်တွင် ဆိုင်းအဖွဲ့က စတင်တီးခတ်သည်။ အမြို့မြို့အနယ်နယ်မှ ယုံကြည်သူများ နတ်ဆိုင်းသံ၊ နတ်ကနားသံများဖြင့် ပန်းများဆက်သပူဇော်ကြသည်။

တောင်ပြုံးပွဲတော်သို့ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ဒေသများ၊ စစ်ကိုင်းမြို့နယ်အတွင်းရှိဒေသများမှ မြန်မာ့ရိုးရာကရေကရာ၊ မုန့်ကွဲသည်း၊ မုန့်ခေါ်ပြင်ဈေးသည်များ၊ ၁၂ပွဲဈေးသည်များ၊ လယ်ယာလုပ်ငန်းသုံး နှီးတောင်း၊ သံထည်၊ ကြေးထည်ဆိုင်များ၊ကလေးကစားစရာဆိုင်များ၊ မြန်မာ့ရိုးရာစက္ကူရုပ်များ၊ တောင်ပြုံးလက်ဆောင်ဆွဲကြိုးဆိုင်များ၊ ရှမ်းပြည်နယ်ထွက် ခမောက်များ၊ ပန်းတနော်သင်ဖြူးဖျာဆိုင်များ လာရောက်ရောင်းချကြသည်။

တောင်ပြုံးပွဲတော်သို့ မန္တလေးဈေးချိုမှ လိုက်ထရပ်ယာဉ်များဖြင့် လူတစ်ဦးလျှင် ကျပ် ၁၀၀၀ဖြင့်လည်းကောင်း၊ မြန်မာ့မီးရထားမှ မန္တလေးသူရဲဈေးဘူတာမှတောင်ပြုံးဘူတာအထိ လူတစ်ဦးလျှင်ကျပ် ၂၀၀ဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**



# အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းသင်တန်းဆင်း

**မင်းတပ် ဩဂုတ် ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုအသက်မွေးပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၃၈)အဆင့်ပြီး စက်ချုပ်သင်တန်းအမှတ်စဉ်(၃၃) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မင်းတပ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းနိုင်နှင့် သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြရီတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆုရ သင်တန်းသူ နှစ်ဦးအား အပ်ချုပ်စက်တစ်စုံစီကို တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေတွေ့ဆုံရှင်းလင်း

**နေပြည်တော် ဩဂုတ် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သန်လျင်မြို့နယ် အတွင်းရှိမြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာဖြစ်သည့် ပေါက်တောကျေးရွာသို့ သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၉ ရက်က မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

**တပ်ကုန်း ဩဂုတ် ၁၃**

အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် ပြည်တော်အေးလမ်းတွင် လျှပ်စစ်ကွန်ကရစ်မီးတိုင်အသစ် အစားထိုးလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်းပေါ်၌ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနက ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းပေါ်တွင် လျှပ်စစ်ကွန်ကရစ်မီးတိုင် 8M လေးမြောင့်တိုင်အစား 10M လဲလှယ်ပေးခြင်း၊ သဘာဝအလျောက်လျော့တွဲလာသော ဓာတ်အားလိုင်းကြိုးများပြန်လည်ဆွဲတင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ကားကရိန်းအသုံးပြုပြီး အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်မှာ ဒီလမ်းက ငါးရက်တစ်ဈေး နွားပွဲဈေးသွားတဲ့လမ်းဖြစ်ပါတယ်။ ရေအေးကျေးရွာ၊ ရှားတောကျေးရွာနဲ့ ညောင်ပင်သာကျေးရွာတွေက ဒေသခံပြည်သူတွေနဲ့ ကျောင်းသား ကျောင်းသူတွေ မြို့ဈေးနဲ့ အထက်တန်းကျောင်းတွေကို နေ့စဉ် သွားရတဲ့လမ်းဖြစ်ပါတယ်။ ရပ်ကွက်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝအောင် မလွတ်ကင်းတဲ့ သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းခြင်းနဲ့ နိမ့်နေတဲ့ လျှပ်စစ်မီးတိုင် အစားထိုး လဲလှယ်ခြင်းလုပ်ငန်းတွေကို လျှပ်စစ်ဌာနက ပြည်သူ့အကျိုးရှေးရှုပြီး ဂရုတစိုက်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ဆရာစံရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။

**(တင်စိုးလွင်)**



# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၄- ၈ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ညပိုင်း | | | (အပိုင်း-၄) |
| ၆း၀၀ | အဖွင့် | ၉း၂၅ | နိုင်ငံတကာရုပ်ရှင် |
| | -မိုးလေ၀သအစီအစဉ် | | ဇာတ်ဝင်တေးများ |
| | -ကာတွန်းအစီအစဉ် | ၉း၃၅ | စေတီဝေဆာ ပုဂံမှာ |
| | "Garfield Gets Real" (အပိုင်း-၁) | | (အပိုင်း-၂) |
| ၆း၄၅ | MRTV Entertainment Music | ၁၀း၀၀ | တေးဂီတအစီအစဉ် |
| | | ၁၀း၁၀ | အပန်းဖြေစရာလက်မှုအနုပညာ |
| ၇း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မ" | ၁၀း၂၀ | မြန်မာရုပ်ရှင် "သမီးယောက်မ" |
| ၈း၄၅ | MRTV Entertainment Music | ၁၂း၀၀ | အစီအစဉ်ပြီး၏ |
| ၈း၅၅ | အဆိုတော် စိုင်းထီးဆိုင် | | |

ည(၉း၂၀) - Live: Premier League "Arsenal Vs Liverpool"

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | ၅း၃၅ | "ဘေးကင်းသောအစာဆေးဝါးမှသည် ကျန်းမာဖွံ့ဖြိုးသော လူ့ဘောင်ဆီသို့" |
| ၇း၃၅ | Business News | | |
| ၈း၃၅ | "သက်တမ်းရင့်အော်ဂဲနစ်ရတနာ မြန်မာ့မြေမှာ" | ၆း၂၀ | "KWC Myanmar အသံစစ်ဆေးခြင်း"(အပိုင်း-၃+၄) |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ | ၇း၁၅ | "သူ"(အပိုင်း-၁၂) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်) |
| ၉း၅၀ | ကဗျာရိပ်မြုံ"လူလေးကြီးရင်" | | |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ | | |
| ၁၁း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ |
| ၁၂း၅၀ | ဆေးရောင်စုံရုပ်ရှင်"မချစ်တတ်သောမိန်းမနှင့် အချစ်ငတ်သောယောကျ်ား"(လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ဆုပိုပိုအောင်) (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်) | ၉း၀၀ | ပြည်တွင်းသတင်း၊ -မိုးလေ၀သအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၃၂) -"ဆယ့်နှစ်လရာသီ အငြိမ့်သဘင်" "ဝါခေါင်လ"(စာရေးတံမဲပွဲ) (မင်းသမီး-ခိုင်မာလွင်၊ လူရွှင်တော်-အာရှဟားအဖွဲ့) (ဒါရိုက်တာ-ဇာဂနာ) |
| ၃း၁၅ | Ooredoo MNL-1 ၂၀၁၆ ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ရှမ်းယူနိုက်တက် FC နှင့် မကွေး FC) | | |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | | -မေတ္တာအသဉ္ဇေ အပိုင်း(၈၇) |
| ၇း၁၅ | မေတ္တာပို့ | ၂း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၇း၂၅ | ဓမ္မပူဇာတေး | ၄း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ | ၄း၃၅ | ပျိုပျိုမေ |
| ၈း၁၅ | စိုက်ပျိုးသုတ | ၄း၅၀ | Run & Cook |
| ၈း၂၅ | DVD Hits | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၈း၃၅ | အင်္ဂလိပ်စာသုတ | | -ဖေဖေကြီးကိုချစ်တယ် |
| ၉း၁၀ | World Wide Web | | အပိုင်း(၄၇) |
| ၉း၂၅ | စာပေအလင်းစာပေသတင်း | ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ | ၆း၁၀ | ဘဝကြေးမုံ |
| ၁၀း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၆း၃၅ | လူစွံနံ့စားခရီးသွားနေသည် |
| ၁၀း၂၀ | Guide For You | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၁၀း၃၀ | Cooking Art | | "ချစ်သူတို့စိတ်ဝမ်း |
| ၁၁း၀၀ | English For Myanmar | | အေးချမ်းပါစေ" အပိုင်း(၆၀) |
| ၁၁း၁၀ | မျိုးချစ်တပ်မတော် | | -VOAအင်္ဂလိပ်စာသင်ခန်းစာ |
| ၁၁း၁၅ | Lucky Door | | -ပဟေဠိနန်းတော် |
| ၁၁း၅၀ | တစ်ပတ်အတွင်း ပြည်တွင်းသတင်း | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အနားမညီတြိဂံ" |
| ၁း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း | | အပိုင်း(၂၄) |

## MRTV-4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ် | ၆း၁၀ | Health Fix |
| | | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၃) |
| ၅း၄၀ | "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ" (အပိုင်း-၅) တရားတော်(ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) | ၇း၁၀ | Fashion Week |
| | | ၇း၄၀ | Myanmar's Got Talent (Semi Final) (LIVE) |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) | ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၀) |
| ၈း၅၅ | Weekly Sports Diary | | |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | ၁၀း၁၅ | MUSIC LIVE Tonight |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ | ၁၀း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း- ၁၇+၁၈) |
| ၂း၂၀ | World of Knowledge (The Number Game When Will You Die) | ၀၀း၂၀ | MRTV-4 Stage |
| ၄း၀၅ | Cartoon Series (Welcome To Sky Ville) | ၀၀း၄၅ | World of Knowledge (The Number Game When Will You Die) |
| ၅း၃၀ | Food & De'cor | | |

# လီမင်ဟိုအား နှစ်ကိုယ်ခွဲဇာတ်ရုပ်ဖြင့် မြင်တွေ့ရမည့် ဒရမ်မာဇာတ်ကားသစ်



တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့် လီမင်ဟိုအား အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ဒရမ်မာဇာတ်ကားသစ်တွင် နှစ်ကိုယ်ခွဲဇာတ်ရုပ်ဖြင့် မြင်တွေ့ရမည်ဖြစ်ပြီး ယင်းဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို Palau နှင့် စပိန်နိုင်ငံတို့၌ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဖြစ်ရပ်မှန်ဒဏ္ဍာရီအချစ်ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံရိုက်ကူးမည့် အဆိုပါအချစ်ဒရမ်မာဇာတ်မြူးကားကို ယခုလက်ရှိတွင် အစမ်းသဘောအနေဖြင့် "Legend of the Blue Sea" ဟုအမည်ပေးထားကြောင်း သိရသည်။

တောင်ကိုရီးယားရုပ်သံလိုင်း အက်စ်ဘီအက်စ်၌ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့တွင် ထုတ်လွှင့်ပြသမည့် ယင်းဇာတ်ကားသစ်ရိုက်ကူးရန်အတွက် ယင်းဇာတ်ကားတွင် ပါဝင်သည့်အနုပညာရှင်များအနေဖြင့် ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည့် Palau သို့ ယခုလကုန်ပိုင်းတွင် ထွက်ခွာမည်ဖြစ်ပြီး အချို့သောဇာတ်ဝင်ခန်းများကို စက်တင်ဘာလတွင် စပိန်နိုင်ငံ၌ ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းစာများတွင် ဖော်ပြထားသည်။

ပင်လယ်အလှအပများကို အသားပေးရိုက်ကူးမည့်ယင်းဇာတ်ကားတွင် လီမင်ဟိုအား နှစ်ကိုယ်ခွဲဇာတ်ရုပ်ဖြင့် မြင်တွေ့ရမည့်အပြင် မင်းသမီး ဂျန်ဂျီဟွန်းကိုလည်း ရေသူမတစ်ဦးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ထို့အပြင် နာမည်ကျော် City Hunter ဇာတ်ကားမှ ဒါရိုက်တာကလည်း ယင်းဇာတ်ကား၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်များအားလုံးတွင် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

"Legend of the Blue Sea" ဇာတ်ကားကို နိုဝင်ဘာလကုန်ပိုင်းတွင် တောင်ကိုရီးယားရုပ်သံလိုင်း၌ စတင်ထုတ်လွှင့်ပြသသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# Director's Cut Awards ဆုပေးပွဲတွင် လီဗြောင်ဟွန်းနှင့် ကင်မ်မင်ဟီးတို့ အကောင်းဆုံးအနုပညာရှင်ဆုများရရှိ

တောင်ကိုရီးယားရုပ်ရှင်ဒါရိုက်တာများကွန်ရက်မှ နှစ်စဉ်ကြီးမှူးကျင်းပပြီး ဒါရိုက်တာများက ရွေးချယ်ချီးမြှင့်သည့် Director's Cut Awards ဆုပေးပွဲအတွက် ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ တောင်ကိုရီးယားမှ ဟောလိဝုဒ် ရုပ်ရှင်လောကထိတိုင် ထိုးဖောက်ခဲ့သူ မင်းသား လီဗြောင်ဟွန်းက ၂၀၁၅ ခုနှစ်ကထွက်ရှိခဲ့သည့် နိုင်ငံရေး အက်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးမင်းသားဆုကိုလည်းကောင်း၊ မင်းသမီးနှင့် မော်ဒယ်တစ်ဦးဖြစ်သူ ကင်မ်မင်ဟီးက The Handmaiden ဇာတ်ကားဖြင့် အကောင်းဆုံးမင်းသမီးဆုကိုလည်းကောင်း ရရှိခဲ့ကြောင်းသိရသည်။



ဆက်လက်ပြီး ဒါရိုက်တာပိုင်းဆိုင်ရာဆုများအနေဖြင့် ယခုနှစ် မေလပိုင်းက ဖြန့်ချိပြသခဲ့သည့် သည်းထိတ်ရင်ဖိုဇာတ်ကား The Wailing ၏ ဖန်တီးရှင်ဒါရိုက်တာ Na Hong Jin က အကောင်းဆုံးဒါရိုက်တာဆုကိုလည်းကောင်း၊ မျိုးဆက်သစ်ဒါရိုက်တာဆုကို ယခုနှစ်အတွင်း ထွက်ရှိခဲ့သည့် မကောင်းဆိုးဝါးများကို အစွဲချွတ်သည့် သည်းထိတ်ရင်ဖိုဇာတ်ကား The Priests ၏ဒါရိုက်တာ ဂျန်ဂျေဟွန်းကလည်းကောင်း၊ ဟာသဇာတ်ကားတစ်ကား Alice in Earnestland ဖြင့် ဒါရိုက်တာ Ahn Gook Jin က Best Independent Film Director ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

Director's Cut Awards ဆုပေးပွဲတွင် ဆုရရှိကြသည့် ဆုရှင်များအနက် မင်းသမီး ကင်မ်မင်ဟီးမှာ ဆုတက်ရောက်လက်ခံရယူခြင်းမပြုနိုင်ဘဲ The Handmaiden ဇာတ်ကား၏ ထုတ်လုပ်သူကုမ္ပဏီကသာ တက်ရောက်လက်ခံရယူသွားမည်ဖြစ်ကြောင်း သိရသည်။

# ဥရောပအရှေ့တောင်ပိုင်း၏ ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော် ဖွင့်ပွဲကျင်းပ

ဘော့စနီးယားဟာဇီဂိုဗီးနားနိုင်ငံ ဆာရာဂျေးဗိုးမြို့တော်တွင် ကျင်းပသည့် အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်ကို ယခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားကို ဟောလိဝုဒ် ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်သူ အော်စကာဆုရှင် Robert De Niro က ဖွင့်လှစ်ပေးခဲ့သည်။

ဥရောပအရှေ့တောင်ပိုင်း၏ အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ယင်းပွဲတော်ကို ဩဂုတ် ၁၂ ရက် ညပိုင်းက ဆာရာဂျေးဗိုးမြို့ရှိ National Theater တွင်ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် နှစ်ထပ်ကွမ်း အော်စကာဆုရှင် Robert De Niro အား တစ်သက်တာအကောင်းဆုံးဆု Heart of Sarajevo ဆုကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုးရက်ကြာကျင်းပမည့် အဆိုပါရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း ၆၁ နိုင်ငံမှ ဇာတ်ကားပေါင်း ၂၂၃ ကားကို တင်ဆက်ပြသမည်ဖြစ်ပြီး ဆုရရှိသူများကို ကဏ္ဍခုနစ်မျိုးခွဲကာ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။




ဆာရာဂျေးဗိုး ရုပ်ရှင်ပွဲတော်တွင် အော်စကာဆုရှင် Robert De Niro အား Heart of Sarajevo ဆုလက်ခံရယူအပြီး တွေ့ရစဉ်။

မျိုးစန္ဒာမောင်-စုစည်းသည်

# ဩစတြေးလျအား ပင်နယ်တီဖြင့် အနိုင်ရရှိခဲ့သည့် ဘရာဇီးအမျိုးသမီးအသင်း အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်လှမ်း



၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် အိမ်ရှင်ဘရာဇီးအမျိုးသမီးအသင်းနှင့် ဩစတြေးလျ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီး အမျိုးသမီးအသင်းက အနိုင်ရရှိခဲ့သည်။

ဘရာဇီးအမျိုးသမီးအသင်းနှင့် ဩစတြေးလျ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် သာမန်ပွဲကစားချိန် အတွင်း ဂိုးမရှိသရေကျခဲ့ခြင်းကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ဘရာဇီးအမျိုးသမီးအသင်းက ဩစတြေးလျအမျိုးသမီးအသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘရာဇီးအမျိုးသမီးအသင်းသည် ဩစတြေးလျအမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆွီဒင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆွီဒင်အမျိုးသမီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ဆွီဒင်အမျိုးသမီးအသင်းက လက်ရှိချန်ပီယံ အမေရိကန်အမျိုးသမီးအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ အခြားသောဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကနေဒါ အမျိုးသမီးအသင်းနှင့် ဂျာမနီအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**

## ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံး နိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၁ | ၁၄ | ၁၇ | ၅၂ |
| ၂ | တရုတ် | ၁၃ | ၁၀ | ၁၅ | ၃၈ |
| ၃ | ဗြိတိန်နှင့် မြောက်အိုင်ယာလန် | ၈ | ၁၀ | ၆ | ၂၄ |
| ၄ | ဂျာမနီ | ၇ | ၄ | ၃ | ၁၄ |
| ၅ | ဂျပန် | ၇ | ၃ | ၁၄ | ၂၄ |
| ၆ | ဩစတြေးလျ | ၆ | ၆ | ၇ | ၁၉ |
| ၇ | တောင်ကိုရီးယား | ၆ | ၃ | ၄ | ၁၃ |
| ၈ | ရုရှား | ၅ | ၉ | ၈ | ၂၂ |
| ၉ | ပြင်သစ် | ၅ | ၇ | ၅ | ၁၇ |
| ၁၀ | ဟန်ဂေရီ | ၅ | ၃ | ၃ | ၁၁ |
| ၁၁ | အီတလီ | ၄ | ၇ | ၄ | ၁၅ |
| ၁၂ | စပိန် | ၃ | ၀ | ၂ | ၅ |
| ၁၃ | နယူးဇီလန် | ၂ | ၆ | ၀ | ၈ |
| ၁၄ | ကနေဒါ | ၂ | ၂ | ၆ | ၁၀ |
| ၁၅ | ကာဇက်စတန် | ၂ | ၂ | ၃ | ၇ |
| ၁၆ | နယ်သာလန် | ၂ | ၂ | ၃ | ၇ |
| ၁၇ | ထိုင်း | ၂ | ၁ | ၁ | ၄ |
| ၁၈ | ခရိုအေးရှား | ၂ | ၁ | ၀ | ၃ |
| ၁၉ | ဆွစ်ဇာလန် | ၂ | ၀ | ၁ | ၃ |
| ၂၀ | မြောက်ကိုရီးယား | ၁ | ၂ | ၂ | ၅ |

**မှတ်ချက် -**
**၁၃-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည-၁၀း၃၀ နာရီ ရလဒ်များဖြစ်ပါသည်။**

# ၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီ အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံလက်စတာအား ဟားစီးတီးအသင်းအနိုင်ရ

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီ၏ ရာသီအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၃ ရက်ညပိုင်းက လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းနှင့် ဟားစီးတီးအသင်းတို့ ဟားစီးတီးအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဟားစီးတီးအသင်းက လက်စတာစီးတီးအသင်း ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဟားစီးတီးအသင်းအတွက် သွင်းဂိုးများကို ဒီအိုမန်ဒီက ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်တွင် လည်းကောင်း၊ စနေ့ဂရက်က ပွဲကစားချိန် ၅၇ မိနစ်တွင် လည်းကောင်း သွင်းယူပေးခဲ့ပြီး လက်စတာစီးတီးအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၄၇ မိနစ်တွင် မာရက်ဇ်က ပင်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူ ပေးခဲ့ခြင်းဖြစ်သည်။

ဟားစီးတီးအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဒီအိုမန်ဒီသည် ၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီ၏ ပထမဆုံးဂိုးသွင်းယူ နိုင်သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

**(ငွေကြယ်)**



**ဩဂုတ် ၁၃ ရက် ပရီမီယာလိဂ် ပွဲစဉ် - ၁ အနိုင်/အရှုံးရလဒ်များ**

| | | | | |
|---|---|---|---|---|
| ဟားစီးတီး | ၂ | - | ၁ | လက်စတာ |
| ဘန်လေ | ၀ | - | ၁ | ဆွမ်ဆီး |
| ပဲလေ့စ် | ၀ | - | ၁ | ဝက်စ်ဘရွန်း |
| အဲဗာတန် | ၁ | - | ၁ | စပါး |
| မစ်ဒယ်ဘရော့ | ၁ | - | ၁ | စတုတ် |
| ဆောက်သမ်တန် | ၁ | - | ၁ | ဝက်ဖို့ဒ် |

**အားကစားမြှင့်တင် အောင်ပွဲဆင်**

# MNL ပွဲစဉ်(၂၁)တွင် ဒုတိယနေရာ မျှော်လင့်ချက်ရှိသည့်အသင်းများ ပွဲကျပ်ကစားရမည်

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁)၏ လက်ကျန်ပွဲစဉ်များကို တနင်္ဂနွေနေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေရာအတွက်မျှော်လင့်ချက်ရှိသည့် အသင်းများအားလုံး ပွဲကျပ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၂၁)အဖြစ် ဩဂုတ် ၁၄ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မကွေးအသင်း၊ အောင်ဆန်းကွင်း၌ Horizon အသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၂၀)အပြီးတွင် ချန်ပီယံရတနာပုံအသင်းက ၄၈ မှတ်၊ မကွေးအသင်းက ၃၈ မှတ်၊ ရန်ကုန်အသင်းက ၃၃ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းက ၃၂ မှတ်စီ၊ ဧရာဝတီအသင်းက ၃၁ မှတ်၊ ဟံသာဝတီအသင်းက ရမှတ် ၃၀၊ ဇွဲကပင်အသင်းက ၂၅ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရခိုင်အသင်းက ၁၆ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ Horizon အသင်းက ခြောက်မှတ်ရရှိထားသည်။ ပွဲစဉ် ၂၀ အပြီးတွင် Horizon အသင်းမှာ တန်းဆင်းခဲ့ရကာ တန်းဆင်းတစ်နေရာသာ ကျန်ရှိပြီး ဒုတိယနေရာအတွက် ရာသီကုန်အထိ စောင့်ကြည့်ရဖွယ်ရှိနေသည်။

ပြိုင်ပွဲဝင်အသင်းများအနက် ရန်ကုန်နှင့် ဇေယျာရွှေမြေအသင်းသည် ၁၉ပွဲသာ ကစားရသေးပြီး ယင်းနှစ်သင်းထိပ်တိုက်တွေ့သောပွဲမှာ ရာသီဥတုကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ ဒုတိယနေရာအတွက် အပြိုင်ဖြစ်နေသည့် မကွေး၊ ရန်ကုန်နှင့် ဇေယျာရွှေမြေအသင်းတို့သည် ယခုတစ်ပတ်တွင် ပွဲကျပ်များကစားရမည်ဖြစ်ပြီး ရှုံးထွက် ဗိုလ်လုပွဲကစားရမည့် ရန်ကုန်နှင့် မကွေးအသင်းတို့ အနေဖြင့် မည်သည့်ပြိုင်ပွဲကို အာရုံစိုက်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**



**မကွေးနှင့် ရှမ်းယူနိုက်တက်အသင်း ရှုံးထွက် ပြိုင်ပွဲ၌ တွေ့ဆုံခဲ့စဉ်။**

# လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကို ကမ္ဘောဇဘဏ်က စပွန်ဆာပေးမည်

**မန္တလေး ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အာဆီယံ ယူ-၁၉ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းအတွက် ရည်ရွယ်ကျင်းပမည့် လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကို ကမ္ဘောဇဘဏ်မှ Title Sponsor အဖြစ် ပံ့ပိုးကူညီမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ထိုင်း ယူ-၁၉ အသင်း၊ ဗီယက်နမ်ယူ-၁၉အသင်း၊ ဂျပန်ကလပ် ဆာပေါ်ရို ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အစဉ်အမြဲ ပံ့ပိုးကူညီခဲ့သည့် ကမ္ဘောဇဘဏ်သည် ယခု ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကို Title Sponsor အဖြစ် ပံ့ပိုးကူညီမည်ဖြစ်ပြီး ကမ္ဘောဇဘဏ် U-19 Cup 2016 ပြိုင်ပွဲအမည်ဖြင့် ကျင်းပမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ယခုပြိုင်ပွဲအပြင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းမတိုင်မီ ကျင်းပမည့် ယူ-၂၃ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲကိုလည်း စပွန်ဆာပေးရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူညီမှုရရှိခဲ့သည်။

KBZ Bank U-19 Cup 2016 ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ဝင်ကြေးအဖြစ် အထူးတန်း ကျပ်သုံးထောင်၊ ရိုးရိုးတန်းကျပ်တစ်ထောင် သတ်မှတ်ထားသည်။

**(စိုးညွန့်)**

# ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများစည်းဝေး နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေး ဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၁၃**
ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တိုင်းပြည်ကို ထူထောင်သည့်နေရာတွင် ဝန်ထမ်းများသည် တည်မြဲအမိန့်၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး ကျေပွန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရ တက်တက် ကိုယ့်အစိုးရဖြစ်သည်ဟု ခံယူပြီး အစိုးရနှင့် ပူးပေါင်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် တီထွင်ကြံဆ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်လမ်းညွှန်ချက်အတိုင်း ဦးဆောင်သွားမည်ဖြစ်သည့်အတွက် တာန်ကျေပွန်မှုမရှိသည့် ဝန်ထမ်းများအား အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ဌာနဆိုင်ရာများ၏ အသိပညာ၊ အတတ်ပညာ၊ အရင်းအမြစ်များဖြင့် ငါးနှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်သည့်အတွက် အချိန်ကို တန်ဖိုးရှိရှိ စီမံဆောင်ရွက်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများ အလေအလွင့် နည်းနိုင်သမျှနည်းအောင်နှင့် ရေရှည်စီမံကိန်းချမှတ်ပြီး ကြိုတင်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ အသိပညာ၊ အတတ်ပညာများ၊ အတွေ့အကြုံများကို အသုံးချပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဝိုင်းဝန်းလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**



# မိုးရွာသွန်းမှုများ၍ ရေး-ထားဝယ်ကားလမ်းရှိ မလွဲတောင်တွင် မြေပြိုမှုဖြစ်ပွား

**ရေး ဩဂုတ် ၁၃**
ရေးမြို့နယ် ကိုးမိုင်ကျေးအနီး ရေး-ထားဝယ်ကားလမ်းမလွဲတောင်ထိပ်မိုင်တိုင် အမှတ်(၁၁၃/၁၁၄)အကြား ရှင်းလင်းဆောင်အနီးတွင် ဩဂုတ် ၁၁ ရက် ည ၇ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့၍ ယာဉ်ရှစ်စီးခန့် ခေတ္တလမ်းပိတ်ဆို့ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိတ်ဆို့မှုအား မလွဲတောင်တာဝန်ခံ SAE ဦးစိုးနိုင်က ဦးဆောင်၍ မြေကော်စက်ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက် ည ၈ နာရီ ၂၅ မိနစ်တွင် ကားများဖြတ်သန်းသွားလာနိုင်ခဲ့သည်။

ယင်းနောက် ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၄၀တွင် လမ်းပိတ်ဆို့မှုထပ်မံဖြစ်ပွားခဲ့ရာ မလွဲတောင်တာဝန်ခံ ဦးဆောင်ကာ လမ်းလုပ်သား ၂၀နှင့်အတူ မြေကော်စက်ဖြင့် ရှင်းလင်းခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက်၈ နာရီခွဲခန့်က ကားများ ဖြတ်သန်းသွားလာနိုင်ပြီးဖြစ်ကြောင်း သိရသည်

**ထွန်းထွန်း(ရေး)**

# စည်းကမ်းမလိုက်နာသောဆိုင်ကယ်များအား ပညာပေးကာလ အဖြစ် ကနီမြို့၌ ကွင်းဆင်းဆောင်ရွက်

**ကနီ ဩဂုတ် ၁၃**
စစ်ကိုင်းဒေသကြီး ကနီမြို့နယ်တွင် ပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အခွန်ဦးစီးဌာနနှင့် ပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဩဂုတ် ၈ ရက်က မြို့ပေါ်လမ်းများတွင် နေရာခွဲ၍ စည်းကမ်းမဲ့ဆိုင်ကယ်များ ဖမ်းဆီးအရေးယူမှု ပညာပေးကာလ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်းကမ်းမဲ့ဆိုင်ကယ်များ ဖမ်းဆီးအရေးယူမှုကို ပညာပေးကာလတွင် ပြည်သူများ ပူးပေါင်းပါဝင်လာသော လူထုလုပ်ရှားမှု အသွင်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး ပညာပေးကာလကို ဩဂုတ် ၅ ရက်မှ ၂၀ ရက်အထိ သတ်မှတ်ထားပြီး ပညာပေးကာလကုန်ဆုံးလျှင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ ဆိုင်ကယ်တစ်စီးလျှင် နှစ်ဦးထက်ပို၍စီးသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက ပြောသည်။

အဆိုပါပူးပေါင်းအဖွဲ့မှ ဩဂုတ် ၈ ရက်က မြို့လယ်လမ်းမတွင် ဆိုင်ကယ်စီးနင်းလာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဝင်သူများကို ဦးထုပ်များဆောင်းပေးခြင်းနှင့် ဖမ်းဆီးအရေးယူခြင်းခံရလျှင် ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် ကြော်ငြာဆိုင်းဘုတ်များကို စိုက်ထူခဲ့ကြောင်း သိရသည်။

**ဆလိုင်း(ပြန်/ဆက်)**



# အဖျောက်-ဥတိုကားလမ်းရှိ တံတား အမှတ်(၁/၁၀) ရေစီးဖြင့်မျောပါ

**တိုက်ကြီး ဩဂုတ် ၁၃**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥတို-အဖျောက်ကားလမ်းမပေါ်ရှိ အကျယ် ၃၁ ပေ၊ အရှည်ပေ ၂၀ အောက်ခံအုတ်ခုံအပေါ် RC စလပ်လောင်း ဝဲယာလက်ရမ်း သုံးပေအမြင့်ပါ တံတားအမှတ်(၁/၁၀)သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းက ဧရာဝတီမြစ်နှင့် လှိုင်မြစ်ရေတက်မှုကြောင့် ရေစီးအရှိန်ဖြင့် မျောပါသွားခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသဖြင့် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက တော်ခရမ်းတံတားမှ အင်းလန်တံတားသို့ သွားရောက်မည့် ခရီးသွားပြည်သူများ၊ ဆိုင်ကယ်များ၊ အလှူရှင်များကလှူဒါန်းသော ထောက်ပံ့ရေးအသုံးအဆောင်ပစ္စည်းများ၊ ရေသန့်ဘူးများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်လှေများဖြင့် ကူညီပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် တိုက်ကြီးမြို့နယ်အတွင်း ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်ကျန်ရှိသော ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်လှေများဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မကွေးတိုင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေကျပ် သိန်း ၈၄၀ ကျော်ပေးအပ်

**မကွေး ဩဂုတ် ၁၃**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်တို့မှ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ငွေများ ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားရာ၌ မကွေးတိုင်းဒေသကြီးအတွင်းမှာ ဘိုးဘွားရိပ်သာ ခြောက်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကိုးခု၊ မျက်မမြင်ကျောင်းတစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၅၂ ကျောင်းရှိရာ ဒီဂေဟာတွေနဲ့အတူ ကလေးသူငယ် လူမမယ် ကလေးတွေကို မူလတန်းကြိုပညာများရရှိအောင် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွေအတွက်ပါ နိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့ချီးမြှင့်ပေးတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ထောက်ပံ့ငွေများပေးအပ်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်တွင်းကြီးမြို့နယ် ငါးဆင့်ကျောင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဗုဒ္ဓသာသနာပြုကျောင်းလူငယ် ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ချောက်ကြားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာ၊ မကွေးခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ယင်းနောက် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးတို့က မြို့နယ်အလိုက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်တို့မှ စေတနာ့ဝန်ထမ်း အဖွဲ့အစည်း ၂၂ ခုအား ထောက်ပံ့ငွေကျပ် ၈၄၀၅၅၀၀၀ တိတိ အား ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

# ရွှေပန်းကုန်းတံတား တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ဝက်လက် ဩဂုတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်းပေါ်ရှိ ရွှေပန်းကုန်း(ဦးချစ်တီး)တံတား တည်ဆောက်နေမှုအား ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို စစ်ကိုင်းတိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၀၅ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိပြီး တံတားအရှည်မှာ ၂၄ မီတာနှင့် အကျယ် ၉ မီတာရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ယင်းတံတားမှာ မုံရွာမြို့သို့ သွားလာရာတွင် အဓိကတံတားတစ်စင်းဖြစ်ပြီး တံတားပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေးအတွက် များစွာအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ဝက်လက်မြို့နယ် (ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ပြီးစီး

**မောက်မယ် ဩဂုတ် ၁၃**
မောက်မယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာထုတ်ကုန်လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲကာ နိုင်ငံတော်မှ တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို မောက်မယ်မြို့နယ် စဉ့်ဆိုင်ကျေးရွာအုပ်စု နားသဲတောင်ရွာနှင့် နားသဲမြောက်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များတို့အား နားသဲဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်ကြာသင်တန်း ပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းအိအိမွန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်နန်းမွေဟွမ်ငင်းတို့က သင်တန်းပို့ချပေးခဲ့ပြီး ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့သည်။ **စိုင်းမျိုးသန့် (ပြန်/ဆက်)**



## ပလတ်စတစ်ခြင်းထိုးပညာကိုလက်ဆင့်ကမ်းသင်ယူကာ ပုံမှန်အလုပ်အကိုင်များဖန်တီး

**မန္တလေး ဩဂုတ် ၁၃**
ဘဝတစ်ခုရပ်တည်ရေးအတွက် အလုပ်အကိုင်တစ်ခု ကိုယ်စီလုပ်နေရသည်။ အလုပ်အကိုင်အခွင့်အလမ်းများစွာသည် မိမိရွာ၊ မိမိမြို့၊ မိမိအိမ်အနီးတွင်ရှိနေသည်။ အိမ်ရှင်မများအတွက်မူ အိမ်မှုကိစ္စလည်းပြုလုပ်ရင်း ဝင်ငွေရစေသော အိမ်တွင်းမှုလက်မှုပညာဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်နိုင်သည်။

မြစ်ငယ်မြို့အနီး မြစ်လောင်းကျေးရွာရှိ အိမ်ရှင်မများမှာ ပလတ်စတစ်ခြင်းထိုးလက်မှုပညာဖြင့် ကိုယ့်အိမ်တွင်ပင် အလုပ်အကိုင် အခွင့်အလမ်းတို့ကို ရရှိနေကြသည်။ ခြင်းထိုးခြင်း အတတ်ပညာကို လက်ဆင့်ကမ်းသင်ယူမှုများပြုလုပ်ကာ ကုန်ကြမ်းဝယ်ယူကာ ကိုယ်တိုင်ပြုလုပ်ရောင်းချလာကြသည်။ အချို့မှာ လက်ခစားအနေဖြင့် ခြင်းထိုးသည်လည်းရှိသည်။

မြစ်လောင်းကျေးရွာရှိ အိမ်ရှင်မများကို ကိုယ့်အိမ်တွင်ပင် ခြင်းထိုးပြီး ဝင်ငွေရရှိစေရန် အလုပ်အပ်နှံသည့် ပလတ်စတစ်ခြင်း ထုတ်လုပ်ရောင်းဝယ်သူများစွာရှိသည်။ ခြင်းရက်သူများကို ကုန်ကြမ်းပစ္စည်းပေးပြီး လက်ခစားဖြင့် ခြင်းထိုးစေကာ အကျိုးတူဆောင်ရွက်ကြသည်။ ပလတ်စတစ်ခြင်းထိုးရန်အတွက် ပထမဦးစွာ ခြင်းအရွယ်အစားအလိုက် ပြုလုပ်ပေးထားသည့် သစ်သားရိုက်ကြရသည်။ ဒုတိယအဆင့်အနေဖြင့် ပတ်ပင်ပတ်ပေးကြရသည်။ ပတ်ပင်ပတ်ပြီးသည်နှင့် လှပခိုင်ခံ့သော ခြင်းတစ်လုံးဖြစ်ရေးအတွက် ခြင်းရက်လုပ်ကြရသည်။ နောက်ဆုံးအဆင့်တွင် နှုတ်ခမ်းသိမ်း၊ ကိုင်းတပ်ကာ ဈေးကွက်ဝင်သည့်လှပသော ပလတ်စတစ်ခြင်းများအဖြစ် ဖန်တီးရက်လုပ်ကြရသည်ဟုဆိုသည်။

လှပသောပလတ်စတစ်ခြင်းများ ရက်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ပလတ်စတစ်ကြိုးအမာကို မန္တလေးမြို့ စက်မှုဇုန်(၁)ရှိ ပလတ်စတစ်ကြိုးမာစက်ရုံမှ ဝယ်ယူကြရသည်။ ပလတ်စတစ်ကြိုးမာ တစ်ကီလိုလျှင် ငွေကျပ် ၁၂၀၀ ပေးရသည်။ ပလတ်စတစ်ခြင်းများကို တင်ပို့ရာတွင် လေးလုံးတစ်တွဲ တွဲလေ့ရှိသည်။ ထမင်းချိုင့်ဆိုက်၊ အသေး၊ အလတ်၊ အကြီးဟူ၍ အရွယ်အစားလေးမျိုးကို ထုတ်လုပ်တင်ပို့လေ့ရှိကြသည်။

မြစ်လောင်းရွာမှ ပလတ်စတစ်ခြင်းများကို ရွှေဘို၊ မြစ်ကြီးနားနှင့် မန္တလေးမြို့ရှိ ဆိုင်ကြီးများသို့ တင်ပို့ပေးရသည်။ ပလတ်စတစ်ခြင်းတစ်လုံးကို လုပ်အားခငွေကျပ် ၅၀၀ ရရှိသည်။ လက်ရှိကာလ မြစ်လောင်းကျေးရွာမှ ထုတ်လုပ်သောပလတ်စတစ်ခြင်းများ၏ ဖောက်သည်ပေးသည့်ဈေးနှုန်းများမှာ ရိုးရိုးအကြီးတစ်လုံးလျှင် ငွေကျပ် ၁၄၅၀ ရှိပြီး ပြန်ရောင်းဈေးမှာ ကျပ် ၂၀၀၀ မှ ၂၅၀၀ ရှိသည်။ အလတ်တစ်လုံးလျှင် ဖောက်သည်ဈေး ကျပ် ၁၂၅၀ ပြန်ရောင်းဈေး ကျပ် ၁၈၀၀ မှ ၂၀၀၀၊ အသေးတစ်လုံး ဖောက်သည်သွင်းဈေး ကျပ် ၁၀၀၀ ပြန်ရောင်းဈေး ကျပ် ၁၅၀၀၊ ထမင်းချိုင့်ထည့်သည့်ခြင်းတစ်လုံးလျှင် ဖောက်သည်သွင်းဈေး ကျပ် ၇၀၀ ပြန်ရောင်းဈေး ငွေကျပ် ၁၀၀၀ ရှိသည်။

ခြင်းဈေးနှုန်းများမှာ နေရာဒေသ သယ်ယူပို့ဆောင်မှု အနီးအဝေးပေါ်မူတည်ကာ ဈေးနှုန်းကွာခြားမှုလည်းရှိကြောင်း ပလတ်စတစ်ခြင်း ထုတ်လုပ်ရောင်းချသူတစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**

# ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနက ရေဘေးရှောင်ပြည်သူများအား ကူညီထောက်ပံ့ရေး ပစ္စည်းများ ပေးဝေလှူဒါန်း

**သရက် ဩဂုတ် ၁၃**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ရေဘေးရှောင်ပြည်သူများအား ကူညီထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရာဝတီမြစ်ရေဝင်ရောက်သည့် ကျေးရွာနှင့် ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက အဖွင့်အမှာစကားပြောကြားရာတွင် "ယနေ့ အချိန်အခါ ရာသီဥတုပြောင်းလဲမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များလည်း ရင်ဆိုင်ကြုံတွေ့နေရတာ အားလုံးအသိဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ရှောင်လွှဲ၍ မရပေမယ့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်အဆင့် ဖြစ်ပွားလာတဲ့အခါ ရှာဖွေ ကာကွယ်ရေးအဆင့်ပြီးရင် ပြန်လည် ထူထောင်တဲ့ အဆင့်နှင့် နောင်တစ်ချိန်မှာ မဖြစ်အောင် မှတ်တမ်းမှတ်ရာများထားပြီး ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဟူ၍ အဆင့်များ ခွဲခြားရင်ဆိုင်ကြရမည်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရေဘေးရှောင် ရပ်ကွက်များနှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများအား အိမ်ထောင်စုအလိုက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ပေးဝေလှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား ပေးဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ငါန်းဇွန်မြို့သဲဖြူပရိယတ္တိစာသင်တိုက်၌ အခမဲ့အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

**ငါန်းဇွန် ဩဂုတ် ၁၃**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ သဲဖြူပရိယတ္တိစာသင်တိုက်၌ အခြေခံကွန်ပျူတာသင်တန်း(၃/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက် ၇နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ကန်တော့၍ အခမ်းအနား စတင်ဖွင့်လှစ်ပြီး တမာပင်ကြီးကျေးရွာ မဟာတိလောကရာမ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသောဘိတနှင့် မြို့နယ်သံဃနာယကဥက္ကဌဆရာတော် ဘဒ္ဒန္တဥတ္တမက ဆုံးမဩဝါဒ မိန့်ကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လိုက်နာရမည့်စည်းကမ်းချက်များကို သင်တန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးမြင့်ဇော်က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအခြေခံကွန်ပျူတာသင်တန်းသို့ မြို့နယ်အတွင်းရှိသင်တန်းသား၊ သင်တန်း သူ ၄၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း ဦးမြင့်ဇော်က ပြောသည်။

**သက်နောင်ဦး**

# ၈၈ မျိုးဆက်သစ် ကျောင်းသားဟောင်းများအဖွဲ့ချုပ်(မိတ္ထီလာ)ဦးဆောင်၍ ၂၁ ရာစု ငြိမ်းချမ်းရေး ပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲကျင်းပ



**မိတ္ထီလာ ဩဂုတ် ၁၃**
မိတ္ထီလာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ ကြိုဆိုထောက်ခံပွဲကို ၈၈ မျိုးဆက်သစ်ကျောင်းသားဟောင်းများအဖွဲ့ချုပ် (မိတ္ထီလာ)ဦးဆောင်၍ ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ ကြောင်း သိရသည်။

"ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာလည်း ၂၁ ရာစု ငြိမ်းချမ်းရေးပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲတွေ ကျင်းပခဲ့ပြီးဖြစ်လို့ မိတ္ထီလာမြို့နယ်အနေနဲ့ ပြုလုပ်ဖို့လိုအပ်တာမို့ ဒီနေ့ပွဲကို ပြုလုပ်တာဖြစ်ပါတယ်။ ၈၈ မျိုးဆက်သစ်ကျောင်းသားဟောင်းများအဖွဲ့ချုပ် (မိတ္ထီလာ) အနေနဲ့ ဒီငြိမ်းချမ်းရေးညီလာခံထောက်ခံပွဲကို စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပနိုင်ဖို့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ဒေသခံမြို့မိမြို့ဖတွေရဲ့ ဝိုင်းဝန်းကူညီမှုကို ရယူဆောင်ရွက်ခဲ့တာပါ။ အခုလို ကြိုဆိုထောက်ခံပွဲပြုလုပ်ရတာကလည်း ၂၁ ရာစုငြိမ်းချမ်းရေးပင်လုံညီလာခံကြီးကနေတစ်ဆင့် ငြိမ်းချမ်းရေးရရှိပြီးတော့ နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် မျှော်လင့်ရည်မှန်းပြီး ပြုလုပ်တာဖြစ်ပါတယ်" ဟု မိတ္ထီလာမြို့နယ် ၈၈ မျိုးဆက်သစ်ကျောင်းသားဟောင်းများအဖွဲ့ချုပ်မှ ကိုအောင်ဇော်မင်း (ခ) ကိုမယ်ပက ပြောသည်။

ယင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ ကြိုဆို ထောက်ခံပွဲတွင် ၈၈ မျိုးဆက်သစ် ကျောင်းသားဟောင်းများအဖွဲ့ချုပ်(မိတ္ထီလာ)၊ ကမ်းလက်၊ ငြိမ်းအေးဝေစည်မြန်မာပြည်စသည့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်း၊ ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများစုပေါင်း၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ အနီးမှ မြို့မရပ်ကွက် လွတ်လပ်ရေးပန်းခြံအတွင်းသို့ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရပ်စဲရေး စသည့် ကြွေးကြော်သံများဖြင့် ချီတက်လမ်းလျှောက်ကြသည်။

ဆက်လက်၍ လွတ်လပ်ရေးပန်းခြံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံနှင့် ပတ်သက်၍ လူမှုရေးအသင်းအဖွဲ့ ဦးဆောင်သူများနှင့် ၈၈ မျိုးဆက်သစ် ကျောင်းသားဟောင်းများအဖွဲ့ (မိတ္ထီလာ) တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းရေး တေး သီချင်းသရုပ်ဖော်များဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာငါးရွာအား ရန်ပုံငွေလွှဲအပ်၍ဘဏ္ဍာရေးဆိုင်ရာသင်တန်းဖွင့်လှစ်

**မော်လိုက် ဩဂုတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျာထားသော မြစိမ်းရောင်စီမံကိန်းကျေးရွာငါးရွာအား မြစိမ်းရောင်ရန်ပုံငွေလွှဲအပ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကိုဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက မြစိမ်းရောင် စီမံကိန်းကျေးရွာငါးရွာအနေဖြင့် ယခုလိုမြစိမ်းရောင် စီမံကိန်းကျေးရွာရန်ပုံငွေရရှိခြင်းဖြင့် မိမိကျေးရွာနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိ ခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာများ ဖူလုံစွာရရှိခြင်း၊ ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာပြီး မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ပါကရင်ဆိုင်ဖြေရှင်းနိုင်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာခြင်း စသည့်ရည်ရွယ်ချက်များစွာဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများပေးအပ်ခြင်းဖြစ်ရာ ကျေးရွာများအနေဖြင့် ရည်ရွယ်ချက် ရည်မှန်းချက်များအတိုင်း အကောင်အထည်ပေါ်လာစေရန် ကြိုးစားလုပ်ကိုင်သွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် မော်လိုက်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးနှင့် တာဝန်ရှိသူတို့မှ မြစိမ်းရောင်ကျေးရွာ ငါးရွာဖြစ်သည့် နွဲခိုကျေးရွာ၊ ခုံသာကျေးရွာ၊ မိုးကောင်းကျေးရွာ၊ နန်းစောက်စောက် ကျေးရွာနှင့် ဇီးကုန်း-အင်္ဂလပ်ကျေးရွာတို့အတွက် တစ်ရွာလျှင် ကျပ်သန်း ၃၀ နှုန်းဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့အား ပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ဘဏ္ဍာရေးဆိုင်ရာသင်တန်းကို အဆိုပါအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ မြစိမ်းရောင်စီမံကိန်းကျေးရွာငါးရွာမှ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# မြန်မာ့ဘဏ္ဍာကို အခွန်ဖြင့် ဖြည့်တင်းမည်ဆိုလျှင် . . .

**မေဖြိုးခင်**

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် အခွန်နှင့်သက်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုသည် အချိန်နှင့်အမျှ မြန်ဆန်စွာ ပြောင်းလဲလျက်ရှိသည်။ အခွန်များကို စိစစ်ကြပ်မတ်ကောက်ခံနိုင်ရန် အခွန်စနစ်အမျိုးမျိုးကိုလည်း ချမှတ်ကျင့်သုံးခြင်း၊ ရရန်ရှိသည့် အခွန်ကြွေးကျန်များ၊ ရသင့်ရထိုက်သည့်အခွန်များကိုလည်း သက်ဆိုင်ရာဌာနများက အဆင့်ဆင့်စစ်ဆေးကာ ကောက်ယူခြင်း၊ နိုင်ငံတကာမှ အခွန်ပညာရှင်များ၊ ကမ္ဘာ့ငွေကြေးအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ International Tax and Investment Centre စသည့် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း အကြံဉာဏ်များ၊ အကူအညီများ၊ သင်တန်းများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

**အခွန်ဆိုသည်မှာ** တိုင်းပြည်၊ လူ့အဖွဲ့အစည်းများအတွက် ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းဆောင်တာများတွင် ကျခံသုံးစွဲနိုင်ရန် နိုင်ငံအတွင်းရှိ လုပ်သားများ၏ဝင်ငွေ၊ စီးပွားရေးလုပ်ငန်းများ၏ အမြတ်ငွေ၊ အချို့ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ ရောင်းဝယ်ဖောက်ကားမှုများ စသည်တို့အပေါ်မှ နိုင်ငံတော်ဘဏ္ဍာသို့ မဖြစ်မနေ ထည့်ဝင်ပေးဆောင်ရန် အစိုးရများက ပြဋ္ဌာန်းသတ်မှတ်ကောက်ခံသောငွေကြေးကို ဆိုလိုပါသည်။

တိုင်းပြည်အလိုက် အခွန်အမျိုးအစားများစွာရှိသော်လည်း အဓိကအခြေခံထားပြီး ကောက်ယူနေသည့် အခွန်အမျိုးအစားများမှာ အကောက်ခွန် (Custom duty)၊ ဝင်ငွေခွန် (Income Tax)၊ ကုန်သွယ်ခွန်(Commercial Tax)၊ (Capital Gain Tax)၊ (Withholding Tax) တို့ဖြစ်သည်။ အခွန်၊ အကောက်များ ကောက်ယူရာတွင် နိုင်ငံရေး၊ စီးပွားရေးတို့နှင့် ဆက်စပ်၊ ချင့်ချိန်၊ တွက်ချက်ကောက်ယူရသည့် သဘာဝရှိသည့်အတွက် အခွန်အကောက်တို့၏ သဘောတရား၊ ပရိယာယ်တို့ကို နားလည်တတ်ကျွမ်းဖို့လိုသည်။ အခွန်ယန္တရားကို ပရိယာယ်ကြွယ်ဝစွာ ကိုင်တွယ်မောင်းနှင်နိုင်လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအစရှိသည့် တိုင်းပြည်အုပ်ချုပ်ရေးယန္တရားများကို ဟန်ချက်ညီညီထိန်းချုပ်နိုင်ပြီး ရည်မှန်းချက်များကို လွယ်ကူစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**အခွန်ထမ်းပြည်သူများကိုလည်း အခွန်ဆိုင်ရာ ဗဟုသုတများ ပညာပေးခြင်း၊ ရရှိလာသော အခွန်ဘဏ္ဍာများကို တိုင်းပြည်တည်ဆောက်ရေး၌ မည်သို့ခွဲဝေသုံးစွဲကြောင်း ပွင့်လင်းမြင်သာစွာ တိတိကျကျ သတင်းထုတ်ပြန်ပေးခြင်း စသည်ဖြင့် နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်သင့် . . .**

အခွန်များထဲတွင် ကုန်သွယ်လုပ်ငန်းခွန်သည် နိုင်ငံ၏ ဘဏ္ဍာငွေရှာပေးသည့် အခွန်များအနက် အထူးအရေးပါသော အခွန်အမျိုးအစားဖြစ်သည်။ နိုင်ငံတွင်းရှိ ပြည်သူများ၊ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားဧည့်သည်များက နေ့စဉ်နှင့်အမျှ အချိန်တိုင်း ဝယ်ယူသုံးစွဲသည့် ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းတိုင်းအပေါ်တွင် ကောက်ခံခြင်းကြောင့် စဉ်ဆက်မပြတ်ရရှိနေသော အခွန်ဖြစ်သည်။ ပြည်သူများ အသုံးအစွဲများလာလေ ကုန်သွယ်ခွန်မှာလည်း တိုးပွားလာလေဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင်လည်း GST (Goods Service Tax) သို့မဟုတ် VAT (Value Added Tax) အဖြစ်ကောက်ခံလျက်ရှိပြီး လူတော်တော်များများက ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိကောက်ခံနေသော ကုန်သွယ်လုပ်ငန်းခွန်သည် ငါးရာခိုင်နှုန်းသာဖြစ်သည့်အတွက် နိုင်ငံတကာနှုန်းထားများဖြင့် နှိုင်းယှဉ်လျှင် နည်းသည်ဟုပြော၍ရသည်။

ယခုတွေ့ရှိရသည်မှာ စားသောက်ဆိုင်ကုန်သွယ်လုပ်ငန်းခွန်၊ မိုဘိုင်းဖုန်းများ၏ငွေဖြည့်ကတ်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်စသည်ဖြင့် လုပ်ငန်းတစ်ခုစီအလိုက် လိုက်လံကောက်ခံနေခြင်းဖြစ်ပြီး အဆင်ပြေလျှင် ကောက်လိုက်၊ ကန့်ကွက်မှုများလာလျှင် ဆိုင်းငံ့ထားလိုက်နှင့် လုပ်ငန်းရှင်များမသိ၍ဆိုလျှင် ပညာပေးကာလသတ်မှတ်ပေးရပြီး ရှင်းလင်းရလိုက်နှင့် ရှုပ်ထွေးလှသည်။ အကယ်၍သာ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်ကို ရှင်းလင်းပြတ်သားစွာ ကောက်ခံမည်ဆိုလျှင် တိုင်းပြည်အတွက်ရရှိနိုင်မည့်၊ ရသင့်ရထိုက်သည့် ဘဏ္ဍာဝင်ငွေများမှာ သိသိသာသာတိုးတက်ပွားများလာမည်ဖြစ်သည်။ ထို့အပြင် အခွန်ဝန်ထမ်းများအနေဖြင့်လည်း လုပ်ငန်းများကို နိုင်နိုင်နင်းနင်းဖြင့် အဆင်ပြေပြေ၊ အခက်အခဲနည်းနည်းနှင့် တိကျပိုင်နိုင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ကုန်ပစ္စည်းရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုတိုင်းအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကို လုပ်ငန်းတိုင်းအတွက် ညီမျှစွာကောက်ခံခြင်းဖြင့် လူတိုင်းအခွန်ပေးဆောင်ခြင်းကို ကျင့်သားရလာအောင် လုပ်ဆောင်သင့်ပေသည်။

အခွန်ရုံးမှ ဝန်ထမ်းများအနေဖြင့်လည်း ကဏ္ဍအလိုက် တစ်ခုချင်းစီ စိစစ်ကြပ်မတ်နေခြင်း၊ ရှင်းလင်းအောင်ဆောင်ရွက်နေရခြင်းထက် ဝန်ဆောင်မှုတိုင်း၊ ကုန်သွယ်မှုတိုင်းအပေါ် တစ်ပြေးညီစိစစ်ကြပ်မတ်ရခြင်းကို အချိန်၊ စရိတ်သက်သာစွာဖြင့် လုပ်ဆောင်နိုင်ပေသည်။ သို့ရာတွင် မည်သည့်လုပ်ငန်းများ၊ မည်သည့်ဝန်ဆောင်မှုများပေါ်တွင် ကောက်ခံမည်၊ မည်သို့ကောက်ခံမည်ကို သေချာစွာလေ့လာသုံးသပ်ပြီး ကြိုတင်ပြင်ဆင်သင့်သည်။ အခြေအနေ၊ အကြောင်းကြောင်းကြောင့် ကဏ္ဍအလိုက်သွားရမည်ဆိုလျှင်လည်း အခွန်နယ်ပယ်ကို သေချာစွာရွေးသင့်သည်။ ပြီးလျှင် မည်သို့ချဲ့ထွင်သွားမည်ကိုလည်း ကြိုတင်စဉ်းစားထားသင့်သည်။ ထို့အပြင် အခွန်ထမ်းကြသည့် ပြည်သူများအတွက်လည်း ထိုကုန်သွယ်လုပ်ငန်းခွန်များကို မည်ကဲ့သို့ သုံးသည်၊ မည်မျှရရှိသည်ဆိုသည်ကို ပွင့်လင်းမြင်သာအောင် ရှင်းလင်းတင်ပြသင့်ပေသည်။

ယခုလက်ရှိတွင် တယ်လီဖုန်းပြောဆိုခများနှင့် အင်တာနက်အသုံးပြုမှုအတွက် တယ်လီဖုန်းငွေဖြည့်ကတ်များ သုံးစွဲမှုမှကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ပညာရေးအသုံးစရိတ်အတွက်သုံးမည်ဟု နိုင်ငံတော်၏အကြံပေးပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ မိမိပေးလိုက်သောအခွန်ဖြင့် မိမိနေထိုင်လုပ် ကိုင်စားသောက်နေသော လူမှုဝန်းကျင် တိုးတက်ပြောင်းလဲလာလျှင် အခွန်ဆိုသည်မှာ အလှူဒါနတစ်ခုအဖြစ် လွယ်လင့်တကူလက်ခံလာပြီး အခွန်ဆောင်ရန်လည်း ပင်ကိုအသိစိတ် နိုးကြားလာမည်ဖြစ်သည်။ ထို့အတူ အခြားသော ကုန်သွယ်လုပ်ငန်းခွန်များကိုလည်း မည်ကဲ့သို့ အသုံးပြုမည်ကို စာရင်းအင်းနှင့်တကွ အကြမ်းဖျင်းဖော်ပြနိုင်လျှင် ပြည်သူများအနေဖြင့် အခွန်ကို တာဝန်သိစွာ ထမ်းချင်လာမည်ဖြစ်ပေသည်။

ထို့အပြင် ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးနှင့် ကွမ်းစားဆေးအမျိုးမျိုး အပါအဝင် ဆေးရွက်ကြီးထွက်ပစ္စည်းများ၊ အရက်နှင့်ဘီယာစသည့် ကန့်သတ်ထားသော အထူးကုန်စည်များအပေါ်တွင် လက်ရှိကောက်ခံနေသော အထူးကုန်စည်ခွန်သည် အခွန်ဘဏ္ဍာရှာဖွေရာတွင် လွန်စွာအသုံးဝင်သော အခွန်အမျိုးအစားဖြစ်သည်။ မြန်မာပြည်၏ အခွန်ဥပဒေသစ်များတွင် ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ၊ အရက်နှင့်ဘီယာစသည့်ပစ္စည်းများအပေါ် အထူးကုန်စည်ခွန်များကို တိုးမြှင့်ကောက်ခံလျက်ရှိသည်ကိုတွေ့ရသော်လည်း နှစ်စဉ် ထိုအခွန်များ မည်မျှတိုးတက် ကောက်ယူရရှိနေသည်ကိုမူ ထူးထူးခြားခြား ဖော်ပြထားခြင်း မတွေ့ရပေ။ ထို့အပြင် မည်ကဲ့သို့ ပြန်လည်သုံးစွဲသည်ကိုလည်း မသိရချေ။ ဈေးကွက်ထဲတွင်လည်း အဆိုပါ ဆေးလိပ်၊ အရက်၊ ဘီယာနှင့် ကွမ်းစားဆေးအမျိုးမျိုးအပါအဝင် ဆေးရွက်ကြီးထွက်ပစ္စည်းများမှာ အရေအတွက်များစွာ၊ အမျိုးအစားစုံလင်စွာဖြင့် အစဉ်တိုးပွားလာလျက်ရှိသည်။ ထို့အပြင် သတ်မှတ်ထားသည့် အခွန်တံဆိပ်ခေါင်းများ မပါဝင်သည့် အဆိုပါပစ္စည်းများအား ဈေးကွက်အတွင်း ပေါများစွာ လွယ်လွယ်ကူကူဝယ်ယူရရှိနေမှုသည် အစိုးရမှရရှိသင့်သည့်အခွန်အခများ ဆုံးရှုံးလျက်ရှိနေသည်ကို သက်သေပြရာရောက်သည်။

ထို့ပြင် အခြားသောကုန်ပစ္စည်းများသည်လည်း တရားမဝင်မှောင်ခိုနည်းလမ်းများဖြင့် ဝင်ရောက်နေပြီး စိစစ်ဖမ်းဆီးမှု မှတ်တမ်းများက အခွန်များ မည်မျှဆုံးရှုံးနေသည်ကို သက်သေခံသကဲ့သို့ ဖြစ်နေသည်။ စိစစ်ရသူများကလည်း အချိန်နှင့်တစ်ပြေးညီ စိစစ်ရန်နှင့် အားလုံးသောကုန်သွယ်မှုများကို တိတိကျကျစိစစ်ရန် လူအင်အား၊ နည်းပညာနှင့် ကျွမ်းကျင်မှုစသည်ဖြင့် အားနည်းချက်များရှိကြောင်းကို ပြောကြားထားသည်ကိုလည်း တွေ့ရသည်။ ထိုကိစ္စများကိုသာ ကိုင်တွယ်ဖြေရှင်းနိုင်လျှင် နောက်ထပ်အခွန်များ ထပ်မံရရှိနိုင်သည်။ သတ်မှတ်ချက်များနှင့်အညီ အခွန်အခများပေး၍ ထုတ်လုပ်လျက်ရှိသော တရားဝင်လုပ်ကိုင်နေသည့် လုပ်ငန်းများအတွက်လည်း တရားမဝင်ကုန်သွယ်မှုများကြောင့် ဈေးကွက်အတွင်းပြိုင်ဆိုင်မှုတွင် အခက်အခဲ၊ အဟန့်အတားများ ဖြစ်စေသည်။ အခွန်အခများကို တာဝန်ယူပြီး ပေးဆောင်နေသော လုပ်ငန်းများအဖို့ အသိအမှတ်ပြုမှုနှင့် မျှတမှုရှိသည်ကို သိရှိစေရန်လိုအပ်သည်။ သို့မှသာ လုပ်ငန်းရှင်များကလည်း အခွန်အခများကို တိတိကျကျနှင့် ပေးဆောင်ကြမည်ဖြစ်ပေသည်။

အချုပ်ဆိုရသော် မြန်မာ့ဘဏ္ဍာကို အခွန်ဖြင့် ဖြည့်တင်းရန် ကြိုးပမ်းကြရာတွင် အဓိကကောက်ခံမှု အင်အားအကောင်းဆုံးဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်များကို စိစစ်ကြပ်မတ်ပြီး အပြည့်အဝရရှိအောင် သေချာစွာကိုင်တွယ် ဆောင်ရွက်သင့်ပါသည်။ ရရန်ရှိသည့် အခွန်ကြွေးကျန်များ၊ အခွန်အပြည့်အဝမဆောင်မှုများ၊ အခွန်ရှောင်နေမှုများ၊ အခြားရသင့်ရထိုက်သည့် အခွန်များကိုလည်း သက်ဆိုင်ရာဌာနများက အဆင့်ဆင့်စစ်ဆေးအရေးယူကာ ဖော်ထုတ်ကောက်ခံရန် လိုအပ်ပါသည်။ လက်ရှိအခွန်ကောက်ခံမှုနယ်ပယ်များမှ အခွန်များကို အပြည့်အဝရရှိအောင် ကောက်ခံရမည့်အပြင် အခြားတစ်ဖက်တွင်လည်း အခွန်နယ်ပယ်အသစ်နှင့် ကောက်ခံဆောင်ရွက်ပုံအသစ်များကို မည်သို့ ချဲ့ထွင်ရမည်ကိုလည်း စဉ်းစားသင့်ပါသည်။

အခွန်ထမ်းပြည်သူများကိုလည်း အခွန်ဆိုင်ရာဗဟုသုတများ ပညာပေးခြင်း၊ ရရှိလာသောအခွန်ဘဏ္ဍာများကို တိုင်းပြည်တည်ဆောက်ရေး၌ မည်သို့ခွဲဝေသုံးစွဲကြောင်း ပွင့်လင်းမြင်သာစွာ တိတိကျကျ သတင်းထုတ်ပြန်ပေးခြင်း စသည်ဖြင့် နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့ အခွန်ဆိုင်ရာ ကိစ္စရပ်များကို အဘက်ဘက်မှ တိုးတက်လာအောင် ပံ့ပိုးဆောင်ရွက်ကြမှသာလျှင် နိုင်ငံတော်၏ဘဏ္ဍာဝင်ငွေကို အပြည့်အဝရရှိနိုင်ရုံသာမက အစိုးရအနေဖြင့်လည်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာပုံရိပ်များ မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ရေဝင်ရွာများ၌ ခြင်ဆေးဖျန်းခြင်း ရေတွင်းရေကန်များအတွင်း ဆေးခတ်ခြင်းများဆောင်ရွက်

**တံတားဦး ဩဂုတ် ၁၃**

တံတားဦးမြို့နယ်တွင် ကျေးရွာအချို့၌ ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေများ ဝင်ရောက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ရေလွတ်ရာကုန်းမြင့်နေရာများ၊ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြပြီး ယခုအခါ မြစ်ရေများကျဆင်းပြီး မိမိတို့နေထိုင်ကြသည့် နေအိမ်များသို့ ပြန်လည်နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြောင်းရွှေ့နေထိုင်ကြသည့် တံတားဦးမြို့နယ် ဈေးချိုကျေးရွာအုပ်စု မြစ်သာကျေးရွာရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ ရေတွင်းရေကန်များအတွင်း ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးများ၊ ကလိုရင်းပေါင်ဒါဆေးမှုန့်များ ခတ်ခြင်းကို ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကိုက်ခြင်းမှ ကူးစက်ပြန့်ပွားနိုင်ခြင်းကြောင့် ကျန်းမာရေးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုကာ ရေဝင်ရောက်သည့် ကျေးရွာများ၌ ခြင်ဆေးဖျန်းခြင်း၊ သောက်သုံးရေများကို အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဘိတ်ဆေးသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ခြင်းကို ကာကွယ်ပေးပြီး ကလိုရင်းပေါင်ဒါဆေးမှုန့်မှာ ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ပေးကြောင်းသိရသည်။ ထို့ပြင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရေဝင်ရောက်သည့်ရက်မှစ၍ ယနေ့အထိ နေ့စဉ်အဖွဲ့များခွဲပြီး ကုသရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးက ပြောသည်။

**ရဲတင့်(မြန်/ဆက်)**

ဝဝ

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၇ ဒသမ ၅၄သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၃၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၆ ဒသမ ၉၁ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၂၄၃ ဒသမ ၈၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၈ ဒသမ ၆၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၅၁၂ ဒသမ ၄၉ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇွန်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၅၉ ဒသမ ၄၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၆၅ ဒသမ ၅၈ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၅၂ ဒသမ ၈၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၄ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၂၇ ဒသမ ၆၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၂၃ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၄ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၇၇ ဒသမ ၈၁ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၆၅၀၅ ဒသမ ၄၅ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၅၀ ဒသမ ၁၇ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**



မိုးရာသီအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မိဘပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက် မြစ္စာညိုလမ်း၌ ဆွေးမြည့်ဟောင်းနွမ်းနေသော သစ်သားလျှပ်စစ်မီးတိုင်များအား ကွန်ကရစ်မီးတိုင်အဖြစ်သို့ မီးကြိုးများအား ပြောင်းရွှေ့တပ်ဆင်ပေးခြင်းလုပ်ငန်းကို သြဂုတ် ၉ ရက် ညနေပိုင်းတွင် မြို့နယ်မီးလင်းရေးကော်မတီအဖွဲ့နှင့် လျှပ်စစ်ဝန်ထမ်းများက မီးကြိုးအဟောင်းများအား အသစ်ပြန်လည် လဲလှယ်ပေးခဲ့ပြီး မီးကြိုးနှင့်မလွတ်သည့် သစ်ကိုင်းသစ်ခက်များအား ရှင်းလင်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- မောင်မောင်(ခမောက်ကြီးပြန်/ဆက်)

# ပန်လုံ၌ရေဆင်း(၁၀)အစေ့ထုတ်ပြောင်း မျိုးစေ့ထုတ်လုပ်ငန်းလက်တွေ့ပြသ

**ပန်လုံ သြဂုတ် ၁၃**
'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့၌ ရေဆင်း(၁၀) အစေ့ထုတ်ပြောင်း မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်မှု လက်တွေ့ပြသခြင်းကို သြဂုတ် ၁၁ ရက် နံနက် ၁၁ နာရီက မုန်းကွန်ကျေးရွာအုပ်စု လုံတုံးရွှေကျေးရွာရှိ တောင်သူဦးအိုက်ကတ်နှင့် ဦးအိုက်နပ်တို့၏ ယာမြေ နှစ်ဧကတွင် ဆောင်ရွက်ခဲ့သည်။

ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က မျိုးစေ့ထုတ်လုပ်ခြင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးပြီး အမလိုင်းမှ အဖိုနှံများကို ဖယ်ရှားခြင်းနှင့် စနစ်တကျ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို လက်တွေ့ပြသကာ ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်မျိုးစေ့ထုတ်တာဝန်ခံ ဦးစိုင်းမြအေးက မျိုးစေ့ဆိုင်ရာလုပ်ထုံး လုပ်နည်းများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သော်တာထွန်းက အစေ့ထုတ် မျိုးစေ့ထုတ်လုပ်ရာတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများ အကြောင်းကိုလည်းကောင်း၊ ပန်လုံမြို့စိုက်ပျိုးရေးဦးစီးမှူး ဦးချိုလေးက အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်လုပ်ငန်းကို လုပ်ကိုင်မည့် တောင်သူများအား နည်းပညာပေးဆောင်ရွက်သည့်အနေဖြင့် လက်တွေ့ပြသဆောင်ရွက်ခဲ့ရာ ပန်လုံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုပန်ခရိုင်အတွင်းရှိစိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့

**မုံရွာ သြဂုတ် ၁၃**
မြန်မာနိုင်ငံအထက်ပိုင်းတွင် ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေများ လျှံတက်ဝင်ရောက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအချို့တွင် ရေဘေးသင့်မှု ဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးဝ၊ မင်းကင်း၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး၊ ကသာ၊ ထီးချိုင့်၊ စတဲ့ မြို့နယ်တွေက ရေဘေးသင့် ပြည်သူတွေကို အရေးပေါ် အစားအစာတွေဖြစ်သည့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းတွေဖြစ်သည့် ကျားဝတ်လုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ တဘက်၊ ဆပ်ပြာ၊ တီရှပ် အင်္ကျီတွေ ဒုတိယအကြိမ် ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါအပြင် မြစ်ရေ ချောင်းရေ ပြန်လည်ကျဆင်းသွားတဲ့ အခါမှာ တင်ကျန်ရစ်သည့် နွံနှင့် အနယ်အနှစ်တွေ ဆေးကြောဖယ်ရှားဖို့အတွက် စက်သုံးဆီတွေကိုလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ ယခု ဒုတိယအကြိမ်မှာ ကျပ်သိန်း ၅၀၀ ကျော် တန်ဖိုးရှိသည့် ပစ္စည်းမျိုးစုံကို ရေဘေးသင့် ပြည်သူတွေထံအရောက် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ရေဘေးသင့်ဒေသတွေ အတွက် ယူနီဆက်က ထောက်ပံ့ပေးသည့် ကယ်ဆယ်ရေးပစ္စည်း ရှစ်မျိုးပါတဲ့ ပလတ်စတစ်ပုံး ၁၀၀၀ လည်း ဆက်လက်ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးစဝီလီဖရန့် က ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လ နောက်ဆုံးအပတ် ဒုတိယအကြိမ် ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခုရှိ မြို့နယ်ပေါင်း ၁၁ ခုမှ အိမ်ထောင်စုပေါင်း ၆၃၂၉ စုမှ လူဦးရေ ၂၇၉၉၆ ဦး ရေဘေးသင့်ခဲ့ရပြီး အိမ်ခြေ ၆၂၈၅ အိမ် ပြောင်းရွှေ့ခဲ့ရကာ အိမ်ခြေ ၂၅ အိမ် ရေမျောပါပျက်စီးပြီး ထီးချိုင့်မြို့နယ်တွင် လူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## တာပွန်မြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**တာပွန် သြဂုတ် ၁၃**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့၌ မိုးရာသီကာလ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပေါ်စေရေးအတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ (မြို့အုပ်ချုပ်ရေးမှူး) ဦးသန့်ဇင်ဌေးနှင့် ကော်မတီဝင်များ၊ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးသန်းဦး၊ Dr. ဆွေဇင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မြို့ပေါ်ရပ်ကွက်ရှိ မုန့်ဟင်းခါးဖိုများနှင့် ဈေးဆိုင်တို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။



ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းခွင်သန့်ရှင်းရေး၊ စားသုံးသူများအတွက် ဘေးဥပဒ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့သည်။ လက်ကားရောင်းချသည့် မုန့်ဆိုင်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်သည့် အစားအစာများ ရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် သင့်လျော်သော မုန့်များကိုသာ ရောင်းချရန် လုပ်ငန်းရှင်များအား အကြံပြုဆွေးနွေးခဲ့သည်။

ယင်းအပြင် ဆေးဝါးပစ္စည်းရောင်းချသောဆိုင်များတွင် လိုင်စင်ဆောင်ရွက်ထားမှု ရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း ရှိ-မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝ၇၁**

## သမရိုးတံတားတည်ဆောက်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဝက်လက် သြဂုတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မုံရွာ-အရာတော်-ရွှေဘို ဖြတ်လမ်းပေါ်ရှိ သမရိုးတံတား တည်ဆောက်ပြီးစီးမှုအား ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက သြဂုတ် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ သမရိုးတံတားကို JICA ODA Loan ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်၍ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၃၅၅ ဒသမ ၇၅ ဖြင့် တံတားတည်ဆောက်ရေး အထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအချိန်တွင်ပြီးစီးပြီဖြစ်ပြီး တံတားချဉ်းကပ်လမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၄၀၉ ဒသမ ၂၈ ဖြင့် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းတံတားအရှည်မှာ ပေ ၇၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိ သံဘောင် သံကူကွန်ကရစ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

တံတားချဉ်းကပ်လမ်းအရှည်မှာ ပေ ၃၁၀၀ နှင့် အကျယ် ၁၈ ပေ၊ တာပေါင်အကျယ် ပေ ၄၀ ရှိပြီး ယင်းချဉ်းကပ်လမ်းပါ ဆောင်ရွက်ပြီးစီးပါက ယခင်သစ်သားတံတားနှင့် ဖြတ်သန်းသွားလာနေရာမှ ပိုမိုခိုင်ခန့်သည့် ယခုတံတားဖြင့် သွားလာရမည်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် သွားလာရေးအတွက် ပိုမိုယုံကြည်စိတ်ချစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**



## ငါးနှစ်အောက်ကလေးများအား ဗီတာမင်(အေ) သံချဆေးတိုက်ကျွေး

**ပင်လည်ဘူး သြဂုတ် ၁၃**
ငါးနှစ်အောက်ကလေးငယ်များ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဗီတာမင်အာဟာရများ ပြည့်ဝမှုရရှိစေရန်အတွက် ကသာခရိုင် ပင်လည်ဘူးမြို့နယ် မြို့နယ်ကျန်းမာရေးဌာနမှ ငါးနှစ်အောက် ကလေးများအား အာဟာရရက်သတ္တပတ် ဗီတာမင်(အေ) သံချဆေးများကို သြဂုတ် ၁၁ ရက်က တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အာဟာရရက်သတ္တပတ် ဗီတာမင်(အေ) သံချဆေးများ တိုက်ကျွေးရာတွင် ၆ လမှ ၅ နှစ်ထိကလေးငယ်များအား ဗီတာမင်(အေ) တစ်သိန်းအားဆေး၊ ၁ နှစ်မှ ၅ နှစ်ထိ ကလေးငယ်များအား ဗီတာမင်(အေ) နှစ်သိန်းအားဆေး၊ ၂ နှစ် မှ ၅ နှစ်ကလေးငယ်များကို ဗီတာမင်အေ သံချဆေးများ တိုက်ကျွေးခဲ့ပြီး ဆေးတိုက်လာသော ကလေးငယ်များအား အရပ်များတိုင်းပြီး အာဟာရဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာငွေစာရင်းရေးသွင်းနည်းသင်တန်းဖွင့်

**တောင်တွင်းကြီး သြဂုတ် ၁၃**
တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းရေးသွင်းနည်းသင်တန်းကို သြဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းလမ်းကျကျဆောင်ရွက်ကြရန်၊ စည်းလုံးညီညွတ်မှုရှိရှိ ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မြစိမ်းရောင်တာဝန်ခံက မြစိမ်းရောင်စီမံကိန်းအကြောင်းအကျယ်တဝင့် ရှင်းလင်းပြောကြားကာ ငွေစာရင်းပုံစံခုနစ်မျိုး ရေးသွင်းနည်း၊ ထိန်းသိမ်းနည်း၊ စာရင်းဇယားရေးသွင်းခြင်းတို့ကို သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာခုနစ်ရွာမှ မြစိမ်းရောင်ကျေးရွာကော်မတီဝင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **၅၈၀**

## ပင်ဝယ်ကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်

**အင်းတော် သြဂုတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတိုက်နယ်ကျန်းမာရေးဌာန နဘားကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် ပင်ဝယ်ရွာတွင် သြဂုတ် ၁၀ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအကြောင်း ပညာပေးခြင်းလုပ်ငန်းနှင့် ခြင်ဆေးများပက်ဖျန်းခြင်းလုပ်ငန်းကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့မကျန်းမာရေး၊ မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေး(ရပကန) အဖွဲ့၊ မော်လူးတိုက်နယ်ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာဝတ်မံထွန်းဦးစီးအဖွဲ့၊ မော်လူးတိုက်နယ်ကျန်းမာရေးအဖွဲ့၊ နဘားကျေးလက်ကျန်းမာရေးဌာနခွဲ ဘက်စုံသားဖွားဆရာမနှင့် အရန်သားဖွားများ၊ ပင်ဝယ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့က ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ကာ ဆေးဝါးကုသမှုပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**နီတိုး**

# မျက်ရည်တစ်စက် အမှတ်ရစေ

**ခွဲ သရက်တန်းစိုးရွှေ**

ဘာ. . . ကျောင်းမနေချင်ဘူး။ စာမသင်ချင်ဘူးဟုတ်လား။ စာသင်စာကျက်ရတာ ပျင်းတယ်ဟုတ်လား။ ဟာ. . . ပြောရဲလိုက်ကြတာကွာ။ ပြောနိုင်လိုက်ကြတာ၊ ပြောထွက်လိုက်ကြတာ။ မင်း. . . မင်းတို့တတွေ စာသင်နေရတယ်ဆိုတာက ခေတ်အခါကောင်းမှာ လိုလေသေးမရှိအောင် ကျောင်းထားလို့ သက်သောင့်သက်သာ စာသင်ရတာပါကွာ။ စာသင်တဲ့ဘဝ၊ ပညာသင်လာရတဲ့ဘဝမှာ မင်းတို့လို သက်သာစွာပညာမသင်ခဲ့ရဘဲ သိမ်ငယ်မှုတွေကြား၊ မျက်ရည်စတွေကြား၊ ချွေးစက်တွေကြားထဲကနေများ ပညာသင်ခဲ့ရတဲ့အဖြစ်အပျက်တစ်ခုများ မင်းသိခွင့်ရမယ်ဆိုရင်။

အေးကွာ. . . ဆင်းရဲခြင်းဆိုတာက လူ့စိတ်ကိုအလိုလို သိမ်ငယ်စေတဲ့အရာတစ်ခုပေါ့ကွာ။ တစ်ခုသောကာလ တစ်ခုပေါ့။ အ. ထ. က ဆိုတဲ့ ကျောင်းကြီးကိုရောက်လို့ ပျော်လိုက်ရတာ။ တမာပင်တွေ ခုံဝိုင်းတွေကြား တစ်ယောက်တည်းပျော်လွန်းလို့ ပြေးလွှားလိုက်မိတာပေါ့။ ပျော်ရွှင်ခဲ့တဲ့အပျော်လေးတွေကို နုတ်ယူသွားတဲ့ အချိန်လေးတွေကတော့ ကျောင်းတက်ချိန်နဲ့ မုန့်စားဆင်းချိန်ပေါ့ကွာ။ မုန့်ဖိုးအပြည့်အစုံမပါတော့ ဇိမ်ဆိုတဲ့ ဈေးအပေါဆုံး ဆီးပြား (ဇီးပြား)လေးကိုပဲ အတန်းနောက်နားမှာ စားနေရတာပေါ့။ သူများတွေ ပျော်ပါးစွာဝယ်စားနေတဲ့အချိန်မှာ ကိုယ်က မုန့်ဖိုးမပါတော့ အားငယ်ပြီး တစ်ကိုယ်တည်းနေခဲ့ရတာပေါ့။ သိမ်ငယ်ခြင်းတွေနဲ့အတူ အတန်းထဲမှာတောင် စကားတွေ မပြောဖြစ်ခဲ့ပါဘူး။

ဩော်. . . ကံဆိုးခြင်းဆိုတာ တစ်ခုတည်းမှမလာတာ၊ အစုလိုက်အပြုံလိုက် လာတတ်တာပဲလေ။ ပညာသင်နေတဲ့အချိန်မှာ ၁၉၈၈ ဆိုတဲ့ အရေးအခင်းကြီးပေါ်လာပြီး ကျောင်းတွေပိတ်လိုက်ကြတာပေါ့။ ဆင်းရဲသား တောသားပဲလေ။ ဟင်းရွက်ခူးရင်း၊ လယ်ထဲဆင်းရင်း မိဘတွေနဲ့အတူ ရုန်းကန်ခဲ့ရတာပေါ့။ ကျောင်းတွေပြန်ဖွင့်ပြီဆိုတဲ့အချိန်မှာ ကျောင်းအပ်စရာ ပိုက်ဆံမရှိတော့ဘူး။ မိဘနဲ့လယ်ထဲမှာ ပျိုးချနေတာပေါ့။ အမေ့ဘက်ကဦးလေးဖြစ်သူလာတဲ့အခါ ကျောင်းမသွားဘူးလားလို့မေးလာတယ်။ ကျောင်းအပ်စရာပိုက်ဆံမရှိလို့ဆိုပြီး ရိုးရိုးလေးပြောလိုက်မိတယ်။ ဦးလေးဖြစ်သူက အေး. . . ငါထားမယ်ကွာ။ ပိုက်ဆံလာယူလှည့်ဆိုပြီး ပိုက်ဆံပေးလို့ ကျောင်းသွားအပ်တာပေါ့။ ကျောင်းဖွင့်ပြီးတစ်လကျော်မှ ကျောင်းပြန်တက်ရတဲ့အဖြစ်။ အတန်းပိုင်ဆရာမနဲ့ ကျောင်းအုပ်ကြီးတွေကိုတော့ ခရီးလွန်နေလို့ဆိုတဲ့ အကြောင်းပြချက်လေးနဲ့ပဲ ကျောင်းဆက်တက်ခွင့်ရခဲ့တာပေါ့။

ကျောင်းပိတ်ရင် အိမ်မှုကိစ္စတွေလုပ်တာပေါ့။ အတန်းတွေကျော်ဖြတ်ခဲ့ပါတယ်လေ။ ဒါပေမယ့် တစ်နှစ်မှ ကျောင်းဝတ်စုံ နှစ်စုံပါပဲ။ လွယ်အိတ်ကတော့ သူများအကျ၊ စာအုပ်ကတော့ အောင်သွားသူတို့ထံမှ စာအုပ်နဲ့တက်လာခဲ့တာ။ အဌမတန်းအထိရောက်လာခဲ့တာပေါ့။ အဌမတန်းမရောက်ခင်စပ်ကြား လူငယ်ပီပီ စွန့်စားလုပ်ကိုင်ရင်း တတ်သွားတာလေးတစ်ခုရှိတာပေါ့။ အဲဒါက သတ္တမတန်းစာမေးပွဲဖြေအပြီးမှာ နို့အေးချောင်းရောင်းတတ်သွားတယ်လေ။ နို့အေးချောင်းခေတ်ဆိုတော့ သာမန်နေ့စားထက် နှစ်ဆရတဲ့အလုပ်ပဲလေ။ အဌမတန်းတက်တဲ့အခါ လူပျိုပေါက်အရွယ်မှာ ဘဝဆိုတာကိုသိလာခဲ့ပြီ။ မိသားစုအရေးတွေတွေးတတ်လာပြီ။ အိမ်အခြေအနေတွေကို အမှန်အတိုင်းမြင်လာတတ်ပြီလေ။ ဆင်းရဲတဲ့ဘဝနဲ့ ကျောင်းတက်စဉ်ကာလ အတန်းထဲ ပိုက်ဆံမပါချိန် ဘုရားပန်းကြေးလာကောက်တဲ့ မိန်းကလေးတွေကိုတော့ အမုန်းဆုံးပဲပေါ့လေ။ ဩော်. . . ငွေ. . . ငွေ။

တစ်နေ့ပေါ့ တစ်နေ့တစ်နေ့ လယ်ယာတွေကပျက်၊ အဖေနဲ့အမေက နေမကောင်း၊ ညီ-ညီမတွေနဲ့ ကျောင်းစရိတ်တွေနဲ့ ချက်စရာဆန်မရှိတဲ့နေ့ပေါ့။ ကျောင်းကလည်းဖွင့်နေတယ်။ ခါတိုင်းဆိုရင် စနေ၊ တနင်္ဂနွေ နို့အေးချောင်းရောင်းရင် အဆင်ပြေနိုင်တာပေါ့။ သတင်းတစ်ခုကြားလိုက်တယ် ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်မှာ မြစ်ငယ်သံတံတားနားက ဖြတ်သွားမယ်တဲ့။ တစ်နယ်လုံးကလာဖူးတဲ့ပွဲဆိုတော့ လူစည်မှာပေါ့။ ကျောင်းကလည်းဖွင့်နေတဲ့ကာလ။ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ ကျောင်းမတက်ဘဲ စွယ်တော်ပင့်ပွဲမှာ နို့အေးချောင်းရောင်းတာ ရောင်းကောင်းလိုက်တာ။ ခေါက်ပြန်ယူရောင်းရင်းတစ်နေ့တည်း ငါးပုံးကုန်သွားတယ်။ အမြတ်တွေလည်းများများရတော့ အိမ်အတွက် ဆန်ဝယ်သလို နေမကောင်းတဲ့မိဘတွေလည်း ဆေးထိုး။ အိုး-ကိုယ့်ကိုယ်ကိုယ်တော့ သူရဲကောင်းအဖြစ် ပီတိတွေဖြစ်လိုက်ရတာ၊ ပျော်လို့။

နောက်တစ်နေ့ ကျောင်းတက်တဲ့အခါ ဆရာမက အမိန့်တစ်ခုပေးလိုက်တယ်။ မနေ့က ကျောင်းလစ်တဲ့လူတွေ မတ်တတ်ရပ်ပါတဲ့။ ရပ်လိုက်ရတာပေါ့။ သူများတွေလည်း ပါပါတယ်လေ။ သူများတွေကို လက်ဝါးဖြန့်ခိုင်းပြီး တန်းစီရိုက်တာပေါ့။ ကိုယ့်နားဆရာမရောက်တော့ မျက်နှာတင်းသွားပြီး ဒေါသတွေပိုထွက်လာတယ်။ ခုံပေါ်တက်တဲ့။ ဆရာမအသံတွေတုန်နေတယ်။ မျက်နှာကိုစေ့စေ့ကြည့်ပြီး ပြောတယ်။ နင်. . . ဆရာမတွေအတွက် ရေနွေးအမြဲခပ်ပေးတယ်။ အမြဲပန်းကန်ဆေးကြောပေးတယ်။ ဆရာ၊ ဆရာမတွေက ချစ်လွန်းလို့ ဆင်းရဲလွန်းလို့ နင့်ကိုဟင်းတွေ ပါထည့်ပေးတယ်။ အခု နင်က ငါတို့စေတနာကိုစော်ကားတယ်။ ကျောင်းလစ်တယ်။ ကဲ. . လစ်ဦး၊ လစ်ဦးဆိုပြီး ခြေသလုံးကိုရိုက်ရင်း မေးခွန်းတွေဆင့်မေးတယ်။ ဘာကြောင့်လစ်တာလဲပြော. . . ပြောလေတဲ့။

ဘယ်ပြောရဲပါ့မလဲ ဆရာမ။ အဖေနဲ့အမေနေမကောင်းလို့၊ အိမ်မှာဆန်မရှိလို့ နို့အေးချောင်းရောင်းတာပါလို့ ဘယ်ပြောရဲမလဲ။ မပြောဘူး တင်းခံတယ်။ လက်ပိုက်ပြီး မျက်စေ့မှိတ်ထားပစ်လိုက်တယ်။ ဆရာမလက်လျှော့သွားတယ်။ စိတ်လည်းဆိုးသွားတာပေါ့။ ခြေသလုံးမှာတော့ အဆင်းတွေနဲ့၊ နာလိုက်တာ။ နာပါစေလေ။ အိမ်အဆင်ပြေသွားတာ ပျော်ပါတယ်။ ကျောင်းပြန်တဲ့အချိန် နာလွန်းလို့ ပုဆိုးလေးမပြီးမှ စက်ဘီးကလေးနင်းပြီး ပြန်လာရတာပေါ့။ အိမ်ရောက်တော့ အဖေနဲ့အမေ သက်သာနေပါပြီ။ ငါ့သား ဆရာမကဘာပြောသေးလဲတဲ့။ ဘာမှမပြောဘူးဆိုပြီး ညာလိုက်ရတာပေါ့။

နောက်တစ်နေ့ ကျောင်းသွားတဲ့အခါ ထုံးစံအတိုင်း ဆရာမတွေနားနေတဲ့နေရာက ရေနွေးဓာတ်ဘူးယူပြီး လက်ဖက်ရည်ဆိုင်မှာ ရေနွေးသွားခပ်ပေး၊ ပန်းကန်တွေတိုက်ဆေးပြီး ယူလာတဲ့အချိန်မှာ ဆရာမကနာမည်ခေါ်လိုက်တယ်။ ရင်ထဲတုန်သွားတယ်။ ဆရာမရိုက်ဦးမှာလား မသိဘူးဆိုပြီး ကြောက်သွားတယ်။ ဆရာမက ငိုသံပါလေးနဲ့၊ နင်. . . ရေခဲချောင်းသွားရောင်းတာဆို။ နင့်အိမ်စားစရာမရှိလို့ဆို။ ဘာလို့အမှန်အတိုင်းမပြောတာလဲ ငါ့တပည့်ရယ်ဆိုပြီး ဆရာမငိုချလိုက်တယ်။ ကိုယ်လည်း မတတ်နိုင်ဘူး။ ဆရာမငိုတာမြင်တော့ ငိုမိလိုက်တယ်။ ငါ့တပည့်ကိုငါ မတရားရိုက်လိုက်မိပြီတဲ့၊ ပြောရင်း-ပြောရင်း ဆရာမငိုခဲ့တယ်လေ။ အဲဒီမျက်ရည်စက်တွေလေ၊ ဆရာစစ်တို့ရဲ့ မျက်ရည်ပေါ့။ ဆရာ့မေတ္တာတွေပေါ့။ ဆင်းရဲတဲ့တပည့်လေးကို စေတနာထားခဲ့တဲ့ မျက်ရည်စက်တွေပေါ့။ ဘယ်တော့မှ မမေ့နိုင်တဲ့ ဆရာစစ်ရဲ့မျက်ရည်လေ။ အဲဒီမျက်ရည်တွေကို အားအဖြစ်ယူခဲ့တယ်။ လုပ်ငန်းလုပ်ရင်း ကျောင်းတက်ခဲ့တယ်။ အလုပ်မျိုးစုံလုပ်ကိုင်ရင်း ဘွဲ့ရပညာတတ်ဖြစ်အောင် ကိုယ့်ထူးကိုယ်ချွန်ကြိုးစားရင်း ညီ- ညီမတွေကိုလည်း ဘွဲ့ရပညာတတ်တွေဖြစ်အောင် ကျောင်းထားလာခဲ့တာကွ။

အခု မင်းက ကျောင်းမနေချင်ဘူး။ စာမသင်ချင်ဘူး။ စာသင်ရတာပျင်းတယ်ဟုတ်လား။ မင်းတို့ ဘာမှမလိုပါဘူးကွာ။ လိုသေးမရှိအောင် ပံ့ပိုးပေးထားတာပါ။ ငါတို့ဘဝက စိုပြည်နေတဲ့အချိန်မို့ ဒီလိုထားပေးနိုင်တာပေါ့။ မင်းငါ့လို ဆင်းရဲတဲ့ဘဝနဲ့များ ကျောင်းနေရရင် ဘယ်လိုနေမလဲကွာ။ မင်းသတိရလိုက်စမ်းပါ။ ကျောင်းမနေချင်ဘူး။ စာမသင်ချင်ဘူးလို့ တွေးလိုက်တိုင်း ငါနဲ့ ငါ့ဆရာမ ကျခဲ့တဲ့မျက်ရည်တစ်စက်ကို သတိရလိုက်စမ်းပါ။ ငါပြောတဲ့ ဇာတ်လမ်းလေးကို သတိရလိုက်စမ်းပါ။ မင်းစာကြိုးစားပါ။ ပညာတတ်အောင်လုပ်လိုက်ပါ ငါ့တူရယ်။ မင်းနောက်တစ်ခါ ဒီလိုစကားပြောမယ်ဆိုရင် ဦးလေးရဲ့မျက်ရည်တစ်စက် အမှတ်ရစေချင်တယ်သားရယ်။ မျက်ရည်တစ်စက် အမှတ်ရစေချင်ပါတယ်ကွာ။ ။

## ရပ်ကွက်မိဘပြည်သူများ သန့်ရှင်းသည့်သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး အားဖြည့်ရေပိုက်လိုင်းများ သွယ်တန်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၃**

ပုဇွန်တောင်မြို့နယ် အမှတ် ၈ ရပ်ကွက် ဝတ်ကျောင်းလမ်းအတွင်း၌ ရပ်ကွက်နေပြည်သူများအား ဖြန့်ဝေပေးလျက်ရှိသည့်ခြောက်လက်မ ရေပိုက်လိုင်းအတွင်းသို့ မိဘပြည်သူများ သောက်သုံးရေ ပိုမိုသုံးစွဲနိုင်ရန် ရေအားဖြည့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရေသန့်တာဝန်ခံ ဒေါ်ခင်စန်းယုထံမှ သိရသည်။

"သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ဖို့ ဇွန်လနောက်ဆုံးပတ်လောက်ကပြီး ပိုက်လိုင်းဆွဲဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဝင်း၊ အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်တို့နဲ့အတူ ပိုက်သွယ်ဖို့လမ်းကြောင်းတွေကိုရှာပြီး တူးဖော်ဆောင်ရွက်ပေးတာပါ။ ရေကျော်လမ်းမကြီးမှာရှိတဲ့ ၁၂ လက်မ CI ပိုက်ကနေပြီး HDPE၆၃ MM ပိုက်နဲ့ သွယ်တန်းချိတ်ဆက်ပေးတာ ၉၅ ရာခိုင်နှုန်း သွယ်တန်းပြီးစီးနေပါပြီ" ဟု တာဝန်ခံက ပြောသည်။ **(၅၉၇)**

## သံရွာတိုက်နယ် အေးရွာကျေးရွာရှိ အေးမေတ္တာစာကြည့်တိုက်အား အရှိန်မြှင့်တင်ရေး ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာတိုက်နယ် အေးရွာကျေးရွာရှိ အေးမေတ္တာစာကြည့်တိုက်အား အရှိန်အဟုန်မြှင့်တင်ရေးကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသော ကျေးရွာများ စံငါးချက်နှင့်အညီ စာကြည့်တိုက်များအား နယ်မြေဒေသအလိုက် ဝန်ထမ်းများအား တာဝန်ပေးလျက်ရှိရာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးခင်မောင်လွင် (ဓာတ်ပုံကျွမ်းကျင်-၂) က ကွင်းဆင်းရခြင်းအကြောင်းများ ပြောကြား၍ ဦးကျော်နိုင် (ရုပ်သံကျွမ်းကျင်-၃) က ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ပရိဘောဂများ၊ စာကြည့်တိုက်ရန်ပုံငွေရရှိရေးတို့နှင့် စာဖတ်သူတိုးပွားလာရေးတို့ကို ပြောကြားခဲ့သည်။

**ခင်မောင်လွင်**



**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း၌ ရပ်ကွက်၊ ကျေးရွာများသို့ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးကင်းလွတ်ရာကုန်းမြင့်ပိုင်းနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိရာ ရေဘေးရှောင်ပြည်သူများအသုံးပြုလျက်ရှိသည့် ယာယီသောက်သုံးရေလှောင်ကန်များအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် မင်းဘူးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ငွေနှင့် ကျန်းမာရေးဝန်ထမ်းများက ကလိုရင်းဆေးခတ်ခြင်းများ လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ-တင်ထွန်းဦး (မင်းဘူး)

## စံပြနို့တိုက်မိခင်ပြိုင်ပွဲကျင်းပခြင်းနှင့် ကျန်းမာရေးဆိုင်ရာပညာပေး ဟောပြောခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးကို ကွင်းဆင်းစစ်ဆေးပေးရာတွင် အပတ်စဉ် အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီ၌ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်းရှိ ကျန်းမာရေးဌာနခွဲ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ စံပြနို့တိုက်မိခင်ပြိုင်ပွဲ ကျင်းပခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးအခြေအနေစစ်ဆေးပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနေ့ဟောပြောပွဲတွင် မိခင်ကလေးကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာမြတ်မြတ်ခိုင်က အာဟာရမျှတအောင် စားသုံးနိုင်ရေး၊ စားသုံးရန်သင့်-မသင့်သော အစားအစာများအကြောင်းနှင့် တစ်နေ့တာကျန်းမာရေးလုပ်ရှားပုံများကို ရှင်းလင်းဟောပြောပြီး မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက သွေးလွန်တုပ်ကွေးရောဂါ၊ မူးယစ်ဆေးဝါးများအကြောင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ စံပြနို့တိုက်မိခင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၁ ဦးဖြင့် ကျင်းပရာ စံပြနို့တိုက်မိခင်ဆုရရှိသူသုံးဦးအား ရွေးချယ်ပြီး ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ခိုင်က ဆုများကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးသုံးမျိုး၊ ဆပ်ပြာနှင့် အိုင်အိုဒင်းဆားများကို ထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် ဒေါက်တာမြတ်မြတ်ခိုင်နှင့်အဖွဲ့သည် ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေး အခြေအနေများကို ဆက်လက်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်မောင်**

# ရေကြီးရေလျှံခြင်းနှင့် သဘာဝတရား

ခဲညီညီ(ဘော်တွင်း)



၉-၈-၂၀၁၆ ဗုဒ္ဓဟူးနေ့ထုတ် ကြေးမုံသတင်းစာတွင် ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ အကြောင်းအရာများစွာတွင် လူသားတို့၏ လုပ်ရပ်ကြောင့် သစ်တောပြုန်းတီးခြင်းသည် အဓိကပါဝင်ပြီး ချောင်း၊ မြောင်းမဖော်ဘဲ ဆည်တည်ဆောက်ခြင်းတို့သည်လည်း ရေကြီးရေလျှံမှုနှင့် ပတ်သက်သည်။ မြစ်ချောင်းများ တိမ်ကောမှုနှင့် ပတ်သက်သည်ဟု ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးသွားသည်ဟု ဆိုပါသည်။

ထို့အပြင် ထိုရေကြီးရေလျှံမှုကို တားဆီးကာကွယ်နိုင်ရန်အတွက် တာတမံနှင့် ရေတားနံရံများ တည်ဆောက်ခြင်း၊ မြစ်ကြောင်းများ ဖြောင့်တန်းအောင်လုပ်ဆောင်ခြင်း၊ မြစ်ချောင်းများကို တိုးချဲ့တူးဖော်ခြင်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးသွားသည်ကို ဖတ်လိုက်ရပါသည်။ သူပြောတာမှန်တာလည်းရှိသည်။ ဖြည့်စွက်ဆွေးနွေးရန် လိုအပ်သည်တို့လည်း ရှိမည်ထင်ပါသည်။

**သစ်တောပြုန်းတီးခြင်း**

သစ်တောပြုန်းတီးခြင်းကြောင့် ရေဝေရေလွှဲဒေသများ၊ ရေစီးရာတစ်လျှောက် ကုန်းမြေများတွင် ရေကိုစုတ်ယူ ထိန်းသိမ်းမည့် သစ်တောများပြုန်းတီးခြင်းကြောင့်၊ ကုန်းမြေကို ရေတိုက်စားမှု အထူးများသောကြောင့် မြစ်ချောင်းများတွင် စီးနေသောရေတွင် သစ်တုံးသစ်စမှအစ သဲနှင့်နုန်းမြေများ အထူးကြီးလေးစွာ သယ်ဆောင်သွားကြရသည်။ ထိုအခါ မြစ်ကမ်းပေါ်ရေလျှံတက်ရန် အကြောင်းနှစ်ရပ် ပေါ်လာသည်။ ယင်းတို့မှာ (၁) သဲနှင့်နုန်းများ ရေတွင်မျောကာပါနေသဖြင့် ရေကြည်တွင် ရှိအပ်သည့် ရေထုထည်ထက် ဖောင်းပွနေခြင်း၊ (၂) နုန်းထက်လေးသော သဲများ ရေစီးသာရာတွင် ပို့ချသောကြောင့် မြစ်ချောင်းတို့၏ ကြမ်းပြင် မြင့်တက်လာခြင်းတို့ ဖြစ်သည်။ သဲသောင်များ အထူးတလည် ပေါ်ထွန်းသဖြင့် ရေစီးကြောင်းကျဉ်းမြောင်းသွားခြင်းသည်လည်း ဆင့်ပွားအကြောင်းတစ်ရပ်ဖြစ်သည်။

> မြစ်ချောင်းများ တိမ်ကောခြင်းတွင် စက်ယန္တရားကြီးများဖြင့် သတ္တုနှင့် ကျောက်မီးသွေး၊ အဖြိုက်နက်၊ ကျောက်မျက် စသည့်တွင်းထွက်များ တူးဖော်ကာ . . .

ရေကြောင်းဖြောင့်လျှင် ရေစီးသန်ပြီး သဲအနယ်ထိုင်ခြေ နည်းသည်။ မြစ်ကြောင်း ကွေ့ကောက်လျှင် ရေစီးသာပြီး သဲအနယ်ထိုင်ခြေများသည်။ အကွေ့၏ အတွင်းဘက်ကြမ်းပြင်တွင် သဲနုန်းအနယ်ထိုင်နိုင်သည်။ နုန်းအမှုန်များကား မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ကမ်းနီး ပင်လယ်ကြမ်းပြင်အထိပါ သွားပို့ချလိမ့်မည်။

ထို့ကြောင့် မြစ်ဖျား၊ ချောင်းဖျား တောတောင်အရပ် ဒေသများတွင် အောက်ခံမြေသား၊ ကျောက်သား ကျယ်ပြန့်စွာ အဖုံးအအုပ်မရှိ၊ မြေတွင် အမြစ်ထိုးစိုက်ဝင်အောင်းကာ ရေကိုစုတ်ယူထိန်းသိမ်းသော မြက်၊ ချုံနှင့် သစ်ပင်ကြီးငယ်များ ပြုတ်ပြုတ်ပြုန်းအောင် သစ်ခုတ်ခြင်းသည် မြစ်ချောင်းများတစ်လျှောက် မြေနိမ့်ရာဒေသများတွင် ရေကြီးရေလျှံ ဖြစ်စေသည်ဟု ဆိုခြင်းမှာ လုံးဝမမှား၊ မှန်သော စကားဖြစ်သည်။ ထို့ကြောင့် ပြောင်းပြန်သဘောဖြင့် မြစ်ဖျား၊ ချောင်းဖျား ရေဝေရေလွှဲဒေသများတွင် အမြဲစိမ်းလန်းစိုပြည်နေခြင်းသည် ရေကြီးရေလျှံကို အဓိကကာကွယ်သည် ဆိုလျှင်လည်း လုံးဝမမှား၊ မှန်သောသစ္စာစကား ဖြစ်သည်။

**ဘာတွေလိုအပ်သနည်း**

ဆည်ကြီးများ တည်ဆောက်ခြင်းသည် ရေကြီးရေလျှံမဖြစ်အောင် ထိန်းသိမ်းသည် ဆိုခြင်းမှာ အထိုက်အလျောက် မှန်ပါသည်။ သို့သော် တကယ်ကြပ်မတ်ထိန်းသိမ်းမှု ပြုနိုင်မှ မှန်ပါသည်။ ရေမနိုင် ဆည်ကြိုးပေါက်မည်စိုး၍ ဖောက်ချရသဖြင့် ပျောက်ခဲ့ပျက်ခဲ့ သေကြေပျောက်ဆုံးခဲ့ရသည့် အကြိမ်တွေ မြန်မာပြည်အလယ်ပိုင်းမှာ များလှပြီ။ ရေထိန်းတခါးတွေကြောင့် ရေနုတ်မြောင်းများကို ပိတ်ဆို့ ရွာတည်၊ မြို့တည် (ရေနုတ်မြောင်းမချန်ပဲ) လမ်းဖောက်၊ စက်ရုံတွေ တည်သောကြောင့် အောက်ပြည်အောက်ရွာများမှာ လယ်တွေပျက်၊ လူတွေရေဘေးသင့်ခဲ့သည်မှာလည်း မနည်းလှပေ။ ထို့ကြောင့် အနော်ရထာမင်းကို အတုခိုးလို့ သူတို့ တတ်သိကျွမ်းကျင်အောင် လုပ်သင့်သည်။

သဘာဝအတိုင်းရှိနေသော ရေကြောင်းများကို ဖြောင့်တန်းအောင် ဘာ့ကြောင့်လုပ်ရမည်နည်း။ ကျောက်သားဖြင့် ဖြစ်နေသော မြစ်ကျဉ်းများသည် မြစ်ကမ်းနှင့် အောက်ခြေကို သူ့အလိုအလျောက် ဖြည်းဖြည်းသာ တိုက်စားပြီး သူ့အမြန်နှုန်းနှင့် သူ့သဘာဝအတိုင်း စီးဆင်းနေသည် မှန်သော်လည်း ကွေ့ကောက်သာ မြေနိမ့်ပိုင်းမြစ်ချောင်းများကိုမူ သွား၍ မဖြောင့်ပါလေနှင့်၊ ရေထုအဆင်းနှုန်းညီမျှအောင် အကျယ်ကြီးမဖေါက်လုပ်နိုင်လျှင် ယင်း၏အထက်ပိုင်းတွင် ရေစီးတန့်ပြီး မိုးရာသီတွင် ရေလျှံလိမ့်ဦးမည်။

သင်္ဘောဆိပ်များအတွက် သောင်တူးပေးခြင်းမှလွဲ၍ လွှတ်တော်တွင်းဆွေးနွေးချက်မှာပါသလို အခြား မြစ်၊ ချောင်း နေရာများတွင် ရေမလျှံအောင် သောင်တူးမည်ဆိုလျှင် သည်တိုင်းပြည် မွဲလိမ့်မည်။ လုပ်ရန်လည်းမလိုပါ။ အကြောင်းမူ ယခုအစိုးရဆုံးဖြတ်ထားသလို သစ်ထုတ်လုပ်ရေးကို တစ်နှစ် နှစ်နှစ်တန်သည် ဆိုင်းငံ့လိုက်လျှင် ယခုအနယ်ထိုင်ပြီးသား နုန်းနှင့်သဲများ နောက်ရာသီတွင် ရေမျောပါသွားလိမ့်မည်။ ထို့အပြင် မျိုးစေ့၊ ပျိုးပင်ပေါင်းစုံကို အချိန်ရာသီအမီ နေရာဒေသအနှံ့ နည်းလမ်းရှာ၍ မြေချနိုင်လျှင် နောက်မိုးရာသီတွင် ကုန်းမြေကို ရေတိုက်စားမှုနည်းသွားပြီး မြစ်ရေများတွင် သဲနုန်းပါမှု နည်းသွားလိမ့်မည်။ ဒါကို ယခုအသစ်ဖွဲ့စည်းလိုက်သော သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ကျွမ်းကျင်သူများ လုပ်နိုင်လိမ့်မည်။

မြစ်ချောင်းများ တိမ်ကောခြင်းတွင် စက်ယန္တရားကြီးများဖြင့် သတ္တုနှင့် ကျောက်မီးသွေး၊ အဖြိုက်နက်၊ ကျောက်မျက်စသည့် တွင်းထွက်များတူးဖော်ကာ အဖြုန်းကျောက်နှင့် သဲများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်မျောပါစေခြင်းသည်လည်း အကြောင်းရင်းတစ်ခု ဖြစ်သည်။ ဒါကိုလည်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် လွှတ်တော်တွင် ဥပဒေအလျှင်အမြန်ပြဋ္ဌာန်းကာ ချက်ချင်းရပ်ပစ်သင့်သည်ဟု ထင်သည်။

သဘာဝဘေး ပြေး၍မြော်မြင် ရှောင်ကြဉ်နိုင်စွမ်း ရှိကြပါလေကုန်။

## ကျုံပျော်မြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း(၂)ခု စတင်ဖွင့်လှစ်

**ကျုံပျော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ လူနေအိမ်များသို့ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒါးကချောင်းမှရေများ အဆက်မပြတ် ဝင်ရောက်လျက်ရှိပြီး ဩဂုတ် ၁၀ ရက်က ပင်လုံရပ်ကွက် ခဲဘောင်လျှော်ရွှေလျှော်ထုတ်စက်ရုံနှင့် မြဝတီရပ်ကွက် မြတ်ချမ်းသာ ဘုရားတန်ဆောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်များ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ရကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်သည့်နေအိမ်များသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း၊ စခန်းမှူး ဒုရဲမှူးခိုင်ကျော်ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သွားရောက်၍ လူနှင့်ပစ္စည်းများအား ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းပို့ဆောင်ခြင်းများအား ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

လက်ရှိ လျှော်ရွှေလျှော်ထုတ်စက်ရုံရှိ ကယ်ဆယ်ရေးစခန်း (၁) တွင် သံလျှက်စွန်းကျေးရွာ အိမ်ခြေ ၉ အိမ်မှ ကျား ၁၇ ဦး၊ မ ၂၇ ဦးနှင့် ပင်လုံရပ်ကွက် ခဲဘောင်ရှိ အိမ်ခြေ ၂၉ အိမ်မှ ကျား ၅၄ ဦးနှင့် မ ၆၁ ဦး စုစုပေါင်း ၁၅၉ ဦးထားရှိပြီး မြတ်ချမ်းသာ ဘုရားတန်ဆောင်းရှိ ကယ်ဆယ်ရေးစခန်း (၂) တွင် ပင်လုံရပ်ကွက် ကမ်းနားလမ်းရှိ အိမ်ခြေ ၁၉ လုံးမှ လူဦးရေ စုစုပေါင်း ၇၀ တို့အား ထားရှိ၍ ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် ကူညီပံ့ပိုးမှုလုပ်ငန်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



သဘာဝရေဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်လေ့ကျင့်သရုပ်ပြပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ တို့သည် ဘုရင့်နောင် ကန်တော်မင်္ဂလာ၌ ရေပြင်ကယ်ဆယ်ရေး လက်တွေ့လေ့ကျင့်သရုပ်ပြကွက်များ လုပ်ဆောင်ပြသခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- (၃၂၉)

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်

**ရွှေကျင် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ရက်၁၀၀ အတွင်း ဆောင်ရွက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား ခရိုင်ချင်းအပြန်အလှန်စစ်ဆေးခြင်း အစီအစဉ်အရ ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ် ၉ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်ချင်းအပြန်အလှန်စစ်ဆေးဆောင်ရွက်ရာတွင် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်နှင့် အဖွဲ့သည် ရက် ၁၀၀ စီမံချက်ဖြင့် ရွှေကျင်မြို့နယ်အတွင်း ကျေးရွာနှစ်ရွာတွင် ရေရရှိရေးလုပ်ငန်းနှစ်ခုနှင့် ကျေးရွာတစ်ရွာတွင်တည်ဆောက်ခဲ့သော ကွန်ကရစ်တံတားတစ်စင်းတို့အား ကွင်းဆင်း စစ်ဆေးရာ မြို့နယ်ကျေးလက် ဦးစီးမှူး ဦးဟိန်းဇော်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်းသိရသည်။ **နေလင်း(ညောင်လေးပင်)**

# မြို့တော်ရှန်ဟိုင်း၏ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေး၊ အောင်မြင်မှုနှင့်စိန်ခေါ်ချက်များ



**ခ** ထိန်လင်းအောင်

ရှန်ဟိုင်းသားတွေရဲ့ ဝင်ငွေက တရုတ်တစ်ပြည်လုံးထက်နှစ်ဆပါ။

လူဦးရေ ၂၈ သန်း နေထိုင်နေတဲ့ ရှန်ဟိုင်းမှာ တရုတ်ပြည်ရဲ့ ခေတ်အမီဆုံး ကျန်းမာရေးစောင့်ရှောက်မှုစနစ် တည်ရှိပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေက တောက်လျှောက်ထွက်ပေါ်နေဆဲ။

သတင်းထောက် ဆွန်မေချင်းက ရှန်ဟိုင်းဒုမြို့တော်ဝန်(ငြိမ်း) ရှန်ရှောင်မိန်ကို မြို့တော်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ ထူးခြားချက်များကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့က တွေ့ဆုံ မေးမြန်းခဲ့ပါတယ်။

သူရဲ့ သက်တမ်း ငါးနှစ်အတွင်း ဘတ်ဂျက်ကို စနစ်တကျသုံးစွဲပြီး မြို့တော်က ပြည်သူ့ကျန်းမာရေးကဏ္ဍမှာ ထိရောက်အကျိုးရှိသော မဟာအောင်မြင်မှုတွေ ရရှိစေခဲ့တယ်။

အခြေခံအကျဆုံး အောင်မြင်မှုကတော့ လူနာရဲ့ ကျန်းမာရေး သတင်းအချက်အလက်တွေကို ဆရာဝန်အချင်းချင်း၊ ဆေးရုံအချင်းချင်း အီလက်ထရောနစ် သတင်းအချက်အလက်စနစ် (Electronic Medical Record) ဖြင့်မျှဝေဖတ်ရှုနိုင်ခြင်း ဖြစ်ပါတယ်။

**မြို့တော်ဝန်ကြီးခင်ဗျား၊ စာဖတ်သူတွေကို ရှန်ဟိုင်းဒေသခံတွေရရှိနေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ ကျန်းမာရေးအာမခံလွှမ်းခြုံမှုနှုန်း၊ ကျန်းမာရေး အသုံးစရိတ်၊ ဘဏ္ဍာငွေတောင်းခံသုံးစွဲခြင်း၊ ကျန်းမာရေးဝန်ထမ်းများကို လစာငွေပေးချေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းစဉ် စသည်တို့ကို အကျဉ်းချုပ် ပြောပြပေးစေလိုပါတယ်။**

ရှန်ဟိုင်းမြို့သူ မြို့သား ၉၆ ကနေ ၉၈ ရာခိုင်နှုန်းမှာ ကျန်းမာရေးအာမခံ ရှိပါတယ်။

၁။ မြို့ပြလုပ်သား ကျန်းမာရေး အာမခံ

၂။ မြို့နေလူထု ကျန်းမာရေး အာမခံ

၃။ ကျေးလက် ကျန်းမာရေး အာမခံ

လူ ၂ သိန်းခွဲကတော့ အစိုးရရန်ပုံငွေအထောက်အကူပြု ဆေးကုသမှုအကျိုးခံစားခွင့် ရရှိပါတယ်။

၂၀၁၁ ခုနှစ် ကျန်းမာရေးအသုံးစရိတ်ကတော့ ရှန်ဟိုင်းဂျီဒီပီ ရဲ့ ၄ ဒသမ ၈၅ ရာခိုင်နှုန်း အသုံးပြုခဲ့ပါတယ်။ တရုတ်တစ်ပြည်လုံးအနေဖြင့် ဂျီဒီပီရဲ့ ၅ ဒသမ ၁ ရာခိုင်နှုန်း သုံးပြီး ဘေကျင်းကတော့ ၎င်းဂျီဒီပီရဲ့ ၆ ဒသမ ၁ ရာခိုင်နှုန်းသုံးပါတယ်။

ကျန်းမာရေးအတွက် လူတယောက်ချင်း အသုံးပြုစရိတ်က အမေရိကန်ဒေါ်လာ ၆၄၁ ဖြစ်ပြီး ကျန်းမာရေးအာမခံတွေကနေပြီး ၂၁၁ ဒေါ်လာကနေ ၅၁၆ ဒေါ်လာ အထိ ပြန်ထုတ်ပေးပါတယ်။ (အဲဒီအတွက် ပြည်သူတွေက မိမိတို့အိတ်ထဲကနေ ဒေါ်လာ ၄၃၀ ကနေ ၁၂၅ ဒေါ်လာအထိ စိုက်ထုတ်သုံးစွဲနေရဆဲပါ။)

ဒီဘက်နှစ်တွေမှာတော့ ကွာခြားချက်ကျဆင်းလာနေပါတယ် မြို့တော်ကျန်းမာရေးဘတ်ဂျက်ရဲ့ ၇၄ ရာခိုင်နှုန်းကို ရှန်ဟိုင်းအစိုးရမှ ကျခံသုံးစွဲပေးနေ (အဲဒီကျခံသုံးစွဲမှုရဲ့ ၂၃ ရာခိုင်နှုန်းက ကျန်းမာရေးအာမခံစနစ်ကို ထည့်ဝင်ပေးထားတယ်။) ကျန်တဲ့ ၂၆ ရာခိုင်နှုန်းကိုတော့ မိသားစုများက ကျခံရတယ်။

ဆေးရုံတွေကို ကြိုတင်ဘတ်ဂျက်ချပေးထားတယ်။ ကျန်းမာရေးဝန်ထမ်းတွေကိုတော့ လစာစနစ်နဲ့ အဓိက ပေးချေတာကို ကျင့်သုံးတယ်။ နေ့စားစနစ်၊ ကြည့်ရှုရတဲ့ လူနာအရေအတွက်ပေါ် မူတည်ပြီး ပေးချေတဲ့ စနစ်များကိုလည်း သုံးပါတယ်။

**ရှန်ဟိုင်းမြို့မှာ တစ်နှစ်အောက် ကလေးသေနှုန်းက ကလေးအယောက် ၁၀၀၀ မွေးတိုင်း ၂ ဒသမ ၇၂ ပဲရှိတယ်။ အမေရိကန်ပြည်ထောင်စုတောင် ကလေးအယောက် ၁၀၀၀ မွေးတိုင်း တစ်နှစ်အောက် ကလေး ၅ ဒသမ ၉ သေတယ်။ ရှန်ဟိုင်းမှာ ဘာထူးခြားချက်များ ရှိနေသလဲ။**

ရှန်ဟိုင်းက ရှေးယခင်ကတည်းက ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းခဲ့တဲ့မြို့ပါ။ ခရစ်ယာန်သာသနာပြုတွေ တည်ခဲ့တဲ့ ရှန်ဟိုင်းက အနောက်တိုင်းစနစ်ဆေးရုံတွေဟာ တရုတ်ပြည်မှာ အစောဆုံး။ အဲဒီဆေးရုံတွေကိုယ်၌ကပဲ ဆေးပညာပါရမီပါတဲ့သူတွေကို ရှန်ဟိုင်းလာချင်အောင် ဆွဲဆောင်တဲ့အတွက် ရှန်ဟိုင်းကျန်းမာရေးစနစ်ဟာ အခြေခံကောင်းတစ်ခု ရလိုက်ပါတယ်။

ရှန်ဟိုင်းရဲ့ ကျန်းမာရေးညွှန်းကိန်းတွေဟာ တရုတ်တစ်ပြည်လုံးက ဘယ်နေရာထက်မဆို ကောင်းမွန်ပြီး နိုင်ငံတကာအဆင့်မီပါတယ်။ ဒါပေမယ့် မြို့တော်ရဲ့ ကျန်းမာရေးအသုံးစရိတ်က တစ်နိုင်ငံလုံး ပျမ်းမျှအသုံးစရိတ်လောက် မများပါဘူး။

**ရှန်ဟိုင်းက အစစအရာရာ ဈေးကြီးတဲ့ မြို့ကြီးတစ်မြို့ပဲ။ အဲတော့ ကျန်းမာရေးအသုံးစရိတ်ကလည်း ကျန်တဲ့မြို့တွေနဲ့ စာရင်ဈေးကြီးမှာပေါ့။**

မဟုတ်ဘူးဗျ။ ရှန်ဟိုင်းက ပိုဈေးချိုတယ်။ ဥပမာပြောရရင် တယ်လီဗီးရှင်းခတ်မှန်၊ စီတီစကင်၊ သံလိုက်ခတ်မှန်တွေရိုက်ခက ဘယ်ပြည်နယ်မြို့တော်ထက်မဆို ဈေးသက်သာတယ်။ ဒါဟာ တို့မြို့နဲ့ တို့စနစ်အတွက် ဂုဏ်ယူစရာပဲ။

> လူတွေစိတ်ထဲမှာ အစိုးရက ကျန်းမာရေးကဏ္ဍမှာ ငွေကြေးဘတ်ဂျက် အလုံအလောက်ချမပေးဘူး၊ ဘတ်ဂျက်ပိုချပေးလိုက်ရင် အားလုံးအဆင်ပြေသွားမယ် ထင်နေတယ်။ တကယ်တမ်းကျ စနစ်ကောင်း၊ မူကောင်းတွေမရှိဘဲ ငွေတွေလောင်းထည့်လိုက်ရင် ကျန်းမာရေး. . .

**အဲလောက် ဈေးပေါနေမှတော့ အရည်အသွေးကရော ကောင်းပါ့မလားဗျာ။**

ရှန်ဟိုင်းကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ အဆင့်အတန်းက တော်တော်လေးကို မြင့်မားပါတယ်။ ဆေးပညာသုတေသနအဆင့်အတန်း ကြည့်မလား၊ ကျန်းမာရေးနည်းပညာဘက်က ကြည့်မလား၊ ဆေးကျောင်းတွေရဲ့ နာမည်ဂုဏ်သတင်းကိုကြည့်မလား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားဖို့အတွက် ဆေးပညာသင်ကြားမှု အရည်အသွေးဟာ အရေးကြီးဆုံးပဲ။ ရှန်ဟိုင်းရဲ့ကျောင်းထုံဆေးတက္ကသိုလ် (ကျွန်တော် အဓိပတိလုပ်ဖူးတဲ့) က တရုတ်ပြည်ရဲ့ အကောင်းဆုံးဆေးကျောင်းတွေထဲမှာ ပါဝင်တယ်။

ဖူဒန်ဆေးတက္ကသိုလ်လည်း ဒီအတိုင်းပဲ။ ရှန်ဟိုင်းဆေးကျောင်းတွေက ဘေကျင်းဆေးကျောင်းတွေထက် သာပါတယ်ဗျာ။

**ရှန်ဟိုင်းက အမြဲတမ်းပုဂ္ဂလိက ကဏ္ဍကြီးစိုးတယ်လို့ ပြောကြတယ်။ ကျန်းမာရေးစောင့်ရှောက်မှုမှာရော ဒီအတိုင်းပဲလား။**

ဒါက ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုပါပဲ။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုံလုံလောက်လောက်က ရှန်ဟိုင်းကျန်းမာရေးစောင့်ရှောက်မှုဈေးကွက်ထဲ ဝင်ရောက်မလာပါဘူး။ ရှန်ဟိုင်းပုဂ္ဂလိကဆေးရုံတွေဟာ ပြည်သူ့ဆေးရုံတွေနဲ့စာရင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေပြီး အရေးပါမှုနိမ့်ကျနေတယ်။ လူနာခုတင် အလုံအလောက် မပေးနိုင်ဘူး။ ရှန်ဟိုင်းပုဂ္ဂလိကဆေးရုံတွေဟာ တရုတ်တစ်ပြည်လုံးက ပုဂ္ဂလိကဆေးရုံတွေနဲ့စာရင် တော်တော်လိုသေးတယ်။ ဒီလိုဖြစ်ရတာဟာ ရှန်ဟိုင်းရဲ့ အလေ့အထတစ်ရပ်ကြောင့်ပဲ။

ရှန်ဟိုင်းက လူငယ်လူတော်တွေက နိုင်ငံခြားကုမ္ပဏီကြီးတွေရဲ့ စီမံခန့်ခွဲရေးရာထူးကို ဦးစားပေးလိုချင်ကြတယ်။ ဒုတိယဦးစားပေးက ပြည်သူ့ဝန်ထမ်းဖြစ်ရေးပဲ။

တရုတ်အမျိုးသားများပိုင် ပုဂ္ဂလိကလုပ်ငန်းတွေမှာ ဝင်လုပ်မယ့်သူ တော်တော်ရှားတယ်။

(မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဆေးရုံကြီးတွေဟာ ပြည်သူ့ဆေးရုံက အထူးကုဆရာဝန်ကြီးများကိုပဲ မဏ္ဍိုင်ပြုလည်ပတ်နေတယ်။ ပြည်သူ့ဆေးရုံရော၊ ပုဂ္ဂလိကဆေးရုံရော ပြေးနေရတဲ့အတွက် နှစ်ဖက်စလုံးမှာ လစ်ဟာမှုတွေ ဖြစ်ပေါ်နေတယ်။ ကျန်းမာရေးဝန်ကြီးအဆက်ဆက်က ကိုယ်ပိုင်အထူးကုဆရာဝန်များရှိအောင် ပုဂ္ဂလိကဆေးရုံများကို ဖိအားပေးတိုက်တွန်းခဲ့ပေမယ့် မှန်းသလောက် တိုးတက်ဖြစ်ထွန်းမှုမရှိဘူး။ ပုဂ္ဂလိကဆေးရုံများအတွက် ကိုယ်ပိုင်အထူးကုဆရာဝန်များ ပေါ်ထွက်လာစေဖို့ အစိုးရဘွဲ့လွန် ဝင်ခွင့်စာမေးပွဲတွေမှာ ပုဂ္ဂလိကဆေးရုံက ဆရာဝန်တွေကို ပေးဖြေလိုက်ရင် ဝန်ကြီးဌာနအတွင်းက ဆရာဝန်တွေအတွက် အခွင့်အရေးနည်းသွားမှာ စိုးရိမ်လို့ ကန့်ကွက်မှုတွေရှိတယ်။ တစ်ဖန်အစိုးရဘွဲ့လွန်သင်ကြားမှုမှာလည်း နိုင်ငံ့လိုအပ်ချက်အရ ဘွဲ့လွန်ကျောင်းသားတွေကို များစွာတိုးချဲ့ခေါ်ယူထားတဲ့အတွက် တချို့ဘာသာရပ်တွေမှာ မနိုင်မနင်း ဖြစ်နေပြီ။ မန္တလေးက ညိမ်းဆေးရုံတစ်ရုံပဲ လူ့စွမ်းအားအရင်းအမြစ် ရင်းနှီးမြှုပ်နှံရေးလုပ်နေတယ်။ ဘွဲ့လွန်သင်တန်းသည် စာဖတ်ရုံ၊ ရပ်ကြည့်ရုံနဲ့မရ၊ ကိုယ်တိုင်လုပ်ဖူးမှ တကယ်တတ်မည်။)

**ရှန်ဟိုင်းက ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးတွေဟာ တရုတ်ပြည်ရဲ့ တခြားဒေသတွေနဲ့ မတူညီ ကွဲပြားခြားနားမှုတွေ ရှိနေတယ်ဆို။**

ရှန်ဟိုင်းက ရှေ့ရောက်လွန်းနေတာ။ ၂၀၀၉ နှစ်စမှာ နိုင်ငံတော်ကောင်စီက တရုတ်ပြည်ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ရမယ့်အချက်အလက်တွေကို ကြေညာတယ်။ ဒါပေမယ့် အဲဒါတွေအကုန်လုံးက သူတို့မကြေညာခင်ကတည်းက ရှန်ဟိုင်းမှာ လုပ်ပြီးသားတွေ။

ဥပမာအားဖြင့် အမျိုးသား မရှိမဖြစ်ဆေးများ အဆင့်သင့်ထားရှိရေးစီမံချက်က ဆေးဝါး ၃၀၇ မျိုးကို လူတိုင်းအတွက် လက်လှမ်းမီစေရမယ်လို့ စကြေညာတော့ ရှန်ဟိုင်းက ဒေသန္တရဆေးခန်းတွေက ဆေးအမျိုး ၁၀၀၀ တောင် ဒေသခံတွေကို ပေးနိုင်နေပြီ။

ရှန်ဟိုင်းရဲ့ ယခင်အောင်မြင်မှုတွေကြောင့် ပြည်သူ့ဆန္ဒပြည့်ဝစေမယ့် နောက်ထပ်ပြုပြင်ပြောင်းလဲရေးတွေက သိပ်တော့မလွယ်။ ရှန်ဟိုင်းက နိုင်ငံတော်အဆင့် ရည်မှန်းချက်တွေထက် ပိုမိုကျော်လွန်အောင် လုပ်ဆောင်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ဒါကြောင့် ဗဟိုအစိုးရက ညွှန်ကြားချက်တွေကိုလည်း ဆောင်ရွက်တယ်။ မိမိတို့ကိုယ်ပိုင်လမ်းစဉ်တွေကိုလည်း အကောင်အထည်ဖော်တယ်။

**အရေးပါဆုံး ဆန်းသစ်တီထွင်မှုတွေက ဘာတွေလဲ။**

ကဏ္ဍနှစ်ခုဗျ။ မူဝါဒရေးရာရယ်၊ အကောင်အထည်ဖော်တဲ့ကဏ္ဍရယ်။ အတွေးအခေါ်ပိုင်းအရ ရေရှည်အကောင်အထည်ဖော်ရမှာရယ်၊ ပြုပြင်ပြောင်းလဲရေးဆိုတာ ဖြည်းဖြည်းချင်း လုပ်ရတယ်ဆိုတာရယ်။ သုံး၊ လေးနှစ် လုပ်လိုက်ရုံနဲ့ ကျန်းမာရေးစနစ်အသစ်ကျပ်ချွတ်တစ်ခု ရနိုင်တယ်လို့ အများထင်နေကြတာ မှားနေကြောင်း နားလည်ဖို့လိုတယ်။ ကျွန်တော်က တစ်ပွဲတိုးတွေ မလုပ်ဘူး။

အစိုးရက ကျန်းမာရေးအသုံးစရိတ်တိုးတဲ့ နည်းလမ်းသာမက ကျန်းမာရေးစနစ် ပြောင်းလဲမှုတွေရယ်၊ ကျန်းမာရေးကဏ္ဍပုံစံ ပြန်လည်တည်ဆောက်တာရယ်ပါ ကျွန်တော်ထည့်စဉ်းစားတယ်။ လူတွေစိတ်ထဲမှာ အစိုးရက ကျန်းမာရေးကဏ္ဍမှာ ငွေကြေးဘတ်ဂျက် အလုံအလောက်ချမပေးဘူး၊ ဘတ်ဂျက်ပိုချပေးလိုက်ရင် အားလုံးအဆင်ပြေသွားမယ် ထင်နေတယ်။ တကယ်တမ်းကျ စနစ်ကောင်း၊ မူကောင်းတွေမရှိဘဲ ငွေတွေလောင်းထည့်လိုက်ရင် ကျန်းမာရေးစနစ်ပြုပြင်ပြောင်းလဲရေး ပိုလို့တောင် အခက်အခဲတွေသွားမယ်။

**မြို့တော်ဝန်ကြီးက ဆီးသီးဗန်းမှောက်တာကို ဆိုလိုချင်ဟန် တူပါရဲ့။**

ဆီးသီးဗန်းမှောက်ရုံ ဘယ်ကမလဲဗျ။ နောက်ဆက်လက် အကောင် အထည်ဖော်ဖို့ ဘဏ္ဍာရေးအကျပ်အတည်းပါ တွေ့လာမှာပေါ့။

ဒီနေရာမှာ ကျွန်တော်က အမေရိကန် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို မကောင်းပြောတာ မဟုတ်ဘူးနော်။ ခုဗျာ အမေရိကန် ကျန်းမာရေးအသုံးစရိတ်က ဂျီဒီပီရဲ့ ၁၈ ရာခိုင်နှုန်းတောင် ရှိနေတယ်။ သူတို့ဒီထက်ထပ်တိုးဖို့ဒုက္ခရောက်နေပြီ။ တိုးပြီးသားကို ပြန်လျှော့ဖို့ဆိုတာလည်း တော်တော်ခက်တယ်။ ငွေများများထည့်တာဟာ ပြောင်းလဲမှု ပိုမြန်စေတယ်ဆိုတာ နားလည်တယ်။ ဒါပေမယ့် အဲဒီပြောင်းလဲမှုတွေဟာ ကောင်းကျိုးပဲ ဖြစ်ရမယ်။ တကယ်လို့ အကျိုးမဖြစ်ထွန်းတဲ့ အလုပ်ကိုသွားစမိပြီဆိုရင်တော့ ငွေထပ်ထည့်လေ၊ ပိုရှုပ်လေ၊ ပိုပြဿနာတက်လေပဲ။

ဗဟိုအစိုးရက မူဝါဒ လမ်းညွှန်ချက် သုံးရပ်ချပေးတယ်။ အခြေခံကိစ္စတွေ အဓိကလုပ်ရေး၊ အောက်ခြေဌာနများ တိုးတက်ဖွံ့ဖြိုးရေး၊ ဌာနယန္တရားအဆင့်ဆင့် တည်ဆောက်ရေး။ ရှန်ဟိုင်းသီးသန့်အနေနဲ့ ကျွန်တော်က သုံးချက်ထည့်တယ်-

၁။ အုတ်မြစ်ခိုင်မာရေး၊

၂။ ရေရှည်အတွက် စဉ်းစားရေး၊

၃။ ပြုပြင်ပြောင်းလဲမှု စဉ်ဆက်မပြတ်ဖော်ဆောင်ရေး၊

အစိုးရသက်တမ်းတစ်ဆက်က ငါးနှစ်ဗျ။ လမ်းကြောင်းသာမှန်ပလေ့စေ၊ ငါးနှစ်ကို ဖြည်းဖြည်းအေးအေး လိမ့်သွားလို့ရတယ်။ တကယ်လို့ နောက်သက်တမ်းတစ်ခုသာ ထပ်လုပ်ခွင့်ရရင် စုစုပေါင်းရှစ်နှစ် သို့မဟုတ် ဆယ်နှစ်အတွင်းမှာ ရှန်ဟိုင်းမြို့နေလူထုကို ကျန်းမာရေးစနစ်ကောင်းကောင်းတခု ပေးနိုင်ပြီ။ ကျွန်တော်က ကောက်ရိုးမီးအောင်မြင်မှုတွေကို မလိုလားဘူး။ လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းကိုပဲ အောင်မြင်စေချင်တယ်။ ဒီမူဝါဒရေးရာက ရှန်ဟိုင်းကို တခြားဒေသတွေနဲ့ ကွာခြားစေတာပဲ။

# မြန်မာနိုင်ငံလက်ဖက်အစုအဖွဲ့ မန္တလေး၏ အဖွဲ့ဝင်များဖြစ်ကြသော

MTC
Myanmar Tea Cluster

၁။ ရွှေတုတ် လက်ဖက် နှင့် အကြော်စုံ
၂။ အရိုးတောင်း လက်ဖက် နှင့် အကြော်စုံ
၃။ ရီမွန် လက်ဖက် နှင့် အကြော်စုံ
၄။ ဗေဒါရွှေကြာ လက်ဖက် နှင့် အကြော်စုံ
၅။ ရှမ်းရွှေတောင် ရှူးရှဲလက်ဖက် နှင့် အကြော်စုံ

စသည့် လုပ်ငန်းများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ဓါတုဗေဒ ကင်းရှင်းကြောင်းနှင့် ကောင်းမွန်သော ကုန်ထုတ်လုပ်မှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ရရှိထားသော အမှတ်တံဆိပ်များ ဖြစ်၍ စားသုံးသူမိဘပြည်သူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | FDA ထောက်ခံချက်အမှတ် |
|---|---|---|
| ၁။ | ရွှေတုတ် | သ ၁ / ၀၉၀၀၅ / ထလ |
| ၂။ | အရိုးတောင်း | သ ၁ / ၀၉၀၀၆ / ထလ |
| ၃။ | ရီမွန် | သ ၁ / ၀၉၀၀၇ / ထလ |
| ၄။ | ဗေဒါရွှေကြာ | သ ၁ / ၀၉၀၁၃ / ထလ |
| ၅။ | ရှမ်းရွှေတောင် | သ ၁ / ၁၂၀၂၃ / ထလ |




Victoria Hospital
Quality Care

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း
အထူးကုပါမောက္ခဆရာဝန်ကြီးက ဩဂုတ်လ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

High Tech ENT Head & Neck Surgery
ONE STOP SOLUTION

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများအား ကမ္ဘာ့အဆင့်မြင့်နည်းပညာဖြင့် အမေရိကန်နိုင်ငံလုပ် အကြမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြောနှီးဆွစက် Cochlear Implant ကို ဝါရင့် ကမ္ဘာကျော်မလေးရှားမှခွဲစိတ်ဆရာဝန်ကြီးဖြင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ပေးခြင်း၊ ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကာစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလိုခွဲစိတ်ကုသပေးခြင်း။

✣ ဩဂုတ်လ (၂၀) ရက်နေ့တွင်ပြင်ပလူနာများကိုကြည့်ရှုပေးသွားမည်ဖြစ်ပြီး ဩဂုတ်လ (၂၀ နှင့် ၂၁) ရက်နေ့များတွင် ခွဲစိတ်ကုသပေးမည်။

- ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်ပါသဖြင့် ဩဂုတ်လ (၁၅) ရက်နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက - - - ၀၉၇၈၃၆၆၆၃၁ ~ ၁၄၄ - Extension: ၇၀၆၅ သို့ဆက်သွယ်နိုင်ပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WictoriyaGeneralHospital

★STAR★
အုံမြို့သစ် အရှေ့ပိုင်း။ တောင်ပိုင်း။ မြောက်ပိုင်း။ ဆိပ်ကမ်းရိုင်းမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း မြို့တွင်း / နယ်ဝေးအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296


ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁၀) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဂန္ဓမာလမ်း၊ ဂရန်မြေကွက် အမှတ် (၈၆) မြေအမှတ် (၄) ဟုခေါ် သည့်အိုလံပစ်ကုမ္ပဏီအမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့်အဆောက်အဦးအား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀)၊ လူနေရပ်ကွက်အမှတ် (Phase-2) အိုး / အိမ်ဂရန်မြေကွက်အမှတ် (၈၆)၊ ကုမ္ပဏီမြေကွက်အမှတ် (2E-9)၊ ဧရိယာ (၈၀×၈၀) ပေရှိသည့် နှစ် (၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိ မြေအမှတ် (၄)၊ ဂန္ဓမာလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဟုခေါ်သည့် အဆောက်အဦးကို အိုလံပစ်ကုမ္ပဏီလီမိတက် (၃၃၈/၁၉၉၀-၁၉၉၁) အမည်ပေါက်လျှက်ရှိပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အဦးကို အမည်ပေါက်ကုမ္ပဏီထံမှ တရားဝင်လွှဲပြောင်းရယူကာ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထား ပိုင်ဆိုင်လျှက်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်စဝါယ် (၁၂/ပဗတန (နိုင်) ၀၈၂၇၄၄) ထံမှလွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေ / အိမ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ (ဓဉ်-၂၅၀၆၉)
Ph-09-731 70516, 09-253995848

ဒေါ်ဟန်နွေနိုင် (LL-B)
အထက်တန်းရှေ့နေ (ဓဉ်-၂၃၄၄)
Ph-09-4200 73685

အမှတ် (၅၀) ပထမ ထပ် (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# *Smile Card Member* များအတွက်

၁.၁.၂၀၁၆ မှ ၃၀.၆.၂၀၁၆ အတွင်း Gandamar Wholesale နှင့် Ruby Mart များတွင် Smile Card ဖြင့် ဝယ်ယူအားပေးခဲ့သော Customer များအနက် သတ်မှတ်ချက်နှင့် အကျုံးဝင်သူများအား Reward များ ပြန်လည်ချီးမြှင့်မည်ဖြစ်ပါသဖြင့် Smile Card ပြုလုပ်ခဲ့သော သက်ဆိုင်ရာ Gandamar Wholesale နှင့် Ruby Mart တို့တွင် ၁.၈.၂၀၁၆ မှ ၃၀.၁၀.၂၀၁၆ အထိ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စုံစမ်းရန် ဖုန်း - ၆၅၇၃၁၄၊ ၆၅၇၃၁၉ လိုင်းခွဲ(၃၁၂)

## မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ S-12 RSU အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် မန္တလေး S-12 အိတ်ချိန်း၏ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မန္တလေး (ZTE NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | မဂ်လာမန္တလေး<br>S-12 RSU(5) | ၀၂-၇၈xxx | ၀၂-၂၈၄၈xxx |
| ၂။ | မန္တလေးဆက်သွယ်ရေး ညွှန့်ရိပ်သာ<br>S-12 RSU(6) | ၀၂-၇၄xxx | ၀၂-၂၈၄၄xxx |
| ၃။ | မဟာမြိုင်<br>S-12 RSU(2) နှင့် (7) | ၀၂-၆၂xxx<br>၀၂-၇၇xxx | ၀၂-၂၈၃၂xxx<br>၀၂-၂၈၄၇xxx |

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

## နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်း နံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | ဇေယျာသီရိမြို့နယ်<br>ပြည်စံအောင်<br>JSY-2000 | ၀၆၇-၇၅xxx | ၀၆၇-၉၉၈၅xxx |

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း


SONY
CATCH THE HOTTEST DEALS
ဗလာမပါကံစမ်းမဲ
MID YEAR PROMOTION
6th Aug - 4th Sept, 2016
SPECIAL ITEM !!!
BRAVIA
KD-65/55 X9300D (4K HDR Android TV™)
5,900,000 KS (65") 3,490,000 KS (55")
KD-65/55 S8500D (4K HDR Android TV™-Curved Series)
3,990,000 KS (65") 2,790,000 KS (55")
KDL-55/43 W800C (2K Android TV™)
1,290,000 KS (55") 849,000 KS (43")
XPERIA™ SMARTPHONE
XPERIA™ C4
299,000 KS
249,000 KS
FREE GIFT
XPERIA™ XA Ultra
429,000 KS
FREE GIFT
XPERIA™ X
599,000 KS
FREE GIFT
XPERIA™ XA
349,000 KS
FREE GIFT
HOME AUDIO VIDEO
SHAKE-X1D
669,000 KS
COMPACT DIGITAL CAMERA
ILCE-A7K
2,200,000 KS
FREE GIFT
HEADPHONE
MDR-ZX310AP
49,000 KS
MDR-XB450AP
89,000 KS + FREE GIFT
MDR-EX750AP
139,000 KS + FREE GIFT
WIRELESS SPEAKER
SRS-XB2
125,000 KS + FREE GIFT
SRS-XB3
165,000 KS + FREE GIFT
SRS-HG1
205,000 KS + FREE GIFT
ခဲခြစ်ကံစမ်းမဲ
PROMOTION ကာလအတွင်း SONY SHOWROOM နှင့်
WAI YAN ELECTRONICSဆိုင်များ၌
ကျပ်(၁)သိန်းဖိုးနှင့်အထက် ဝယ်ယူသူအားလုံးအတွက်
"ဗလာမပါခဲခြစ်ကံစမ်းမဲ"
KD-55X8500D
55" 4K HDR Andriod TV™(7 Pcs)
1st Prize
2nd Prize
PlayStation® (26 Pcs)
3rd Prize
Action Cam (7 Pcs)
4th Prize
5th Prize
6th Prize
7th Prize
8th Prize
BRAVIA TV 24"
DSC-QX10 Camera
Premium Gifts
SONY SHOWROOM
Yangon :
Myanmar Plaza, Tel: 09 455533667,
Kabar Aye, Tel: 01-556622
Bo Aung Kyaw, Tel : 01-398566, 398563 ,
Gamome Pwint Shopping Mall, Tel : 09 73119900
Mandalay :
TMW Tower, Tel: 02-72580~4
Nay Pyi Taw, Tel: 067-420791, 420966
Buy Smart, Be Assured!
Insist on Official Warranty, It makes a difference!
Like Us On http://www.facebook.com/tmwmm Sony Showroom By TMW Enterprise Limited
Official Warranty by: TMW Enterprise Limited
အမြို့မြို့ အနယ်နယ်ရှိ WAI YAN ELECTRONICS နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

# Global Treasure Bank

(ယခင်မြန်မာ့စီးပွားဖွံ့ဖြိုးရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်)

## ကျေးဇူးတင်လွှာ

Global Treasure Bank ၏ ၂၁ ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို (7.8.2016) တွင် အောင်မြင်စွာကျင်းပပြုလုပ်၍ ဒါရိုက်တာအဖွဲ့ဝင်သစ်များအား ရွေးချယ်ခဲ့ပြီး အစုရှယ်ယာများအတွက် အမြတ်ဝေစုကို ၁၅ % ခွဲဝေ ပေးအပ်ခဲ့ပါသည်။ ဤသို့ ဘဏ်၏အောင်မြင်မှုများ ရရှိခဲ့ခြင်းသည် ဘဏ်ကိုအစဉ်အမြဲ ဆက်သွယ်ဆောင်ရွက်နေကြသော Customer များ၏ အားပေးကူညီမှုကြောင့်သာ စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပါ၍ Customer များကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာလာဘ်လာဘများ တိုးတက်ပွားများပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Global Treasure Bank
ဒါရိုက်တာအဖွဲ့နှင့် ဘဏ်မိသားစု




PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook
Pun Hlaing Siloam Hospitals

**အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို**

- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း



ဩဂုတ်လ | ၁၈ | ရက်နေ့မှ | ၂၂ | ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၁၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ www.punhlaingsiloamhospitals.com

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး
















TOYOTA VITZ-5 J/-
အိမ်စီးကား-အိမ်ပေးငှားမည်
(၆)လချုပ်နိုင်သူ ဦးစားပေးမည်။
ဖုန်း- ၀၉-၃၁၀၆၆၉၂၁
၀၉-၉၇၅၂၉၇၄၅၀

အိမ်ရောင်းမည်
2100 Lakh
ပေ(၄၀×၆၀)
၃၅ ရပ်ကွက်၊ မြောက်ဒဂုံ။
Ph; 09788464770,
0973047336

ပိုင်ရှင်ကိုယ်တိုင်နှစ်ဆပ်လုံးချင်းအိမ်ငှားမည်
တည်နေရာအမှတ် (45/C)၊ မရိုးပိမ်ကျောင်း
လမ်းသွယ် (၁) လမ်း၊ မရမ်းကုန်းမြို့နယ်။
Master Bed Room (၅) ခန်း
Maid Room (၁) ခန်း။
Air Con (၄) လုံးပါရှိပါသည်။
ဆက်သွယ်ရန် - ၀၉၅၁၅၁၃၈၄၊ ၀၉၉၇၅၀၀၂၄၃၈၊

Super Cool
Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊
ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)
(၁) ပ/ဒုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) မန္တလေး -09-49252181, 09444042912
(၇) မရမ်းကုန်းမြို့နယ်၊ အထက်ပဲခူးလမ်း - 09-5079115,09 73066696
(၈) လှိုင်မြို့နယ်၊ အင်းစိန်လမ်း - 09-256223396, 09-47054581
Hot Line : 01-706356
မှတ်ချက် - Air Con Brand New အမျိုးမျိုးကို
တပ်ဆင်လိုရင်းဈေးအတိုင်း အာမခံဖြင့် ရောင်းချပေးနေပါသည်။

ပညာချွန်
ဆရာ ဦးစိုးမြင့် B.Sc(Maths)
သချ်ာ ၁၀ တန်း
တက္ကသိုလ်ဝင်တန်း မေးခွန်းဟောင်းများ
ရှင်းလင်းချက်များ MULTIPLE CHOICE
ပညာဗိမာန် ပညာချွန် စာအုပ်တိုက်
အမှတ် (၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 01 253 143
09 730 29336, 09 513 6746

အာရှနဂါး
Asia Dragon
Ph: 01 707062, 09 799100100
01 703790, 09 797100100
ယတြာဆရာမ

MBA
BBA . EMBA . PhD
- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- Weekend Classes Only (Once in 6 weeks Only)
- Highly Flexible Installment Payment Plans
- Awarded by Asia e University, Malaysia, recognized by 34 ACD Countries

START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK300,000!
ENROL NOW TILL 1st SEPTEMBER 2016
09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

Since 1986 KMD Institute
UNIVERSITY of GREENWICH · SQA · NCC education · ISO

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ အတွက် UK နိုင်ငံ၏ ကွန်ပျူတာသိပ္ပံဘွဲ့ နှင့် ဒီပလိုမာများကို အစိုးရတက္ကသိုလ်များနှင့် တစ်ပြိုင်နက်တည်း တက်ရောက်ကာ ပညာတော်သင်ဆုများ ရရှိနိုင်မည့် အထူးအခွင့်အရေး



First Year Diploma
• ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများအတွက် ပညာတော်သင်ဆု အများဆုံး ၁၀၀% မှ အနည်းဆုံး ၂၀% ထိ ရရှိနိုင်မည်ဖြစ်ပါသည်။

Higher National Diploma
• ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သော ကျောင်းသားတိုင်းအတွက် ပညာတော်သင်ဆု ၃၀% ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

KMD Institute တွင် CB ဘဏ်မှ MPU Credit Card ဖြင့် သင်တန်းကြေး အရစ်ကျ ပေးသွင်းနိုင် ရန်စီစဉ်ပေးထားပါသည်။

| First Year Disploma | HND |
|---|---|
| 20 Aug 2016 (Sat-Sun) 10:00 AM-5:00 PM | 25 Aug 2016 (Tue - Fri) 3:00 PM - 6:00 PM |
| 1 Sept 2016 (Mon- Fri) 1:00 PM - 5:00 PM | |

First Year Computing Diploma (NCC) → Second Year Computing Diploma (NCC) → B.Sc(Hons)BIT (Final Year)
HND Foundation (SQA) → HND Diploma (Software Development) (SQA)

Hotline 09770867903
KMD (Myaynigone) :
331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555, 700895
နယ်မှ လာရောက်မည့် ကျောင်းသား/သူများ အတွက် အဆောင်စီစဉ်ပေးထားပါသည်။


ဂရိတ်ဝေါလ်ရွှေမြေကုမ္ပဏီလီမိတက်
ရယ်ဒီမိတ်အိမ် များကို စတင်ထုတ်လုပ်ပေးနေပါသည်။
• ရယ်ဒီမိတ်အိမ်များကို စိတ်တိုင်းကျ တပ်ဆင်ပေးနေပါသည်။
• ရယ်ဒီမိတ်အိမ်တွင် မျက်နှာကြက်၊ ပြင်လိုဆန့်ဒါ၊ အိပ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ ဆန့်စင်ခန်း၊ မီးဖိုခန်းများကို ( ၂၅ - ၈၀ )ရက်အတွင်း အပြီးအစီး တပ်ဆင်ပေးပါမည်။ (အဆင်ပြေနိုင်ပါသည်)

• ကိုယ်စားလှယ်ယူလိုသူများ လာရောက်ဆက်သွယ်နိုင်ပါသည် •
➢ အမှတ် (၈၅) ၊ ကနောင်မင်းသားကြီးလမ်း ၊ ရွှေလင်ပန်းစက်မှုဇုန် ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 250500099, 09 250500088, 09 250500066, 09 73227622, 09 31652227, 09 263442264, 09 785092343
➢ အမှတ် (၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 381999, 01 382333, 09 250065716, 09 73048157

# "တစ်နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း"

၁၄-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော Win & San စိန်တိုက်ပိုင်ရှင် ဘုရား၊ သိမ်၊ ကျောင်း၊ ပတ္တမြားရိပ်သာအလှူရှင် ကိုဝင်းနိုင်အားရည်စူး၍ မိခင်ကြီး သီရိသုဓမ္မသိင်္ဂီဒေါ်တင်မြင့်နှင့် မိသားစုတို့မှ နေ့စဉ်လစဉ် ကုသိုလ်ကောင်းမှုအဖို့အစုစုတို့ကို စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ပြုလုပ်လှူဒါန်း အမှျပေးဝေခဲ့ကြပါသည်။

ထို့အပြင် ကိုဝင်းနိုင်ကိုယ်တိုင် သက်ရှိထင်ရှားရှိစဉ်က လှူဒါန်းထားခဲ့သော ပြင်ဦးလွင်မြို့၊ ကျင်ဂရိုင်ကျေးရွာ၊ မိုးကုတ်ဝိပဿနာရိပ်သာခွဲ ပတ္တမြားကျောင်းမြေပေါ်တွင် မောင်ဖြစ်သူ ကိုဝင်းနိုင်၏ဆန္ဒအရ ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေမိသားစုတို့မှ Diamond Land နှစ်ထပ် ဆွမ်းစားဆောင်ကိုလည်း ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ကျောင်းလွှတ်ပူဇော်ပြုလုပ်၍လှူဒါန်း ရေစက်ချ အမှျဝေပေးကြပါသည်။

ဤကဲ့သို့ ကျန်ရစ်သူမိသားစုအားလုံးတို့၏ ကြိုးစားပြုလုပ်အားထုတ်ခဲ့ကြသော ကုသိုလ်ကောင်းမှုအဖို့ အစုစုတို့ကို ကိုဝင်းနိုင် ရောက်ရာဘုံဘဝမှ ကြားနိုင်သိနိုင်မြင်နိုင်၍ သာဓုအနုမောဒနာခေါ် ဆိုနိုင်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သောဘုံဘဝမှ နိဗ္ဗာန်တိုင်အောင် တက်လှမ်းနိုင်ပါစေ။

**မိခင်ကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်မြင့်**
**ဦးအေးမောင်-ဒေါ်နီနီ(စိန်စပ္ပါယ်ဖူးစိန်တိုက်၊ မန္တလေး)**
**သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာထွန်းထွန်းဦး-သီဟသုဓမ္မသိင်္ဂီဒေါ်မာမာ**
**(Jewel Rock, Gems & Diamond စိန်ရတနာရောင်းဝယ်ရေး၊ ရန်ကုန်)**
**ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေမိသားစု**
**(Diamond Land စိန်အရောင်းပြခန်း၊ ရန်ကုန်)**
**ဒေါ်မိုးမိုး(မဘုတ်)၊ စိန်ကမ္ဘာစိန်ရတနာရောင်းဝယ်ရေး၊ မန္တလေး။**

---

# "တစ်နှစ်ပြည့် လွမ်းဆွတ်တမ်းတသတိရခြင်း"

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ပစ္စည်းလေးပါးဒါယကာကြီး

## (ဦးဝင်းနိုင်)

Win & San Diamonds & Fine Jewelry

သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းနွဲ့ (Win & San Diamonds & Fine Jewelry)၏ ချစ်လှစွာသော ခင်ပွန်း၊ မချမ်းငြိမ်းဆု၊ မဖူးပွင့်ခိုင်၊ မချောခိုင်ခိုင်ဆက်တို့၏ ချစ်လှစွာသောဖခင် ဘုရား၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး ဒါယကာကြီး (ဦးဝင်းနိုင်) ကွယ်လွန်အနိစ္စရောက်သွားသည်မှာ ၁၄-၈-၂၀၁၆ရက်တွင် (၁)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် မမေ့နိုင်သေးဘဲ တမ်းတလွမ်းဆွတ်သတိရအောက်မေ့လျက်ရှိပါသည်။

ဘုရား၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး ဒါယကာကြီး (ဦးဝင်းနိုင်)ကွယ်လွန်ပြီးချိန်မှစတင်ကာ မိသားစုများမှ ကွယ်လွန်သူအားရည်စူး၍ ပြင်ဦးလွင်မြို့နယ်၊ ကျင်ဂရိုင်ကျေးရွာ၊ ပတ္တမြားရိပ်သာခွဲကျောင်းတိုက်ကြီးကို မျိုးချတည်ထောင်ပေးပြီး ပင်မဓမ္မဗိမာန်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောက်တန်းမြို့၊ တောတိုက်မြကမ္ဘာအေး သီလရှင်စာသင်တိုက်အတွင်း သီရိမင်္ဂလာမြကံသာဗိမာန်အား ဆောက်လုပ်လှူဒါန်းပေးပြီး ဆွမ်းဆန်စိမ်းနှင့်အတူ နဝကမ္မလှူဒါန်းခြင်း၊ နေ့စဉ်တန်းဆွမ်းများလောင်းလှူပေးခြင်း၊ လစဉ်ပင့်သံဃာများကို နေအိမ်သို့ ပင့်ဆောင်ပြီး နေ့ဆွမ်းနှင့်အတူ နဝကမ္မလှူဖွယ်ပစ္စည်းများကို ဆက်ကပ်ခြင်းအစရှိသည့် ကုသိုလ်ကောင်းမှုများအား ပြုလုပ်ပေး၍ ရေစက်သွန်းချအမှျပေးဝေလျက်ရှိပါသည်။ ဤပြုသမျှကုသိုလ်ကောင်းမှုများကို ရောက်ရာဘဝမှ ခံစားစံစားပြီး သာဓုခေါ်ဆိုနိုင်ရန်အတွက် အမှျပေးဝေပါသည်။ အမှျရ၍ သာဓုခေါ်ဆိုနိုင်ပါစေသော်----

**အမှျ---အမှျ---အမှျ**

| | | |
|---|---|---|
| **ချစ်ဇနီး** | - | **သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းနွဲ့ (Win & San Diamonds & Fine Jewelry)** |
| **သမီးများ** | - | **မချမ်းငြိမ်းဆု (MBA-Assumption University, Thailand)** |
| | | **မဖူးပွင့်ခိုင် (Master of Commerce-University of Sydney)** |
| | | **မချောခိုင်ခိုင်ဆက်(HND-MIC)** |

# နိုင်ငံရေးဆွေးနွေးမှုမူဘောင် ဆွေးနွေးတင်ပြချက်များအား နေပြည်တော်တွင်ပြုလုပ်မည့် UPDJC အစည်းအဝေးတွင် အတည်ပြုသွားမည်

ရန်ကုန် ဩဂုတ် ၁၃

**အစိုးရကိုယ်စားလှယ်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့အားကိုယ်စားပြုသည့် ကိုယ်စားလှယ်အဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဝင် နိုင်ငံရေးပါတီများကိုယ်စားလှယ်အစုအဖွဲ့တို့၏ သုံးပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရန်ကုန်၌ ကျင်းပခဲ့သည်။** (အောက်ပုံ)



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယနေ့ပြုလုပ်သည့် သုံးပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် ဩဂုတ် ၁၂ ရက် ဆွေးနွေးချက်များကို ပြန်လည်တင်ပြခြင်း၊ မူဘောင်ဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုများအပြီးတွင် ဒေါက်တာတင်မျိုးဝင်းက "ကျွန်တော်တို့ ဆက်လက်ညှိနှိုင်းမယ့် ကိစ္စတွေသာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ပေဝက်ခန့်နှင့် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**



ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ရတနာပုံ၊ ရန်ကုန်နှင့် ဧရာဝတီနိုင်ပွဲရရှိ

**ရန်ကုန် ဩဂုတ် ၁၃**

၂၀၁၆ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံ၊ ရန်ကုန်နှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

**(ဗထူးကွင်း)**

ရတနာပုံ - သုံးဂိုး

ဟံသာဝတီ - တစ်ဂိုး

ရတနာပုံအသင်းသည် ချန်ပီယံဖြစ်ပြီးသော်လည်း အိမ်ကွင်းပရိသတ်များအတွက် နိုင်ပွဲရယူပေးနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ဂိုးစတင်ပေးခဲ့ရသော်လည်း အိမ်ကွင်းတွင် အမှားမရှိခဲ့ဘဲ သုံးဂိုးပြန်သွင်းကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ချန်ပီယံဖြစ်ပြီးသော်လည်း အိမ်ကွင်း၌ နိုင်ပွဲရယူနိုင်ရန် လူစုံအသုံးပြုခဲ့ပြီး ဂိုးသမားနေရာတွင် ရန်အောင်လင်းအစား ပြည့်လျှံအောင်ကို အသုံးပြုခဲ့သည်။ ဟံသာဝတီ၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားအဖြစ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



## ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်
## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
## ထာဝရကုသိုလ်ရေအလှူတော် ငွေကောက်ခံခြင်းလုပ်ငန်းရပ်ဆိုင်းခြင်းနှင့်
## နိုင်လွန်ကတ္တရာထပ်ပိုးခင်းခြင်း၊ လမ်းအလှူတော်နှင့် ရွှေဇဝါယွန်းအလှူတော်များ
## ဆက်လက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ်လျက်ရှိသော သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် ထာဝရကုသိုလ်ရေအလှူတော်အတွက် အလှူခံလျက်ရှိရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၏ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုကြောင့် လိုအပ်သည့် ရေအလှူတော်ငွေများ ပြည့်စုံစွာရရှိပြီးဖြစ်ပါသဖြင့် ၂၁-၈-၂၀၁၆ ရက် ညနေမှစ၍ ရေအလှူတော်ငွေကောက်ခံခြင်းကို ရပ်ဆိုင်းမည်ဖြစ်ပါကြောင်းနှင့် သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် လိုအပ်ဆဲဖြစ်သော နိုင်လွန်ကတ္တရာထပ်ပိုးခင်းခြင်း လမ်းအလှူတော်နှင့် ရွှေဇဝါယွန်းအလှူတော်များကို ဆက်လက်လှူဒါန်းနိုင်ကြပါကြောင်း၊ လှူဒါန်းလိုပါက ဂေါပကရုံး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမြော်၍ လေးစားစွာ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ။ ။ ၀၁-၆၆၀၀၀၂၊ ၀၁-၆၆၂၈၈၂၊ ၀၁-၆၆၅၄၂၅၊ ၀၉-၂၅၀၆၇၇၂၈၉၊ ၀၉-၄၂၀၀၀၅၆၉၀

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့**

### ဖခင်အမည်မှန်

ကညွတ်ကွင်းမြို့၊ အထက(၁)တွင် ပညာသင်ကြားနေသော မစုမြတ်မွန် (န၀မတန်း-ဂ)၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် [၇/အတန(နိုင်)၀၀၄၀၄၇]ဖြစ်ပါကြောင်း။

**ဦးတင်အောင်**

### ဖခင်အမည်မှန်

မြောင်မြို့နယ် အထက (ပရိမ္မ) ဒသမတန်းမှ မောင်စိုးမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးငွေ[၁၂/တသန(နိုင်)၀၂၇၉၀၁] ဖြစ်ပါကြောင်း။

**ဦးငွေ[၁၂/တသန(နိုင်) ၀၂၇၉၀၁]**

### အမည်မှန်

ရန်ကုန်မြို့၊ အထက(၂)၊ ဗိုလ်တထောင် ဆဋ္ဌမတန်း(ခ)မှ အဖဦးနေဇင်လှိုင်၏သားဖြစ်သူ မောင်ဖွဲ့ဆက်ဟိန်းအား မောင်ထူးအောင်ရဲဝင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးနေဇင်လှိုင်**









### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

➤ ဒီဇင်ဘာအိမ်ရာစီးပွားရေးတက္ကသိုလ်အနီး
(၁၀၀ × ၁၀၀)ပေပါမစ်မြေ (ထောင့်ကွက်) - (၁၆၅၀) သိန်း
➤ ညောင်နှစ်ပင် – ကြာတန်ဈေးမှာ
၀.၄၆ဧက၊ ရေ၊ မီး၊ ပါ၊ မြံပြေစာ - (၂၈၀) သိန်း

Ph: 09-49342067, 09-785084831

### ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်(ဂရန်အမည်ပေါက်)

* ကလောမြို့၊ ပြည်ထောင်စုလမ်းမကြီးပေါ်၊ စီးပွားရေးလုပ်ရန်အလွန်ကောင်း၊ ၁/ရပ်ကွက်၊ မြို့မဈေးရှေ့၊ ပေ(၁၀၀×၁၀၀)
* တောင်ဥက္ကလာပမြို့နယ်၊ ၇/ရပ်ကွက်၊ သစ္စာလမ်းမကြီးပေါ်၊ စီးပွားရေးလုပ်ရန်အလွန်ကောင်း၊ ပေ(၂၀×၆၀)

**ဖုန်း-၀၉-၄၂၁၀၄၈၉၇၈၊ ၀၉-၄၃၀၈၉၅၈၆**










မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဩဂုတ် ၁၄၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# အခွင့်အခါရှိမှ အစွမ်းအစက အရာရောက်သည်





ကျော်သူရ(အဖျောက်)
B.A(မြန်မာစာ)

ကြေးမုံမျိုးဆက်သစ်ရင်ပြင်ကို ဖွင့်လှစ်ပေးတာ ကျွန်တော်အမှတ်မမှားဘူးဆိုလျှင် သီတင်းပတ်ရှစ်ပတ် ရှိပြီဖြစ်သည်။ ယခုလာမယ့် သီတင်းပတ်နှင့်ဆို ကိုးပတ်မြောက်ရှိပြီလို့ထင်ပါသည်။ တကယ်တော့ ကြေးမုံမျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖွင့်ပေးခြင်းသည် ခေတ်တစ်ခေတ်၏ရှုထောင့်မျိုးစုံ၊ နယ်ပယ်မျိုးစုံက ထွက်ပေါ်လာသော လူငယ်များ၏အသံကို သမိုင်းအကွခရာတင်ပေးခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်လူငယ်များ၏ အတွေးအမြင်စိတ်နေသဘောထားများကို တစ်စိတ်တစ်ဒေသသိရှိရမည်ဖြစ်သည်။ လူငယ်များ နိုင်ငံရေးအပေါ် ဘယ်လိုရှုမြင်ကြသနည်း။ စီးပွားရေးအပေါ် ဘယ်လိုရှုမြင်ကြသနည်း။ နည်းပညာအပေါ် ဘယ်လိုရှုမြင်ကြသနည်း။ မြို့ပြနှင့်ယဉ်ကျေးမှုအပေါ် ဘယ်လိုရှုမြင်ကြသနည်း စသည်စသည်ဖြင့် လူငယ်များ၏ ရှုမြင်ပုံအမျိုးမျိုးကို သိရှိရမှာပဲဖြစ်ပါသည်။

ကျွန်တော်တို့လူငယ်တွေအနေဖြင့်လည်း မိမိ၏နိုင်ငံမှာ မိမိဝန်းကျင်မှာ မိမိနယ်ပယ်မှာ တွေ့ကြုံမြင်သိရတဲ့ အဖြစ်သနစ်များကို ရေးသားတင်ပြခြင်းအားဖြင့် ကောင်းမွန်သော လူမှုဝန်းကျင်တစ်ခုကို ထူထောင်သွားနိုင်မည်ဟု ယုံကြည်မိပါသည်။ လူတစ်ယောက်စာရေးရန် တွန်းအားပေးသော အခြေခံအကြောင်းများအနက် ရင်ထဲဆို့နင့်ထိခိုက်လာလျှင်၊ ကြည်နူးလာလျှင်၊ လေးစားလာလျှင်၊ ချစ်ကျွမ်းဝင်လာလျှင်၊ အယူအဆတစ်ခုခုကို ပြောချင်လာလျှင်၊ လူသိများလိုလျှင် ထိုအခါမျိုးမှာ စာရေးဖြစ်ကြသည်ဟု ဆရာကြီးတစ်ယောက်၏ ပြောကြားချက်ကို မှတ်သားဖူးပါသည်။

ဘယ်အတွက်ကြောင့်ပဲစာရေးသည်ဖြစ်စေ ကောင်းမွန်သောအတွေးအခေါ် အယူအဆများနှင့် ရေးသားထားသော လူငယ်များ၏စာများကို ကျွန်တော်တို့အနေဖြင့် လက်ခံပေးရမှာပဲဖြစ်ပါသည်။ တစ်ချိန်က ကျွန်တော်တို့ လူငယ်တွေအနေဖြင့် မိမိဆိုချင်သော အကြောင်းအရာ မိမိ၏အယူအဆ၊ မိမိ၏အတွေးအမြင်တို့ကို တင်ပြပိုင်ခွင့်၊ ဆွေးနွေးနိုင်ခွင့်မရှိခဲ့ကြပေ။ ယခုတော့ ကြေးမုံသတင်းစာကနေ အပတ်စဉ် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖွင့်ပေးလိုက်ခြင်းဖြင့် နဂိုရှိရင်းစွဲအစွမ်းအစနှင့်အတူ မိမိ၏ အတွေးအမြင်တို့ကို ဝေမျှပေးစွမ်းနိုင်ခဲ့ပြီဖြစ်သည်။

ရွက်ပုန်းသီး ဘောလုံးအားကစားသမားကောင်းလေးတစ်ဦး၏ အစွမ်းအစကို သိရှိဖို့ရန်အတွက် ထိုဘောလုံးသမားလေးနှင့် နီးစပ်သည့်ရပ်ရွာမှာဖြစ်စေ၊ မြို့နယ်မှာဖြစ်စေ ဘောလုံးပွဲကိုကျင်းပပေးပြီး အခွင့်အခါကိုဖန်တီးပေးလိုက်ခြင်းဖြင့် ဘောလုံးလူစွမ်းကောင်းတစ်ဦးကို ရရှိလာမည်ဖြစ်သည်။ ဤသည်မှာ သူ၏အစွမ်းအစကို အရာရောက်ဖို့အတွက် အခွင့်အခါကို ဖန်တီးပေးလိုက်ခြင်းပင်ဖြစ်သည်။ ဆက်လက်ပြီး မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးနိုင်လျှင် တိုင်းကျိုးပြည်ကျိုးကိုပြုသည့် အားကစားသမားကောင်းတစ်ဦးဖြစ်လာပေမည်။ အခွင့်အခါရှိမှ အစွမ်းအစကအရာရောက်သည်ဆိုသည့် အတွေးစာစုလေးသည် အမေဘယ်လောက်ချော့သိပ်သိပ် ကိုယ် အိပ်ချင်(ပျော်)မှဖြစ်တာဆိုသော စာစုလေးနှင့်တော့ ဖီလာဆန့်ကျင်ဖြစ်လို့နေသည်။ ဘာကြိုးစားမှုမှမရှိသူတွေအတွက် အခွင့်အခါတွေ ဘယ်လောက်ပဲဖန်တီးပေးဖန်တီးပေး ဘာမှဖြစ်လာမှာမဟုတ်ဘူးဆိုသော်ငြားလည်း တကယ်ကြိုးစားသူတို့အဖို့ အခွင့်အခါကိုဖန်တီးပေးမှသာလျှင် သူတို့၏အစွမ်းအစတွေပေါ်ထွက်လာပြီး အရာရောက်ပေတော့မည်။

အခွင့်အခါကိုဖန်တီးပေးမှုမရှိလျှင် သူတို့၏အစွမ်းအစများသည် အဟောသိကံဖြစ်သွားပေလိမ့်မည်။ တိုးတက်လိုပြီး အနာဂတ်အမြင်ရှိသော ခေါင်းဆောင်သို့မဟုတ် လူ့အဖွဲ့အစည်းအနေဖြင့် တစ်မျိုးမဟုတ်တစ်မျိုး တစ်နည်းမဟုတ်တစ်နည်းဖြင့် လူငယ်ကဏ္ဍကို အားပေးမြှင့်တင်တတ်ကြသည်။

တစ်လောက ဆောင်းပါးတစ်ပုဒ်မှာ ဖတ်လိုက်ရသည်။ ဂျပန်နိုင်ငံရဲ့ ဘတ်(စ်)ကားလိုင်းတစ်ခုမှာ စီးမည့်သူမရှိသဖြင့် ပိတ်သိမ်းမည့်လုပ်တုန်း ကျောင်းသူလေးတစ်ယောက် နေ့စဉ် ထိုလိုင်းကားကိုအားကိုးပြီး ကျောင်းတက်နေရသည့်အတွက် ဘတ်(စ်)ကားလိုင်းကို ပိတ်သိမ်းခြင်းမပြုတော့ဘဲ ဆက်လက်ပြေးဆွဲစေခဲ့သည်။ မိမိနိုင်ငံ၏ အနာဂတ်ကံကြမ္မာကို ကောင်းစေသူများအတွက် အမြင်ကျယ်မှုကို ပြသရာရောက်သော အဖြစ်အပျက်ကလေးတစ်ခုပင်ဖြစ်ပါသည်။ မိမိ၏တိုင်းပြည်အနာဂတ်ကံကြမ္မာနှင့်ပတ်သက်လာလျှင် ဘာကိုမှအားမကိုး။ ရေထုကိုလည်း အားမကိုးပါ။ မြေထုကိုလည်း အားမကိုးပါ။ တွင်းထွက်ပစ္စည်းသယံဇာတကိုလည်း အားမကိုးပါ။ မျိုးဆက်သစ်လူငယ်များကိုသာ အားကိုးကြသည်။

လူငယ်များနှင့်ပတ်သက်လျှင် လူငယ်အကျိုးပြုစာပေများကို အမြဲမပြတ် တစိုက်မတ်မတ်ရေးသည့် ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီးလူထုစိန်ဝင်းနှင့် ဆရာကြီးဦးအောင်သင်းတို့ကို ယခုလိုဆောင်းပါးရေးချိန်တွင် အမှတ်ရမိသည်။ ဘယ်လိုပဲဖြစ်ပါစေ. . . ယခုလိုလူငယ်များအတွက် အရေးတယူ မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖွင့်လှစ်ပေးသော အယ်ဒီတာအဖွဲ့ကိုလည်း လူငယ်ထဲက လူငယ်တစ်ယောက်အနေဖြင့် ကျေးဇူးတင်မိပါသည်။ လူငယ်များ၏ စာပေလက်ရာနှင့်ပတ်သက်ပြီး ဝေဖန်အားပေးတတ်သည့် ဆရာယောနကဘိုးထောင်ကိုလည်း ဆက်လက်ပြီး ဝေဖန်အားပေးရေးသားစေလိုပါသည်။ လူငယ်များအနေဖြင့် မိမိရေးလိုက်သည့်စာမူအပေါ် ယခုလို ဆရာကြီးအနေဖြင့် အပြုသဘောဆောင် ဝေဖန်သုံးသပ်ပေးသည့်စာကိုဖတ်ရသောအခါ ရှေ့ဆက်စာရေးဖို့အတွက် တအားဖြစ်သည်။ ဆရာသန်းငြိမ်းအောင်(ပညာရေး)ကလည်း ရေးအားကောင်းစေရန် ဉာဏ်ပူဇော်ခကိုလည်း အားပေးသင့်သည်ဟု ဆိုထားသည်။ အကျိုးလို၍ ညောင်ရေသွန်းခြင်းမဟုတ်ပါ။ ကျွန်တော်တို့လူငယ်များအနေဖြင့် ယခုလို အသိအမှတ်ပြုအားပေးစကားများကိုကြားရလျှင် စာရေးရန် တကယ်ကိုအင်အားဖြစ်စေတာအမှန်ပါ။

ဒါကြောင့် ကျွန်တော်တို့လူငယ်များ၏ အစွမ်းအစများကို အရာရောက်အောင် အခွင့်အခါများ ဖန်တီးပေးသည့် ကြေးမုံအယ်ဒီတာအဖွဲ့ကို အထူးပင် လှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးကမ္ပတ်အဆုံးသတ်ပါရစေ။ ။

## သုံးချတတ်မှ တန်ဖိုးရ

အသီးတွေဝေ သီးပါပေလည်း
ဝေဆာစွာသီး ထိုသစ်သီးကား
စားသီးမဟုတ် ဆိပ်သီးဟုတ်သော်
အကျိုးမများ အလကားတည်း။
လောကလူသား လူအများတို့
ကျိုးများစေသည့် သစ်သီးဖြစ်က
နည်းလှစွာသီး ထိုသစ်သီးကား
များဘိလူများ တန်ဖိုးထား၏။
ပညာအများ တတ်ကာထားလည်း
တတ်ထားပညာ မကောင်းရာက
သုံးချပါမူ ထိုတတ်သိထား
ပညာများကား အကျိုးမများ
အလကားတည်း။
နည်းစွာပညာ တတ်သိပါလည်း
ကောင်းရာကောင်းကြောင်း တိုးပွားကြောင်း
လုပ်ကိုင်ဆောင်ရွက် ထိုလူမြတ်ကို
လောကလူသား လူအများတို့
အားထားလေးစား တန်ဖိုးထား၏။

**အတ္တပရ(ညောင်တုန်း)**
သုခဝတီစာသင်တိုက်

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်


ကြေးမုံသတင်းစာတွင် **“မျိုးဆက်သစ်ရင်ပြင်”** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစားရေးသားပေးပို့ကြသည့်အတွက် ကြေးမုံက ကျေးဇူးအထူးတင်ရှိပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာ ထိုလေးချက်ဖြင့် စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (မရောစေဘဲ) လိုရင်းတိုရှင်း ရေးသားစေလိုပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသော စာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။ **အထူးသဖြင့် အောက်ပါမေးလ်လိပ်စာသစ်သို့ ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။**

လူငယ်လူရွယ်များအနေဖြင့် မိမိတို့ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်းနှင့် စာမူတွင် အမည်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ကျောင်းနှင့် မိမိ၏နှစ်သက်ရာဓာတ်ပုံတစ်ပုံတို့ကိုပူးတွဲ၍ စာတည်း၊ ကြေးမုံသတင်းစာတိုက်၊ **“မျိုးဆက်သစ်ရင်ပြင်” mirrormyosathit@gmail.com** သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့စေလိုပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

ကြေးမုံ
အထူးကဏ္ဍ



စိမ်းညို့ဖူး

# ထောင့်ကျဉ်းပုစ္ဆာ

တစ်နေ့က ဆံပင်ညှပ်ဆိုင်မှာ ချားစ်ဒါဝင်နဲ့တွေ့တယ်။ သူက ဆံပင်ညှပ်ဖို့ စောင့်နေတယ်။ ခုံပေါ်မှာ မျောက်တစ်ကောင်က ဆံပင်ညှပ်ခံနေတယ်။ ပန့်ကေလား ဘာလားပဲ။ ချားစ်ဒါဝင်က သူ့အလှည့်ကိုစောင့်လို့၊ သူက ကျွန်တော့်ထက် ဦးတယ်လေ။ သူပြီးမှ ကျွန်တော်။ ဒီလူက ရေချိုးထားပုံ မပေါ်ဘူး။ ချဉ်စုတ်စုတ် အနံ့လိုလို ဆေးပြင်းလိပ်အနံ့လိုလို ရနေတယ်။

revolution theory ကြောင့် ဘာသာရေးဆရာတွေ အကျဉ်ခံရသူ ပုဂ္ဂိုလ်ကြီးလေ၊ ကြုံတုန်း မိတ်ဆက်ချင်တယ်။

auto တော့ မထိုးခိုင်းချင်ဘူး။ သူ့လက်သည်းမှာ ချေးတွေနဲ့၊ ထားပါ။ နှုတ်ဆက်လိုက်တယ်။ “ဆရာ နေကောင်းလား၊ ဆရာ့ကို အင်မတန်လေးစားတာ။ Anthropology ဆိုတာကြီးက ဆရာ့ကြောင့် အသက်ဝင်လာတာ ဘာညာပေါ့။”

ပဋိသန္ဓာရ စကားတွေပြောရင်း သွားကြားတော့ ညပ်လာတယ်။

သူက ပြုံးပြတယ်၊ သူ့အပြုံးက ကြယ်ငါးပွင့်ဟိုတယ် တစ်ခုက အထူးဟင်းလျာလိုပဲ။ တစ်ခုပဲ ဆားတော့ပေါ့နေတယ်။ ကျွန်တော်တို့စကားတွေ အများကြီးပြောဖြစ်ကြတယ်။ ဟိုခုံပေါ်ကမျောက်က သူ့အကြောင်းပါလာရင် ကွက်ကြည့်ကွက်ကြည့်နဲ့။ ဆံသဆရာက ခေါင်းကို ငြိမ်ငြိမ်ထားခိုင်းနေရတယ်။

လူဆိုတာ မျောက်က ဆင်းသက်လာတာလေ။

‘ဆရာ ကျွန်တော့်မှာ ချစ်သူရှိတယ်။ ခုနောက်တစ်ယောက်ကို ရင်ခုန်နေတယ်။

အဲ့ဒါ မှားနေလားဆရာ’

‘ကျင့်ဝတ်ဆိုတာတွေက နို့တိုက်သတ္တဝါတွေထဲမှာ လူဆိုတဲ့ မျိုးစိတ်မှာ အများဆုံးပဲကွ’။ သူက ဟိုကြည့်ဒီကြည့်နဲ့ပြောတယ်။ ‘မင်းမှာ မီးခြစ်ပါလား’။ ‘ဟုတ်ဆရာ’ ကျွန်တော် ကပျာကယာနဲ့ မီးခြစ်ထုတ်ပေးလိုက်တယ်။

ကျွန်တော့်ပုံက အပျိုဖြန်းလေး အောက်စလွတ်လို့ ရှက်နေသလို။

‘ပြီးတော့ စစ်ပွဲတွေ၊ နိုပ်စက်ညှဉ်းပန်းမှုတွေ၊ အဆင့်အတန်းခွဲတာတွေ၊ သဘာဝလွန်စိတ်အရသာခံချင်တာတွေ၊ အတ္တကို ဆင်ခြေနဲ့ ကာတာတွေလည်း မင်းတို့ လူတွေမှာ အများဆုံးပဲ’

သူက တစ်ခုခုကိုတွေးနေတယ်။ ဖြည်းဖြည်းချင်း ပြောပြတယ်။ ‘ငါလည်းပါခဲ့တာပေါ့ကွာ ’ ပြီးတော့ ရယ်နေတယ်။

ဆိုင်ထဲက လူတွေက အထူးအဆန်းလို ကြည့်နေတယ်။ ဘယ်က အရူးအဘိုးကြီးလဲ မသိဘူးပေါ့။

‘ဆရာ ကျွန်တော်မေးတာလေး ဖြေပေးပါ။

ကျွန်တော်မှားနေလားလို့’

‘မမှားဘူး မင်းကလူဖြစ်သွားပြီ။ ဒီဂြိုဟ်ပေါ်မှာ ဉာဏ်ရည်အမြင့်ဆုံးသတ္တဝါ။

ဒီလောက်တော့ Side effect ရှိမှာပဲ’

သူက ဆေးပြင်းလိပ်ကို ရှူသွင်းတယ်။ “ငါကမှားနေတာပါ။ မျောက်တွေကို လွဲချခဲ့တယ်။ ခုမင်းတို့ ငါရေးခဲ့တာတွေ ကျက်နေရတယ်၊ စိတ်ထဲမထားပါနဲ့ ကိုယ့်လူ။ ဒါက သဘာဝတရားပါ၊ ဘယ်ဘုရားနဲ့မှတော့ မဆိုင်ပါဘူး’။

ခုံပေါ်က မျောက်နဲ့ ဆံသဆရာ စကားထများတယ်။ ‘ဟေ့ကောင် မပြီးသေးဘူးလေ ဘာလို့ထတာလဲ’။

‘အာရုံနောက်လို့ နားငြီးလို့ဗျာ မပြီးသေးလည်းနေ။ မညှပ်တော့ဘူး။ ရော့ ဒီမှာ ပိုက်ဆံ ပြန်မအမ်းနဲ့တော့။’ မျောက်က သူ့ထီးကောက်ကြီး ဆတ်ခနဲဆွဲယူပြီး ပြန်သွားတယ်။

ချားစ်ဒါဝင်က ပြုံးနေတယ်။ ကျွန်တော်က ထိုင်ရမလို၊ ထရမလို ငုတ်တုတ်ကြီး ရပ်နေမိတယ်။

‘ဆရာ ကျွန်တော့်အလှည့်ပေါ့’။ သူက ဆံပင်ညှပ်ခုံပေါ်တက်ထိုင်တယ်။

သူပြီးရင် ကျွန်တော့်အလှည့်လေ။ အင်ပါယာ ဘုရင် အပြုံးနဲ့ နောက်မှလာတဲ့လူတွေကို ပြုံးပြလိုက်တယ်။ မင်းတို့က နောက်ကျတာကိုး၊ ကြားတော့မဖြတ်ချင်နဲ့။ ။

■



သူဇာ

B.A(မြန်မာစာ)

# ခဝဲ့

ဖေ့စ်ဘွတ်စာမျက်နှာတွေမှာ ကြော်ငြာအားကောင်းကောင်းနဲ့ထိုးဖောက်လာခဲ့တဲ့ မြန်မာနိုင်ငံ တောင်ဖျားစွန်းက ကော့သောင်းမြို့လေးနဲ့ အနီးပတ်ဝန်းကျင်က ကြက်မောက်ကျွန်း၊ အသည်းပုံကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ဇာဒက်ကြီးကျွန်းစတဲ့နေရာတွေကို အလည်ရောက်ခဲ့တယ်။ နယ်စပ်မြို့လေးလို့ခေါ်လို့လည်း ရတာပေါ့။ နယ်စပ်ဆိုတော့လည်း ထိုင်းနိုင်ငံရဲ့နယ်စပ်မြို့ဖြစ်တဲ့ ရနောင်းမြို့ကိုလည်း ရောက်အောင်သွားခဲ့သေးတာပေါ့။ နယ်စပ်မြို့လေးနှစ်ခုရဲ့ မတူခြားနားတာလေးတွေလည်း လေ့လာခဲ့ရပါတယ်။

သိပ်မကြာခင်ကပဲ ဗိုလ်တထောင်ဆိပ်ကမ်းဘက်ကို ရောက်ခဲ့သေးတယ်။ ဗိုလ်တထောင်ဆိပ်ကမ်း အဲဒီလောက်စည်ကားမှန်း မသိခဲ့တာအမှန်ပါ။ ဈေးဆိုင်တန်းတချို့နဲ့ ညနေဘက် အနားယူလေညင်းခံသူတချို့၊ ဟိုဘက်ကမ်းကူးဖို့ ဝန်ထမ်းတချို့တို့နဲ့ တော်တော်လေးကို စည်ကားနေတော့တာပါပဲ။ ညနေဆိုတော့လည်း နေဝင်ချိန်တိမ်တောက်နေတာကလည်း ရေရယ်၊ လေရယ်၊ သင်္ဘောတွေရယ်၊ သမ္ဘန်တွေရယ်ကို ပိုပြီးလှစေတာပေါ့။ အဲဒါနဲ့ပဲ လမ်းဆင်းလျှောက် ဟိုကြည့်ဒီကြည့်နဲ့ မျက်လုံးထဲမှာ ဖြစ်စေချင်တာလေးတွေ ရှိလာခဲ့တယ်။ တံတားပေါ်မှာလည်း အမှိုက်တွေနဲ့၊ ကမ်းစပ်မှာလည်း ဒိုက်တွေနဲ့ အမှိုက်တွေနဲ့ပေါ့။ တံတားတချို့ကလည်း ပျက်စီးနေတယ်။ တကယ်ဆို အဲဒီကမ်းစပ်မှာ အနားလာယူတာလည်း လူတွေပဲ။ ကမ်းကိုအမှီပြုပြီး စီးပွားရေးလုပ်နေကြတာလည်း လူတွေပဲ။ တကယ်ဆို ဒီလိုနေရာမျိုးကို ထိန်းသိမ်းရမှာ လူတိုင်းရဲ့ တာဝန်ပါ။

ထိန်းသိမ်းသင့်တယ်၊ တိုးတက်အောင်လုပ်သင့်တယ်။ ကမ်းနားကို လာလည်တဲ့လူတွေကလည်း ကိုယ်သယ်လာတဲ့ အမှိုက်တွေကို ဟိုပစ်ဒီပစ် ကိုယ့်ဆီမှာ ရှင်းရင်ပြီးရော မပစ်သင့်ဘူး။ ကိုယ်ကိုယ်တိုင်တောင် မလိုချင်တဲ့ အမှိုက်ကို ဘယ်သူကရော လိုချင်ပါ့မလဲ။ ဈေးသည်တွေလည်း ထိုနည်းတူပဲ။ ကိုယ်စီးပွားရှာတဲ့နေရာလေးကို တန်ဖိုးထားသင့်တယ်။ ကျွန်မ ရနောင်းဘက်ကိုရောက်တုန်းက သူတို့ဆီမှာ တစ်နှစ်မှာတစ်ရက်ပဲရှိတဲ့ သင်္ကြန်ရက်ဆိုတော့ စည်ကားတာပေါ့။ နေရာတိုင်း ဈေးသည်တွေလည်း များတာပေါ့။ လမ်းဘေးဈေးတန်းလေးတွေပါ။ သူတို့ရောင်းတာတွေလည်း ကျွန်မတို့တွေလိုပဲ ကြံရည်၊ အကင်၊ ရေခဲမုန့်စတာလေးတွေပါ။ ဒါပေမယ့် သန့်ရှင်းတယ်၊ သပ်ရပ်တယ်ရှင့်။ ဥပမာ တစ်ခုဆို ကြံရည်လိုဟာမျိုးကို ရေသန့်ဘူးထဲထည့် ရေခဲလေးစိမ်ပေးထားတယ်။ ကြံကြိတ် စက်က သန့်ရှင်းတယ်။ သပ်ရပ်တယ်။ အမှိုက်ဆိုတာ အမှိုက်တောင်းထဲမှာပဲ။ ဆိုင်ခန်းလေးတွေကလည်း သပ်ရပ်တယ်။

ဗိုလ်တထောင်ဆိပ်ကမ်းက စီးပွားရှာသူတွေကိုလည်း ကိုယ်စီးပွားရှာတယ်။ ကိုယ်လုပ်တဲ့ အလုပ်ကလေးကို ကောင်းမွန်အောင် တိုးတက်အောင် ဆွဲဆောင်မှုရှိအောင် ဘယ်လိုလေးလုပ်ရင် ကောင်းမလဲဆိုတာမျိုးလေး ရှိစေချင်တယ်။ ဆိုင်ခန်းလေးတွေဆိုလည်း ထိုင်ချင်စရာဖြစ်အောင်ပေါ့။ ခုဆိုမြန်မာနိုင်ငံကလူတွေလည်း ခေတ်မီနေကြပါပြီ။ သန့်ရှင်းမှုကိုကြိုက်တယ်။ ဝန်ဆောင်မှုကောင်းတာလေးဆို ကြိုက်တယ်။ ကိုယ့်ရဲ့ဆိုင်လေးက မြင်တာနဲ့

> **ခုဆိုမြန်မာနိုင်ငံကလူတွေလည်း ခေတ်မီနေကြပါပြီ။ သန့်ရှင်းမှုကို ကြိုက်တယ်။ ဝန်ဆောင်မှုကောင်းတာလေးဆို ကြိုက်တယ်။ ကိုယ့်ရဲ့ဆိုင်လေးက မြင်တာနဲ့ ဆွဲဆောင်မှုကောင်းနေမှ လာထိုင်ချင်မှာပေါ့။ အရင်လာထိုင်ဖို့က အရေးကြီးတယ်လေ။ အပြိုင်အဆိုင်များတဲ့ခေတ်ကြီးထဲမှာ ကိုယ်ကထိုးဖောက်နိုင်အားက ကောင်းမှဖြစ်မယ်။**

ဆွဲဆောင်မှုကောင်းနေမှ လာထိုင်ချင်မှာပေါ့။ အရင်လာထိုင်ဖို့ကအရေးကြီးတယ်လေ။ အပြိုင်အဆိုင်များတဲ့ခေတ်ကြီးထဲမှာ ကိုယ်ကထိုးဖောက်နိုင်အားက ကောင်းမှဖြစ်မယ်။ အရသာကောင်းဖို့က ဒုတိယပေါ့။ ကျွန်မအကင်ဆိုင်တချို့ကိုလည်း တွေ့ခဲ့ရတယ်။ အစားအစာဆိုတာ သန့်ရှင်းမှုကအဓိကပဲလေ။ ဖုံးအုပ်ထားမှုမရှိတဲ့ အနေအထားတစ်ခုကလည်း ကျွန်မရဲ့ ခြေလှမ်းတွေတုံ့နှေးသွားစေခဲ့တယ်။

ခုမြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်တစားလာတဲ့ နေရာတစ်ခုဖြစ်နေပါပြီ ။ သူတို့နေရာတိုင်းသွားလာနေကြတယ်။ မြန်မာနိုင်ငံမှာ လာပြီးအလုပ်လုပ်တဲ့ လူတွေဆိုလည်း အများကြီးဖြစ်နေပြီ။ ဗိုလ်တထောင်ဘုရားဆို ထိုင်းနိုင်ငံသားတို့ ယုံကြည်တဲ့ ဘုရားတစ်ဆူလည်းဖြစ်လို့ နေ့တိုင်းလိုလို အများအပြား လာရောက်ဖူးမြော်ကြတယ်လေ။ သူတို့တွေရဲ့ အမြင်နဲ့အတွေးတွေက အလွန်ကို အရေးပါတယ်။

မြန်မာနိုင်ငံရဲ့ဆိပ်ကမ်းပိုင်ရှင်တွေလည်း ကိုယ်ပိုင်ကိုယ်စီးပွားရှာတဲ့နေရာလေးကို ဘယ်လိုထိန်းသိမ်းပြီး ဘယ်လိုထပ်တိုးချဲ့ရင်ကောင်းမလဲဆိုတာလေးတွေ စဉ်းစားပြီး ဆောင်ရွက်စေချင်မိတယ်။ ကိုယ်ကမပိုင်ဘူးလေ။ ပိုင်တဲ့ပိုင်ရှင်တွေကို ကျွန်မတို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ထောင့်တစ်နေရာက ပါဝင်ပတ်သက်ပေးစေချင်မိတာလေးပါ။

ကျွန်မအနေနဲ့ ဆိပ်ကမ်းကြီးတစ်ခုလုံးကို ပြောင်းလဲပစ်ဖို့အင်အားမရှိသလို ဆိုင်တွေကိုလည်း လိုက်ပြီးပြောဖို့လည်းမဖြစ်နိုင်။ လူတစ်ဦးတစ်ယောက်ချင်းစီကိုလည်း လိုက်ပြောဖို့မဖြစ်နိုင်လေတော့ ကျွန်မကိုမွေးဖွားကြီးပြင်းစေတဲ့ အမိမြန်မာနိုင်ငံတော်ကို တိုးတက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီကနေပဲ ဖြစ်စေချင်တာလေးတွေ ပြောပြမိခြင်းဖြစ်ပါတယ်။ စာရှုသူတို့ကိုလည်း စာဖတ်ပါ။ လေ့လာပါ။ တိုးတက်မှုအတွက် သေးငယ်တဲ့တစ်ထောင့်တစ်နေရာကနေဖြစ်ဖြစ် ဝိုင်းဝန်းထိန်းသိမ်းမှုဖြင့် ပါဝင်ပေးစေလိုကြောင်း တိုက်တွန်းရင်း ...။ ။

## ဂုတ်ထိပ်

အတိတ်သမိုင်းစာမျက်နှာထက်က
ပါတော်မူပြီး လေးနှစ်အကြာ
ရှမ်းပြည်မြောက်ပိုင်းတစ်နေရာ
မန္တလေး-လားရှိုး ရထားလမ်းပေါ်က
ကျောက်ဂူကြီးများအပေါ်ဖြတ်သန်း
တောင်ထိပ်နှစ်ခုကိုဆက်ကာ
နောင်ချိုဘူတာအလွန်ခုနစ်မိုင်ကွာ
ကမ္ဘာပေါ်မှာ ဒုတိယအမြင့်ဆုံး
စံနှုန်းတွေနဲ့ တံတားတစ်စင်း
မြန်မာပြည်မှာခင်းခဲ့တယ်...
သက်တမ်းတွက်စစ် ၁၁၅ နှစ်
ပေ ၃၀၀ ကျော်အနက် အထက်က
လျှိုကြီးနှစ်ခုကို ချိတ်ဆက်ကာ
အမြင့်ပေမှာ ၃၅၀ ကျော်တယ်...
သံပေါင်၊ သံမဏိတိုင်ကြီးများနဲ့
ပေအရှည်မှာ ၂၂၆၀ တိတိရှိလို့
ဗြိတိသျှသားတို့ စွမ်းပကား
ခက်ခဲစွာတည်ဆောက်သွားခဲ့...
ဒုတိယကမ္ဘာစစ်အတွင်းကြမ္မာငင်
မဟာမိတ်တပ်များလက်ချက်နဲ့
အပျက်ကြီးပျက်ခဲ့ရာမှ
မြန်မာ့မီးရထားဦးစီးဌာနက
၁၉၄၈၊ မေလမှာပြင်ဆင်လို့
ဖီးနစ်ငှက်ပမာပြန်လည်ထခဲ့ ...
ကမ္ဘာ့အံ့ဖွယ်တွေထဲကမှ
မြန်မာပြည်ရဲ့ရတနာတစ်ပါး
တံတားတော့တံတားပါပဲ
ဒါပေမယ့် မိုးတိမ်ယံထက်က
ငှက်သွင်ပျံကြွမတတ်ခမန်း
နလုံးရပ် အံ့ဘနန်း အမြင့်ဆန်းတဲ့
မျဉ်းပြိုင်လမ်းမတစ်စင်းဖြစ်တယ် ...။

**ဆလားဝင်းအောင်**

## ချစ်ညီမလေး

ချစ်ညီမလေး
ပေါင်ပေါ်ဘောင်းဘီ၊ အင်္ကျီရင်ဟိုက်
ဝတ်ရခိုက်တွင်၊ လှမည်ပင်ဟု
ထင်နေဘိသလော။
မိတ်ကပ်ခြယ်သ၊ ပြင်ကာမျှနှင့်
အလှစစ်ဟု၊ စိတ်တွင်မှတ်ထင်
ပျော်ရွှင်နေသလော။
ကေသာဆေးဆိုး၊ ကောက်ဖြောင့်မျိုးမှ
မြင်သူကြည်နူး၊ အလှထူးဟု
ညွှတ်နူးမှတ်ယူနေသလော။
နိုက်ကလပ်သွား၊ ကသည်များမှ
ခေတ်မီလှဟု၊ သွားကာပျော်ရွှင်
နေချင်သလော။
ချစ်သောညီမ၊ တကယ့်အလှ
အစစ်ကသည်၊ မြန်မာပီပီ
ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီနှင့်
သနပ်ခါးစစ်၊ လိမ်းသည်ဖြစ်မှ၊
မြင်သူကြည်နူး၊ အလှထူးလိမ့်။
ကေသာနက်မှောင်၊ ဆံထုံးဆောင်ကာ
ဣန္ဒြေရှိရှိ၊ နေဘိကြလျှင်
ဘုရားပင်သွား၊ ကုသိုလ်များမှ
အေးချမ်းရင်မှာ၊ လှမည်သာတည့်။

**ချယ်ရီအောင်**
**ပထမနှစ်**
Russian, YUFL




## မိဖြူဖွေး

“ဆယ်တန်းအောင်စာရင်းဆိုတာ ဘဝကိုဆုံးဖြတ်ပေးတာတဲ့”

ဒီလိုစကားမျိုး ဆုံးမမှုမျိုးကို မူလတန်းအရွယ်ကနေ မရိုးနိုင်အောင် မကြာခဏကြားရပြီး ကြီးပြင်းလာခဲ့ပါတယ်။ မိဘတွေက ကလေးတွေ သိတတ်စအရွယ် ရောက်လာချိန် ကျောင်းနေအရွယ်တွင် သားလေး သမီးလေး ကြီးလာရင်ဘာလုပ်မှာလဲဆိုတဲ့ မေးခွန်းမျိုးကို လူသူရှေ့တွင်ရော အပျော်သဘောမျိုးနဲ့ရော မေးတတ်ကြပါတယ်။

ထိုအခါမျိုးမှာတော့ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး လုပ်မယ်လို့ပြန်ပြောတဲ့အဖြေမျိုးကို သိပ်နှစ်သက်သဘောကျကြပါတယ်။ ယခုခေတ်ရေစီးကြောင်းအရဆိုရင်တော့ မင်းသား၊ မင်းသမီး၊ အဆိုတော်၊ မော်ဒယ်လုပ်မယ်လို့ ဖြေရင်လည်း အနုပညာပိုးပါတယ်ဆိုပြီး ဂုဏ်ယူကြပါလိမ့်မယ်။

သို့သော်လည်း ဆယ်တန်းအောင်စာရင်းအမှတ်စာရင်းဆိုတာကြီး ထွက်လာတဲ့အခါမှာတော့ လူငယ်တွေရဲ့ ရှေ့ဆက်အနာဂတ်ဟာ မိဘတွေတက်ရောက်စေချင်တဲ့၊ ဖြစ်စေချင်မြင်စေချင်တဲ့ ဘဝမျိုးကိုသာ မလွန်ဆန်နိုင်ဘဲ ရွေးချယ်လိုက်ရတဲ့လူငယ်တွေ ဒုနဲ့ဒေးပါပဲ။

ကိုယ်ဖြစ်ချင်တဲ့၊ ကိုယ်ဝါသနာပါတဲ့အရာတွေဆိုတာ အသက်မွေးဝမ်းကျောင်းအလုပ်အတွက်၊ ဂုဏ်ပကာသနအတွက်ဆိုတာတွေနဲ့ယှဉ်လာတဲ့အခါ မေးမှိန်မြေမြုပ်ခဲ့ရကြပါတယ်။ ပဉ္စမတန်းကျောင်းသူတစ်ယောက်က ကဗျာလေးတွေရေးတတ်တာကို ဖတ်မိတဲ့လူကြီးတစ်ယောက်က ရည်းစားထားချင်နေပြီ၊ စိတ်ကစားနေပြီဟု ခေါင်းစဉ်တပ်ကာ ဝါသနာကိုချိုးနှိမ်ခဲ့တယ်။

စာစီစာကုံးရေးတာတော်လို့ ဆုချီးမြှင့်ခံရတဲ့အခါ ဂုဏ်ယူဝမ်းမြောက်တတ်ကြပေမယ့် စာရေးဆရာဖြစ်ချင်လိုက်တာလို့ ပြောလိုက်မိရင် ငတ်တော့မှာပဲ၊ ပိုက်ဆံမရတဲ့အလုပ်လုပ်ချင်တယ်၊ ဘဝပျက်ချင်လို့လားတွေ ဖြစ်ကုန်ကြပါတယ်။ ဒီလိုမျိုး တားမြစ်ခဲ့ကြတာတွေအတွက်လည်း မိဘ ဆရာသမားများကို အပြစ်တင်လို့မရပါဘူး။ ကိုယ်တွေဖြတ်သန်းခဲ့ရတဲ့ ပညာရေးစနစ်မှာ မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်စွမ်းတွေက သော့ပိတ်ထားတဲ့ လက်တွေ့ခန်းတွေ၊ လူကြီးလမ်းကြောင်းရှိမှ ဖွင့်လေ့ရှိတဲ့ Multi Media ခန်းတွေ၊ ကွန်ပျူတာခန်းတွေလို မှိုတက်နေခဲ့ကြပါတယ်။

စာဖတ်ချင်တဲ့စိတ်လေး အမြစ်တွယ်နေတာတောင်မှ အဲလိုစိတ်လေးကြီးထွားဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးနိုင်တဲ့ စာကြည့်တိုက်တွေရှားပါးခဲ့တယ်။ စာအုပ်အငှားဆိုင်ဆိုတဲ့ နေရာမှာလည်း စာပေဗဟုသုတအပြည့်အဝ မပေးနိုင်တဲ့ အချစ်ဝတ္ထုတွေ၊ ဖက်ရှင်မဂ္ဂဇင်းတွေကပဲ နေရာယူနေခဲ့တာများပါတယ်။ ဒီလိုနဲ့ပဲ ဒီပညာရေးစနစ်ကြီး ရဲ့ ပန်းတိုင်တစ်ခုလို့ဆိုရမယ့် ဘွဲ့လေးတစ်ခုကို ရပြီးချိန်မှာတော့ ဘွဲ့လက်မှတ်လေးကိုင်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ဘဝက အဲဒီအချိန်မှာ စတော့တာပါပဲ။ ကိုယ်ယူခဲ့တဲ့ မေဂျာက အလုပ်အကိုင်ရှားပါးတဲ့အခါ သင်တန်းပေါင်းစုံပြေးတက်လိုက်ရတဲ့အပြင် အလုပ်တစ်ခုရဖို့ ရုန်းနေရတဲ့လူငယ်တွေ ဒီဘက်ခေတ်မှာ မရေတွက်နိုင်အောင်ပါပဲ။

ကိုယ်ဝါသနာပါတာမပါတာအသာထား အလုပ်တစ်ခုရဖို့ ဂဏန်းတွေမတွက်ချင်ပေမယ့် စာရင်းကိုင်သင်တန်းတွေတက်နေရသလို သီချင်းတွေဆိုချင်ပေမယ့် ကွန်ပျူတာသင်တန်းတွေ၊ ဘာသာစကားသင်တန်းတွေ တက်နေကြရတာပါပဲ။ ဓာတု၊ ရူပဗေဒတွေနဲ့ ဘွဲ့ရသူတွေက ဘဏ်တွေထဲ လုပ်ကိုင်နေကြသလို သင်္ချာ၊ ပထဝီတွေနဲ့ ဘွဲ့ရပြီး ကုမ္ပဏီကားမောင်း၊ အငှားကားမောင်းပြီး ဘဝကိုဖြစ်သလို အဆင်ပြေအောင် ဖြတ်သန်းလိုက်ကြရတာပါပဲ။

ဆရာဝန်တွေဖြစ်လာကြပြန်တော့လည်း အစိုးရဆေးရုံတွေမှာ ကုမ္ပဏီဝန်ထမ်းလစာနဲ့မကွာလှဘဲ ကိုယ်ပိုင်ဆေးခန်းလေးကို အချိန်ပိုင်းဖွင့် ပါရဂူကြီးတွေ၊ အထူးကုတွေဖြစ်ဖို့ ကြိုးစားနေရတဲ့ဆရာဝန်တွေ အပုံအပင်ရှိနေကြပါတယ်။

အင်ဂျင်နီယာကြီးတော့ဖြစ်လာပါပြီတဲ့၊ အပြင်ကုမ္ပဏီဆောက်လုပ်ရေးတွေမှာ နေပူမရှောင်မိုးရွာမရှောင် တစ်သိန်း နှစ်သိန်းရဖို့ ပင်ပန်းနေကြရတုန်းပါပဲ။

စာဖတ်ချင်တဲ့စိတ်လေး အမြစ်တွယ်နေတာတောင်မှ အဲလိုစိတ်လေးကြီးထွားဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးနိုင်တဲ့ စာကြည့်တိုက်တွေရှားပါးခဲ့တယ်။ စာအုပ်အငှားဆိုင်ဆိုတဲ့နေရာမှာလည်း စာပေဗဟုသုတအပြည့်အဝမပေးနိုင်တဲ့ အချစ်ဝတ္ထုတွေ၊ ဖက်ရှင်မဂ္ဂဇင်းတွေကပဲ နေရာယူနေခဲ့တာများပါတယ်။ ဒီလိုနဲ့ပဲ ဒီပညာရေးစနစ်ကြီးရဲ့ ပန်းတိုင်တစ်ခုလို့ဆိုရမယ့် ဘွဲ့လေးတစ်ခုကို ရပြီးချိန်မှာတော့

ကိုယ်တွေလူငယ်များက တကယ်ရုန်းကန်ကြိုးစားခဲ့ကြရပြီး ပြန်ရတဲ့ခံစားခွင့်တွေ၊ လစာတွေ၊ အခွင့်အလမ်းတွေ နည်းပါးနေခဲ့သလို ပညာရေးနဲ့ပတ်သက်လို့ ဘွဲ့ရအောင် ကျူရှင်တက်ပြီး အချိန်ကုန်ငွေကုန်များခဲ့ကြသူတွေပါ။

ဖြတ်သန်းခဲ့ရတဲ့ပညာရေးစနစ်ကြီးကလည်း မိဘတွေအတွက် အင်မတန်မှ ပြန်မျှော်လင့်ဖို့ခက်ခဲတဲ့ အရင်းအနှီးတစ်ခုဖြစ်ပါတယ်။ နောက်လာမယ့် လူငယ်မျိုးဆက်သစ်များကိုတော့ ကိုယ်တွေလိုပညာရေးစနစ်ဆိုးကြီးနဲ့ ထပ်မကြုံစေချင်တော့ပါဘူး။ ဘွဲ့တစ်ခုသာရထားပြီး ဘာမှဖြစ်ဖြစ်မြောက်မြောက် လေ့လာသင်ယူနိုင်စွမ်းမရှိတဲ့ တစ်ဖက်ပိတ်ပညာရေးစနစ်မျိုးက ပြောင်းလဲနိုင်ပြီး မိမိတို့ဝါသနာ၊ မိမိတို့အိပ်မက်မျှော်လင့်ချက်များကို အကောင်အထည်ဖော်ပေးနိုင်မယ့် လုံလောက်ပြည့်ဝတဲ့ အထောက်အပံ့မျိုးတွေ ရနိုင်ကြစေဖို့လည်း မျှော်လင့်မိပါတော့တယ်။ ။

## ကြည်နူးပျော်မြူး ဓမ္မစကူး

ယဉ်ကျေးလိမ္မာ ကျောင်းသားတွေ
ဓမ္မစကူး တက်ကြပေ။
သုံးဆယ့်ရှစ်ဖြာ မင်္ဂလာပန်း
မြဲပန်ဆင်ကာ စိတ်အေးချမ်း။
ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းချင်
ကြင်နာတရားနဲ့ ပုံပြင်သင်။
သီချင်းကဗျာ သီဆိုပွဲ
အဖွဲ့ခွဲကာ ပြိုင်ပျော်နွှဲ။
ပန်းယှဉ်ပြိုင်ခူး လှဆင်ကာ
မြတ်ဘုရားထံ ကပ်ကြတာ။
ဘုရားဂုဏ်တော် ကြည်ညိုမှန်း
ဩကာသ သံလွှမ်း။ ။

**ငြိမ်းချမ်းလှိုင်**
တက္ကသိုလ်ဝင်တန်း၊
Grade-10(B) အထက(၁)ဒဂုံ

## မှား...မှား...မှား၊ အမှန်သို့သွား

သွားရင်းလာရင်း ဝါးရင်းစားရင်း
ဗျစ်ခနဲ ထွေးတဲ့
ကွမ်းတံတွေးစက်က
ပလက်ဖောင်းနဲ့ ကတ္တရာကို
အရောင်ဆိုး...
လမ်းမြင်ကွင်း အမြင်တွေဆိုး
ကိုယ်တို့သာယာမှုတွေ မှားတယ်။
မီးညှိဖွာရှိုက်
အခိုးအငွေ့နဲ့ဆော့ကစား
မူးယစ်ဝေဝါး စီးကရက်ငွေ့လေးများ
ကျန်းမာရေးဂရုမထား
လူထုကြားမှာ မှုတ်လွှတ်သွား
လူစည်ရာမှာ ရှိုက်ထုတ်သွား
ကိုယ်တို့ဇိမ်ခံမှုတွေ မှားတယ်။
လက်ထဲက ရှုတတ
အမှိုက်စကို ကိုင်မထား
လူအလစ်မှာပစ်သွား
ကိုယ့်စရိတ် ကိုယ့်အမှိုက်များ
စည်းကမ်းမဲ့အမှား...
ကိုယ်တို့တွေ ပြုမြဲပြုသွား
တာဝန်မယူတတ်တာ မှားတယ်။
ကိုယ့်အမြင် ကိုယ့်အတွေးနဲ့
ကိုယ်ဘာသာ တွေးကြည့်စမ်းပါ
ကိုယ်တို့အော်တဲ့ ဒီမိုကရေစီ
ကိုယ်တို့လိုတဲ့ ဒီမိုကရေစီ
စည်းကမ်းမဲ့တည်ဆောက်ထား
ဒါကိုကိုယ်တို့ မသိတာလည်းမှားတယ်။
မင်းမှား ငါမှား လူတိုင်းမှားနဲ့
စည်းကမ်းကို မေ့ထား
လိုချင်ကြသော ဒီမိုကရေစီများ
အသေးစားကိစ္စတွေကစမှား
အမှားကို အမှန်ပြင်မှ
မင်းပြော ငါပြော လူတိုင်းပြောတဲ့
ဒီမိုကရေစီ ပန်းတိုင်ဆီ
ညီညာဝေစီ လှမ်းနိုင်မည်။ ။

**လင်းသူ(ခရေတော)**
ဒုတိယနှစ်(မြန်မာစာ)

## ပရဟိတစိတ်

မွန်မြတ်စွာ သဒ္ဓါထက်သမို့
အားတက်လို့ ကုသိုလ်ယူ
မြတ်သည့်အလှူ။
စိတ်ထားဖြူ
တတ်အားကူ ကုသိုလ်ပွား။
သူတို့မှာ
ကူဖို့ရာ ဘယ်မအားသော်လည်း
ကရုဏာ မေတ္တာထားတာကြောင့်ကွယ်
အားကျဖွယ်များ။

**မြင့်စည်သူမြိုင်**
BA(Myanmar)၊ ပြည်တက္ကသိုလ်။

# အချိန်လွန်နောင်တ



ရဲရင့်နိုင်
ဒုတိယနှစ်(သမိုင်း)
ရန်ကုန်တက္ကသိုလ်

အချိန်တို့သည် လျင်မြန်စွာရွေ့လျားနေသည်။ အချိန်တို့ မကုန်ဆုံးမီ ကျွန်တော်တို့အောင်မြင်မှုများကို ရအောင် ကြိုးစားရမည်။

ယူတတ်လျှင်အကျိုးဖြစ်ထွန်းမည်။ အောင်မြင်မည်။

မယူတတ်လျှင်အဆိုးဖြစ်မည်။ နောင်တရမည်။

လွန်ခဲ့သော သုံးလခန့်က ဖြစ်သည်။ ကျွန်တော့်အတွက် အလွန်အဖိုးတန်သော အရေးကြီးသော သင်တန်းတစ်ခု တက်ရန် အခွင့်အရေးရသည်။ အခမဲ့သင်တန်းဖြစ်သည်။ သင်တန်းတက်ရောက်ရန်အတွက် အွန်လိုင်းမှ လျှောက်ထားရန်ဖြစ်သည်။ ထိုသင်တန်းတက်ရောက်နိုင်ပါက ကျွန်တော်ဖြစ်ချင်သောရည်မှန်းချက်များ ပြည့်ဝမည်။ ထိုသင်တန်းတက်ရောက်ရန် ကျွန်တော် အလွန်စိတ်အားထက်သန်ခဲ့သည်။

သို့သော် ကျွန်တော်သင်တန်းကြီးကို လက်လွှတ်ခဲ့ရပြီ။ အကြောင်းမှာ ကျွန်တော်သင်တန်းဖောင်တင်ရန် တစ်ရက်နောက်ကျခဲ့သောကြောင့် ဖြစ်သည်။ အွန်လိုင်းမှ ဖောင်တင်ရမည်ဖြစ်သဖြင့် ဖောင်တင်ရန်အချိန်ဆွဲခဲ့သည်။ သို့သော် ရမည်အထင်နှင့် တစ်ရက်နောက်ကျပြီးမှသာ ပို့နိုင်ခဲ့သည်။ ကျွန်တော့်ဆီတော့ ပြန်စာရောက်ခဲ့သည်။ ပြန်စာမှာ သင်တန်းတက်ရန်ဖိတ်ခေါ်ခြင်းမဟုတ်။ နောက်ကျသဖြင့် သင်တန်းတက်ရောက်ရန် မရတော့ကြောင်း၊ နောက်တစ်ကြိမ်တွင် ကံကောင်းပါစေကြောင်း ဖြစ်သည်။

တစ်ရက်... ဩော် ... တစ်ရက်။ ထိုတစ်ရက်လေး နောက်ကျသဖြင့် ကျွန်တော့်မျှော်လင့်ချက်များ ပျက်စီးသွားခဲ့သည်။ ကျွန်တော် နောင်တရခဲ့သည်။ ပညာကို ရှာသင့်ရှာထိုက် သောအချိန်တွင် မရှာခဲ့လျှင် လွန်စွာနောင်တရပါလိမ့်မည်။

× × × ×

လွန်ခဲ့သော တစ်လခန့်ကဖြစ်သည်။ ကျွန်တော်တို့ကျောင်း၏ ကျေးဇူးကြောင့် ကျွန်တော်တို့သည် ကမ္ဘာကျော်ကျောင်းကြီးတစ်ကျောင်းဖြစ်သည့် အောက်စဖို့ဒ်တက္ကသိုလ်၏ ပညာရေးဟောပြောပွဲတက်ရောက်ရန် အကြောင်းဖန်လာပြန်သည်။ ထိုပွဲတက်ရောက်နိုင်ပါက ကျွန်တော့်အတွက် အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်သည်။ ကျောင်းသားတိုင်းအိပ်မက်မက်ကြသော ပညာသင်ဆုအကြောင်းအပါအဝင် အခြားအခြား စိတ်ဝင်စားဖွယ် အကျိုးရှိသောအကြောင်းများစွာပါသည်။မသွားခင်ကတည်းက ကျွန်တော်စိတ်ကူးယဉ်ခဲ့သည်။ ကျွန်တော်အပါအဝင် သူငယ်ချင်းများလည်း အနာဂတ်အတွက် အိပ်မက်မက်ကြသည်။


ထိုနေ့တွင် ကျွန်တော်တို့သူငယ်ချင်းတစ်သိုက်သည် ဟောပြောပွဲကျင်းပရာနေရာသို့ တက္ကစီငှားသွားခဲ့သည်။ သို့သော်လည်း ရန်ကုန်မြို့ထုံးစံအတိုင်း ကားကျပ်သည်။ ကားကျပ်သဖြင့် နောက်ကျသည်။ မှတ်မှတ်ရရပင် ထိုနေ့က ကျွန်တော်တို့ ၁၅ မိနစ် နောက်ကျခဲ့သည်။ ကျွန်တော်တို့ တစ်စုလည်းဝမ်းသာသာနှင့်ရောက်ခဲ့သည်။ ကျွန်တော်တို့ အခန်းဝလည်းရောက်ရော "ညီလေးတို့ ၃ နာရီစတာလေ အခု ၃း၁၅ လူပြည့်သွားပြီ"။ "စာရင်းပေးထားတယ်လေ"၊ "စာရင်းပေးလည်း လူပြည့်သွားပြီ"။ ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိတော့ ခဲလေသမျှ သဲရေကျလေပြီ။ ကျွန်တော်တို့ နောက်ကျသွားခဲ့ပြီ။ ၁၅ မိနစ်သာနောက်ကျသော်လည်း သူတို့လူမျိုးများ၏ဓလေ့အရ တိကျမှုကို မြတ်နိုးသည်။ နောက်ကျခြင်းကိုလက်မခံ။ ထို့ကြောင့် သူတို့ တိုးတက်ခြင်းဖြစ်သည်။ တိုးတက်လိုလျှင် ကျွန်တော်တို့ အချိန်တိကျရတော့မည်။

× × × ×

အချိန်တို့သည် လျင်မြန်စွာရွေ့လျားနေသည်။ ရွေ့လျားနေသောအချိန်နှင့်အတူ ကျွန်တော်တို့ပြေးနိုင်မှ ပန်းတိုင်ရောက်မည်။ မပြေးနိုင်ပါက အချိန်လွန်နောင်တတွေသာ ပွေ့ပိုက်ရတော့မည်။

■

# တစ်ချိန်တုန်းက ကလေးဘဝ




တာရာကျော်(ရွှေပေါက်မြေ)
ဆရာအတတ်သင်ဒီပလိုမာသင်တန်း
ဒုတိယနှစ်(မကွေးပညာရေးကောလိပ်)

ကျွန်ုပ်တို့ငယ်ငယ်တုန်းကဆို တအားလည်းဆော့ တအားလည်းကစားခဲ့ကြတယ်။ တစ်ခါတစ်ခါတော့လည်း ကိုယ့်ငယ်ဘဝကိုတကယ်လွမ်းမိတယ်။ အလွမ်းဆုံးကတော့ ပေသီးလုံးလေးတွေ၊ သားရေကွင်းလေးတွေ၊ ရွှံ့လုံးနဲ့လုပ်တဲ့ ပုံလေးတွေပေါ့။ ဒါပေမယ့် အခုအချိန်မှာ အဲဒီကစားစရာလေးတွေက ကလေးတွေကြားထဲမှာ ပျက်သုဉ်းပျောက်ကွယ်စပြုနေပြီ။ ကျွန်ုပ်တုန်းကဆို ကျောင်းသွားရင် ပေသီးလုံးတွေ၊ သားရေကွင်းတွေကို လွယ်အိတ်ထဲထည့်ပြီး ယူသွားရတာဖြင့်အမောပဲ။ ဒီကြားထဲကျောင်းရောက်ရင် ဆရာသိမ်းမည်ကြောက်ရ၍ သိမ်းရသည်ကလည်း အမော။ နားချိန်တိုင်း ထမင်းမေ့ဟင်းမေ့ကစားခဲ့ကြတာတွေ ကြည့်မိတိုင်း ကြည်နူးမိတုန်းပဲ။ကျောင်းကပြန်ရောက်ရင်လည်း လွယ်အိတ်တန်းချပြီး ရှိတာလေးစား ရေကပျာကသီသောက် ရွာလယ်ကမန်ကျည်းပင်အောက်မှာ မိုးမချုပ်မချင်း၊ အိမ်က မခေါ်မချင်း ကစားခဲ့ကြတာတွေကလည်း တွေးမိတိုင်း ကြည်နူးမိတုန်းပဲ။ သို့သော် ယခုကလေးတွေကြားထဲတွင် ထိုကစားနည်းတွေအစား လက်ကိုင်ဖုန်းတွေ၊ ဂိမ်းတွေက နေရာယူလာကြတာတွေ့မြင်နေရတော့ ရင်လေးမိတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန်တပ်ရတာတွေ၊ ရှုနာရှိုက်ကုန်းလေးတွေ ဖြစ်ကုန်တာတွေလည်း တွေ့မြင်နေရတာ။ အဲဒါက တချို့ကလေးတွေအဖြစ်။ နောက် တချို့ကလေးတွေကျတော့ မိဘတွေရဲ့လွဲမှားနေတဲ့ အတ္တ၊ လောဘတွေကြောင့် ကလေးတွေမှာ ရပိုင်ခွင့်တွေဆုံးရှုံး၊ ကလေးဘဝရဲ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးနေတာတွေ့မိတော့လည်း စိတ်မကောင်းဖြစ်မိတယ်။

တစ်နေ့ကပဲ မိဘတစ်ဦးနဲ့ ဆရာမတစ်ဦး အပြင်မှာ တွေ့လို့ပြောနေကြတာတွေ တွေ့လိုက်ရတယ်။ ဆရာမကို မိဘက သူ့သားသမီးကို ဘယ်လိုထိန်းကျောင်းကြောင်းပြောနေတဲ့ အကြောင်းလေးပေါ့။ အကြောင်းက ကလေးကို ကျောင်းကပြန်ရောက်ရင် ဘယ်လောက်ပဲနားခိုင်းပုံ၊ စာလုပ်ခိုင်းပုံ၊ ညဆိုလည်း ၇ နာရီမှ ၁၁ နာရီထိ စာကြည့်ခိုင်းတယ်။ မနက်ဆိုလည်း ၆ နာရီဆိုထခိုင်းပြီး စာကြည့်ခိုင်းတယ်။ အဲတော့ ကျွန်ုပ်လည်း ဒီလောက်တောင် ကလေးကို တအားစာလုပ်ခိုင်းနေတော့ စပ်စုချင်တာနဲ့ ကလေးကဘယ်အတန်းလဲမေးတော့ သူငယ်တန်းတဲ့။ ကျွန်ုပ်မှာ ဩော်. . . . ဆိုသော သက်ပြင်းကိုသာ ခပ်ပြင်းပြင်းချလိုက်နိုင်ပါတော့တယ်။

■

# သည်းခံလိုက်ပါ



ထက်ဝေယံအောင်(ပြုံးချို)
ဂျာမန်ဘာသာအထူးပြု
(တတိယနှစ်)

အပြောလွယ်သလောက် လက်တွေ့တွင် ကိုယ်တိုင်လိုက်နာကျင့်ကြံရန် ခက်ခဲလှပေသည်။ လူမှုအသိုင်းအဝိုင်းနှင့် ရှင်သန်ရသည့် လူသားပီပီ ကျွန်တော်တို့ နိစ္စဓူဝကိစ္စများ ဆောင်ရွက်ရာတွင် အမြဲတမ်းအဆင်ပြေချောမွေ့မည်ဟု မမှတ်ထားအပ်။ အများနှင့် ဆောင်ရွက်ရသည့်ကိစ္စများတွင် မိမိနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်မှုများ၊ ကတောက်ကဆတ်ဖြစ်ကာ ပြဿနာပေါင်းစုံနှင့်လည်း မတွေ့ချင်အဆုံး တွေ့ကြုံရတတ်စမြဲပင်ဖြစ်သည်။ ထိုကဲ့သို့ ကတောက်ကဆတ်ဖြစ်တိုင်း ဒေါသမီးကို ရှေ့တန်းတင်ကာ ချက်ချင်းလက်ငင်းတုံ့ပြန်မိပါက အမှားသမုဒ္ဒရာတွင် နောင်တဂယက်ဝဲထနေပေလိမ့်မည်။ လူတိုင်းမှာတော့ "ငါ"ဆိုသည့် အတ္တစိတ်အနည်းအများ ဖုံးလွှမ်းနေတတ်စမြဲပင်ဖြစ်သည်။ ပြဿနာဖြစ်လျှင် ငါ့ကိုများ. . .၊ ငါ့ကိုဘာထင်နေလဲ. . . ဆိုသည့် မခံချင်စိတ် အတ္တကြောင့်ပင် သည်းမခံနိုင်ဘဲ စိတ်ထင်တိုင်း ဖြေရှင်းမိတတ်ကြသည်။

လူငယ်များသည် အရာရာတွင်စူးစမ်းလိုစိတ်နှင့် တက်တက်ကြွကြွရှိကြသော်လည်း သည်းခံစိတ်တွင် အလွန်အားနည်းကြသည်။ ထစ်ခနဲဆို တုတ်ဆွဲ၊ ဓားဆွဲနှင့် စိတ်ထင်တိုင်းကြဲချင်ကြသည်။ တချို့ဆို "မင်းက ဘာလဲ၊ ငါ့ကို ဘာကောင်ထင်နေလဲ"ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဘာအကောင်မှန်းမသိရလေအောင်ပင် မောဟမီး၊ ဒေါသမုန်တိုင်း ဖုံးလွှမ်းကာ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း သည်းခံစိတ်ကင်းမဲ့ကာ ဖြေရှင်းတတ်ကြသည်။ သတင်းစာများတွင်လည်း တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်မှု၊ လူသတ်မှုသတင်းများ မရိုးနိုင်အောင်ပင် တွေ့မြင်နေရသည်။ ထောင်ထဲရောက်မှ "ဩော် ငါမှားပြီ၊ ငါ စိတ်ထိန်းရမှာ၊ ငါမလုပ်သင့်ဘူး"ဆိုပြီး စိတ်ကို အထိန်းအကွပ်မရှိဘဲ စိတ်ထင်တိုင်းကြဲပြီးမှ နောင်တရတတ်ပေသည်။ နောင်တဆိုသည့်အမျိုးကလည်း ကြိုမပြောဘဲနှင့် နောက်မှရောက်လာတတ်သည့်အမျိုးပေကိုး။ အသင်းအဖွဲ့၊ အစည်းအရုံးများနှင့် အလုပ်လုပ်သူများအဖို့ သည်းခံစိတ်သည် အလွန်အရေးကြီးလှပေသည်။ အဖွဲ့အစည်းနှင့် လုပ်ဆောင်သောအခါ စိတ်သဘောထားမတိုက်ဆိုင်မှုများမှာ ကြုံတွေ့ရတတ်စမြဲပင်ဖြစ်သည်။ ထိုကဲ့သို့ ကတောက်ကဆတ်ဖြစ်တိုင်း သွေးဆူနေတုန်း ဒေါသရှေ့တန်းတင်ပြီး ဖြေရှင်းပါက မိမိအဆင့်အတန်းလည်းနိမ့်ကျကာ အရှက်တကွဲ အကျိုးနည်းဖြစ်ရတတ်သည်။ ထိုပြဿနာမှာလည်း သွေးဆူတုန်း ခဏသာဖြစ်၍ စိတ်အေးသွားချိန် ပြန်စဉ်းစားကြည့်ပါက မည်သို့မျှ အရေးမပါပေ။ အခိုက်အတန့် ဒေါသမီးလောင်၍ သွေးဆူတုန်းခဏကို သည်းခံစိတ်နှင့် ချုပ်တည်းရန်လိုအပ်ပေသည်။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် နားလည်မှုထားကာ သည်းခံစိတ်မွေးမြူ၍ အတင်းအလျှော့ သဘောမျိုးနှင့် ဆက်ဆံမှသာ စည်းလုံးညီညွတ်သည့် အသင်းအဖွဲ့ကောင်းတစ်ခုဖြစ်ပေမည်။ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အင်္ဂါရပ်တွင် သည်းခံစိတ်မှာ မရှိမဖြစ်ပေ။ လူတို့သည် အရာရာတွင် အောင်နိုင်သော်လည်း မိမိစိတ်ကို အောင်နိုင်ရန်မူခက်ခဲလှပေသည်။ မိမိအတွင်းစိတ်ရိုင်းကို အောင်နိုင်မှသာ အောင်နိုင်ခြင်းအစစ်အမှန် ဖြစ်ပေသည်။ သည်းခံခြင်းသည် အရာရာကို အောင်နိုင်ခြင်းမည်၏။ ထိုသည်းခံစိတ်မှာလည်း ချက်ချင်းလုပ်ယူ၍မရ။ ငွေနှင့်ဝယ်၍မရနိုင်ပါ။ တဖြည်းဖြည်း ကျင့်ကြံမွေးမြူရပေမည်။ လူတိုင်း ခန္တီပါရမီ ဖြည့်ကျင့်ရင်း ကမ္ဘာကြီးငြိမ်းချမ်းပါစေဟု ဆန္ဒပြုလိုက်ပါသည်။

■

## တို့လူငယ်

ပုစွန်ဆိတ် ငယ်ငယ်
ပင်လယ်ကိုကူး။
အရွယ်ရယ် ငယ်ပေမယ့်
ပြင်ကျယ်ကျယ် ဒီသမုဒ်ကို
မဆုတ်တမ်း သူကျော်လို့
လှိုင်းခေါ်ရာမြူး။
ခြတောင်ပို့ မို့မို့ကို
ဘယ်လို တည်ထား။
အရွယ်ငယ် ခြကောင်များက
နေ့ညရယ် မမှုဘဲ
တူတွဲကာ ဆောင်ရွက်တယ်
ထက်မြက်သည့်အား။
တို့လူငယ် အရွယ်ငယ်
ညီမယ်ကွယ့် အင်အား။
အနာဂတ် နိုင်ငံတော်အတွက်
လက်ချင်းယှက် စိတ်ချင်းဆက်လို့
ထက်မြက်စွာ ထမ်းရွက်မယ်
လှမ်းတက်စို့လား။ ။

နွေနှင်းသိုက်(သာလိကာ)
ပထမနှစ်(အင်္ဂလိပ်ဘာသာ)

## မလေး ပထမ

မလေး မလေး ဘယ်ကိုသွား
စာသင်ကျောင်းကိုသွား။
စာသင်ရတာ ပျော်စရာ
မလေး မပျင်းပါ။
ဆရာမသင်တာ ဂရုစိုက်
မလေး မအိပ်ငိုက်။
အိမ်ပြန်ရောက်တော့ မလေးဟာ
မိဘအလုပ် ဝိုင်းကူတာ။
ကျက်မှတ်လေ့လာ စာတွေရ
မလေး ပထမ။ ။

နီယွန်
B.Sc( Zool:)


## ရွှေညာသား

ကောင်းကင်ယံ ပင်အမြင့်က
ထွန်းတောက်သည့် ကြယ်ပမာ
တို့အညာသူ၊ အညာသား
ရိုးသားဖြူစင်။
ဖော်ရွေစွာ မေတ္တာအပြည့်ဖြင့်
လူအများကို ဖေးမကူညီ။
လာလည်သူ မိတ်ဆွေများ၊
ကျေပွန်စွာ ဧည့်ဝတ္တရားနှင့်
ဝမ်းသာဂုဏ်ယူ ပီတိဖြစ်လျက်
ကြိုဆိုနေသည့်
ငါတို့ရွှေညာသား။

စကားဝါမြေသား
သတ္တမတန်း(က)



$ha'
နောက်ဆုံးနှစ် အပိုင်း (ခ)၊
ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။




ကျွန်တော်သည် သမိုင်းဈေးဘူတာမှတ်တိုင်နှင့် ဆေးတက္ကသိုလ်-၂ ရှေ့ ဥက္ကာမှတ်တိုင်ကို ပြေးဆွဲသော မီနီဘတ်စ်လေး ဖြစ်ပါ၏။ အရောင်အသွေးစုံလူတို့၏ ဦးတည်ရာမျိုးစုံသို့ ပို့ဆောင်ပေးရခြင်းသည် ကျွန်တော်၏ တာဝန်ဖြစ်လေ၏။

(၁)

ရုံးချိန်ကျောင်းချိန်မို့ ဘတ်စ်ကားလေးပေါ်တွင် လူများပြွတ်သိပ်ကျပ်ညပ်နေ၏။ စပယ်ယာကလေးခမျာ အလုပ်အရှုပ်ဆုံး ဖြစ်နေလေသည်။ ပြန်အမ်းငွေတောင်းသော ခရီးသည်ကိုလည်း ပုလိပ်စစ်စစ်ရသေး၊ ကားပြတင်းမှ ခေါင်းထွက်၊ လက်တားကာ တစ်စီးလောက်ဟုလည်း တားရသေးနှင့် မအားလပ်နိုင်အောင် ဖြစ်နေလေသည်။

မှတ်တိုင်တစ်ခုတွင် နိုင်ငံခြားသားတစ်ဦး ဘတ်စ်ကားပေါ် တက်လာ၏။ စွယ်တော်မြတ်စေတီမှတ်တိုင်ကို သွားလိုကြောင်း လက်ဟန်ခြေဟန်နှင့် ပြောပြရာ ကိုရွှေစပယ်ယာကလည်း နားလည်ဟန်ပြကာ ကားခကို တစ်ထောင်ကျပ်ဟုပြောလေ၏။ နိုင်ငံခြားခရီးသည်ခမျာ တစ်ရာကျပ်တန်သောခရီးကို တစ်ထောင်ကျပ်ပေးစီးရရှာသည်။

ကိုယ်ကျင့်တရားကို လောဘနှင့်အတ္တက အနိုင်ယူသွားသည်ဟု တွေးမိနေတုန်းမှာပင် စပယ်ယာလေး မဆင်မခြင် ထွေးလိုက်သော ကွမ်းတံတွေးနီနီက ပလက်ဖောင်းဖြူဖြူပေါ် ရဲခနဲဖြစ်သွားသည်။

(၂)

လူဆင်းများသော မှတ်တိုင်တစ်ခုတွင် လူရွယ်ယောကျ်ားလေးတစ်ယောက် ပြတင်းပေါက်နား လေဝင်လေထွက်ကောင်းသောနေရာတွင် ထိုင်ခုံရ၏။ နေရာတွင် ဝင်ထိုင်ပြီးသည်နှင့် သူ၏စမတ်ဖုန်းကိုဖွင့်ကာ ဂိမ်းဆော့နေသည်။ အနားတွင်ရပ်နေရရှာသော ချည့်နဲ့နဲ့ အမယ်အိုကိုလည်း သူဂရုမပြုအား။ နေရာထိုင်ခင်းလည်း မဖယ်ပေး၊ အတော်ပင် နေစိမ့်၏။

လူရွယ်လေး၏ ရိုကျိုးမှုနှင့်ကျင့်ဝတ်ကို အတ္တစိတ်က အနိုင်ရသွားပြန်သည်။(စာရေးသူ၏ တစ်ဦးတစ်ယောက်တည်း အမြင်အရ သံဃာ၊ ကိုယ်ဝန်ဆောင်၊ အဘိုး၊ အဘွားအိုတို့ကိုတော့ မဖြစ်မနေ နေရာဖယ်ပေးသင့်ပါသည်။)

(၃)

မှတ်တိုင်တစ်ခုတွင် သန်သန်မြန်မြန်ကိုယ်တော်ချောခုနစ်ဦး တက်လာ၏။ ခုနစ်ဦးလုံးက ဂျာကင်အင်္ကျီထဲ လက်နှိုက်ကာ ရှိုးစမိုးအပြည့်နှင့် မင်းသားပင်ရှုံးလောက်၏။ ထူးခြားသည်က ကားပေါ်တက်လာပြီး နောက်မှတ်တိုင်မှာပင် ပြန်ဆင်းသွားခြင်းဖြစ်သည်။ ပြန်ဆင်းသွားပြီး ကားထွက်သည်နှင့် မိန်းမတစ်ဦးဆီမှ ပိုက်ဆံအိတ်ပျောက်သွားပြီဟူသော အသံထွက်လာ၏။ ခုနစ်ယောက်သော ကိုယ်တော်ချောများ၏ လက်ချက်ဖြစ်ပေသည်။ မိန်းကလေးမှာ အဝေးပြေးကားဂိတ်မှတစ်ဆင့်နယ်မှ မကျန်းမာသော မိဘများဆီ သွားမည့်သူဟုဆို၏။ ယခုမူ မိဘများရှိရာနယ်သို့ မိန်းကလေးသည် မည်သို့သွားမည်နည်း။

ကိုယ်ချင်းစာတရားကို အတ္တကြီးစွာ အလွယ်လိုက်ခြင်းက အနိုင်ရသွားပြန်သည်။

(၄)

အခြားမှတ်တိုင်တစ်ခုတွင် ဦးပဉ္စင်းသုံးပါးတက်လာပြန်၏။ 'သံဃာတော်များ ဦးစားပေးပါ' စာတန်းအောက်ရှိ ထိုင်ခုံနှစ်နေရာမှ လူနှစ်ဦးသာ နေရာဖယ်ပေးကြ၏။ ကျန်ဦးပဉ္စင်းတစ်ပါးမှာ မတ်တတ်ရပ်ဖြင့် စီးနင်းတော်မူရှာ၏။ ကျန်သူများမှာ နေရာဖယ်ပေးခြင်း အလျဉ်းမရှိ။ တွေးမိသည်က 'သံဃာတော်များ ဦးစားပေးပါ' စာတန်းကလေးသည် ၎င်းအောက်မှ ထိုင်ခုံနှစ်နေရာအတွက်သာ အကျုံးဝင်ပါသလော။

ကိုးကွယ်မှုနှင့် ဘာသာတရား ကိုင်းရှိုင်းမှုကို အတ္တက အနိုင်ယူသွားပြန်သည်။

(၅)

နောက်ထပ်မှတ်တိုင်တစ်ခုတွင် အဝတ်အစားခပ်နွမ်းနွမ်းနှင့် (၈)နှစ်အရွယ်ကလေးငယ်တစ်ဦး တက်လာပြန်၏။ တက်လာလာချင်း ထိုင်ခုံတွင်ထိုင်နေကြသော လူအယောက်စေ့ကို စာရွက်အပိုင်း ခပ်နွမ်းနွမ်းများကို လိုက်ဝေ၏။ စာကို ဖတ်မိသည်နှင့် ပိုက်ဆံတောင်းခြင်းဖြစ်ကြောင်း ကားပေါ်ရှိ လူအားလုံးလည်း သဘောပေါက်ကြပါသည်။ ခဏအကြာ စာရွက်အပိုင်းငယ်လေးများ လိုက်လံသိမ်းဆည်းသော် တချို့သူများကလည်း သဒ္ဓါသလောက် ငွေအကြွေများ ပေးကမ်းကြ၏။ ထိုစဉ်ခရီးသည် ဦးလေးကြီးတစ်ဦးက 'အဲဒီလို ကလေးမျိုးတွေကို နောက်ပိုက်ဆံမပေးနဲ့ကွ၊ အလကား အချောင်သမားလေးတွေ' ဟု မိန်းမဖြစ်သူကို ဆူငေါက်လေ၏။ မူလကပင် မကြီးရှာသော ကလေးငယ်လေး၏မျက်နှာ ပို၍ငယ်သွားရှာ၏။ အသက်အရွယ်နှင့်မမျှသော စိတ်ဒဏ်ရာတို့ကို ပွေ့ပိုက်ကာ ကလေးငယ်ကားပေါ်မှ ဆင်းသွားသည်။ ဦးလေးကြီးထံမှတော့ ငွေအကြွေသာမက စာနာမှုကိုပါ သူရမသွားရှာ။

စာနာမှုနှင့် မေတ္တာတရားကို 'မည်သူသေသေ ငတေမာလျှင် ပြီးရော' ငါစွဲအတ္တကနိုင်သွားပြန်သည်။

(၆)

ဒရိုင်ဘာဦးလေးကြီးမှာလည်း ပါးစပ်မှာ စီးကရက်ကို ခဲလျက်၊ ပခုံးထက်မှာလည်း (ယာဉ်ထိန်းရဲများကို တွေ့ကာမှ ကမန်းကတန်းဝတ်မည်ဖြစ်သော) ယာဉ်လိုင်းယူနီဖောင်းကို တင်လျက်၊ လက်နှစ်ဖက်တွင် စတီယာရင်ကွင်းကိုကိုင်လျက် ကားခေါင်းပိုင်း၌ မိန့်မိန့်ကြီးမောင်းနှင်နေလေ၏။ ကားအုံနာကြေးအပြင် မိသားစုစားစရိတ်၊ နေစရိတ်၊ သားသမီးတို့၏ ပညာရေးစရိတ်တို့သည် သူ၏ဦးခေါင်းထဲတွင် ပြည့်နှက်လျက်။ SAFETY FIRSTအတွက် ဦးခေါင်းထဲမှာ နေရာရှိဟန်မတူ။

'ကားကွက်မလုတော့ဘူး ဆရာရေ့. . . ရှေ့ကားကိုလိုက်ဖိုက်မှ ရမယ်ထင်တယ်ဟူသော ကိုရွှေစပယ်ယာ၏ စကားစုတို့ကို ကြားသည်နှင့် ဒရိုင်ဘာကြီးမှာ ဘတ်စ်ကားလေးကို အရှိန်တင်လေတော့၏။ ရန်ကုန်မြို့၏ နေရောင်အောက်တွင် တစ်နာရီ မိုင် ၆၀ ကျော်သော ဘတ်စ်ကားလေး တစ်စီးအရှိန်ပြင်းပြင်း ခရီးဆက်နေဆဲ. . .။

ထပ်မံ၍ ပြောပါဦးမည်။

ကျွန်တော်သည် လူတွေ၏ အတ္တကို သယ်ပိုးရင်း လေးလံနေရသော ဘတ်စ်ကားလေးပင်ဖြစ်ပါ၏။

## ဘောင်

လူငယ်ဆိုတာ
ဘောင်ဆိုရင်
ခြင်ထောင်နဲ့တောင်အိပ်ချင်တဲ့ အမျိုးမဟုတ်ဘူး
လွတ်လပ်မှုကို မြတ်နိုးတယ်
စူးစမ်းလိုစိတ်တွေက အားမာန်အပြည့်
ဘာလုပ်ဘာကိုင်ရမယ်ဆိုကာ
အမိန့်ဆန်ဆန် စကားတွေနဲ့
အတင်းအကျပ် အကျဉ်းသားတွေလို
ခြေချင်းမခတ်လိုက်ပါနဲ့။
လူငယ်ဆိုတာ
ဖိရင်ကြွ
ထိရင်ငြိဆိုတဲ့ အရွယ်တွေမို့
လေလွင့်သွားတဲ့ လူငယ်တွေ
ဒု နဲ့ ဒေး
သူတို့ ဗီဇ
သူတို့ ဝါသနာတွေကိုသာ
စနစ်တကျ
မြေတောင်မြှောက်ပေး ကြည့်လိုက်ပါ။
တစ်ချိန်ချိန်မှာ
တိုင်းပြည်အတွက်
ထမ်းရွက်သယ်ပိုး
အများအကျိုးပြုကြမယ့်
အနာဂတ်ရဲ့ လင်းလက်ကြယ်။
ဒါကြောင့် . . .
လူငယ်တွေကို
ကျေးဇူးပြု၍
ဘောင် မခတ်လိုက်ပါနဲ့ ။ ။

တေးသိပိုင်
တတိယနှစ် (ရူပဗေဒ)
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်



မင်းညီညီ
(ဘိုကလေး)

# ပန်းကလေးတိုင်း လန်းစေချင်

ဒီနေ့ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်လေးတစ်ခုသည် ကျွန်တော့်ရင်၌မကောင်းဖြစ်နေခဲ့၏။

သားကိုကျောင်းပို့ပြီးပြန်အလာ လက်ဖက်ရည်ဆိုင်အတွင်းမှ သူငယ်ချင်းတစ်ယောက်လှမ်းခေါ်၍ ဝင်ထိုင်ဖြစ်ခဲ့သည်။

မနက်ပိုင်းမို့ လက်ဖက်ရည်ဆိုင်တွင်လူပြည့်နေ၏။

"ကဲ. . ညီညီ ဘာသောက်မလဲ"

သူငယ်ချင်းကမေးရင်း. . စားပွဲထိုးကောင်လေးအား လက်ခုပ်တီး၍လှမ်းခေါ်သည်။

"လာမယ်ဆရာ"

ကောင်လေးကလှမ်းအော်ပြောရင်း အခြားဝိုင်းတွေဘက်ပြေးလိုက် လွှားလိုက်နှင့်အလုပ်ရှုပ်နေသည်။

အတန်ကြာမှရောက်လာပြီး

"ဘာမှာမလဲဆရာ"

"ပေါ့ဆိမ့်တစ်ခွက်ပေးကွာ"

"ဟုတ်. . . . .၊ ဝမ်းတီးပေါ့ဆိမ့်"။

ကောင်လေးကလှမ်းအော်မှာရင်း တစ်ဖက်ဝိုင်းကမီးခြစ်တောင်းနေသဖြင့် အပြေးသွားပေးရပြန်သည်။

"ဖိုးလုံး. . ဟိုဝိုင်းကပိုက်ဆံရှင်းဖို့ခေါ်နေတယ်လေ"

ကောင်တာမှ ခပ်ဝဝမိန်းမတစ်ယောက်က စိတ်မရှည်ဟန်လှမ်းအော်သံကြောင့် စားပွဲထိုးကောင်လေးနာမည်သိခွင့်ရလိုက်သည်။

ကျွန်တော့်သားနှင့် ရွယ်တူလောက်ပင်ရှိဦးမည်။ မျက်နှာဝိုင်းဝိုင်းအသားညိုညိုနှင့် ချစ်စဖွယ်လေးပင်။ ဟိုဝိုင်းပြေးလိုက် ဒီဝိုင်းပြေးလိုက် ဟိုကခေါ်လိုက် ဒီကခေါ်လိုက်နှင့်တစ်ယောက်တည်း မလည်အောင်ဖြစ်နေ၍ ကျွန်တော်မှာသော လက်ဖက်ရည်မှာ တော်တော်နှင့်ရောက်မလာ။

"မျိုးဦး ဒီဆိုင်မှာစားပွဲထိုးတာ ဖိုးလုံးဆိုတဲ့ ကောင်လေးတစ်ယောက်ပဲရှိတာလား"

သူငယ်ချင်းအားမေးကြည့်မိသည်။

"အစကတော့နှစ်ယောက်ကွ. . တစ်ယောက်ကဘယ်သွားလဲမသိဘူး. . ဘာဖြစ်လို့လဲ"

"သြော်. . ဝိုင်းတွေအများကြီးသူတစ်ယောက်တည်းတွေ့လို့။

အရွယ်နဲ့မလိုက်အောင် တော်တော်သွက်တယ်နော် . . .

ဒီအရွယ်လေးတွေကကျောင်းနဲ့ မိဘရင်ခွင်ကြားမှာရှိနေသင့်တဲ့အရွယ် စိတ်မကောင်းစရာပဲ"

ကျွန်တော့်စကားကြောင့်မျိုးဦးက ဖိုးလုံးအား လှမ်းကြည့်ရင်း

"အင်း. . . . မသွက်လို့လည်းမရဘူးလေ မင်းမြင်တဲ့အတိုင်းပဲ ဒီဆိုင်ကရောင်းရတယ်။

ဖိုးလုံးကနယ်ကကွ။ ဒီဆိုင်မှာလုပ်တာ လေးငါးလလောက်ရှိပြီ။ သူ့အမေက ကျန်းမာရေးမကောင်းဘူး။ ရန်ကုန်မှာတစ်လတစ်ခါဆေးလာလာပြရတယ်။ အဲ့ဒီဆေးဖိုးကလည်း ဖိုးလုံးကသူ့လစာကြိုကြိုထုတ်ပြီးပေးရတာ"။

မျိုးဦးကဒီဆိုင်တွင်အမြဲထိုင်နေကြမို့ ဖိုးလုံးအကြောင်း တော်တော်သိနေလေသည်။

မျိုးဦးပြောသမျှနားထောင်နေစဉ်. . ။

"ခလွမ်. . အား. . . ပူတယ်. . . အား. . . "

စူးရှကျယ်လောင်သောအသံကြောင့် အလန့်တကြားကြည့်လိုက်မိသည်။ သမံတလင်းပေါ်လဲကျနေသည့်ဖိုးလုံးမှာမချိမဆန့်အော်လျက်။ ဘေးတွင်အငွေ့တထောင်းထောင်းထနေသည့် ရေနွေးကရားအိုးနှင့်ဖန်ခွက်ကွဲစများပြန့်ကျဲနေလေ၏။

ထိုမြင်ကွင်းကြောင့်ကျွန်တော်ဖိုးလုံးထံ ပြေးသွားလိုက်မိသည်။

"ဖိုးလုံးတော်တော်ပူသွားလားသား"

ကျွန်တော့်အမေးအား ဖိုးလုံးကခေါင်းညိတ်ပြရင်း ပျာပျာသလဲကုန်းထကာ ကောင်တာဆီသို့မဝံ့မရဲ လှမ်းကြည့်သည်။

"လုပ်လိုက်ရင်အမြဲနမော်နမဲ့ အောက်ကချော်မှန်းသိလျက်နဲ့သတိထားမလျှောက်ဘူး။ အဲ့ဒါတွေအကုန်လုံးနင့်လစာထဲကဖြတ်မယ်"

ကောင်တာကမိန်းမ၏အသံစူးစူးက ကျွန်တော့်နားသို့ကန့်လန့်ဖြတ်ဝင်လာသည်။

မျက်ရည်အဝိုင်းသားနှင့်ဝေဒနာအား ဖိသိပ်မျိုချနေသည့်ဖိုးလုံးအားကြည့်ရင်း ကျွန်တော့်ရင်ထဲကျင်ခနဲခံစားလိုက်ရသလို၊ ထိုသူတို့တွင် ကိုယ်ချင်းစာတရား၊ အကြင်နာတရားများ ခေါင်းပါးကုန်ကြပြီလား။ ကိုယ့်အတ္တသာအရောင်တင် တစ်ဖက်သားအပေါ် ဖိနှိပ်ဆက်ဆံခြင်းတွေကနေရာ တော်တော်များများတွင်ရှိနေကြပြီလား ဟူသော။ လား . . ပေါင်းများစွာဖြင့် တစ်နေ့လုံးမွန်းကျပ်နေစေခဲ့သည်။

နေ့လယ်ကျောင်းဆင်းချိန် ကျွန်တော့်သားအားသွားကြိုစဉ်. . ပျော်ရွှင်မြူးထူးစွာပြေးထွက်လာကြသော ကျောင်းသားလေးများအားကြည့်ရင်း ဖိုးလုံးလေးမျက်နှာအား မြင်ယောင်နေမိတော့သည်။ ။

# သူတို့တွေရဲ့ရင်ဖွင့်သံများ



**ကျော်လှိုင်ဆန်း**
Final Year Arts NRDC (Yangon)



တစ်ခါတုန်းက ခမ်းနားလှတဲ့ အိမ်ကြီးတစ်လုံးနဲ့ ကျယ်ပြန့်တဲ့ ခြံဝင်းလည်းရှိတယ်။ ခြံပိုင်ရှင်ဟာ သဘာဝတရားကို မြတ်နိုးသူ၊ သစ်ပင်တွေကို ချစ်မြတ်နိုးတာကြောင့် သူ့ခြံထဲမှာ အပင်မျိုးစုံ၊ ပန်းမျိုးစုံစိုက်ပျိုးထားတယ်။ ခြံပိုင်ရှင်ဟာ သူစိုက်ပျိုးထားတဲ့ သစ်ပင်ကြီးငယ်တွေကို နေ့စဉ်နေ့တိုင်း ဂရုတစိုက်ပြုစုပျိုးထောင်လာခဲ့တယ်။

တစ်နေ့မှာတော့ သူစိုက်ပျိုးထားတဲ့ အပင်တွေထဲမှာ ခရေပင်ရယ်၊ ကုက္ကိုပင်ရယ်၊ စက္ကူပင်ရယ်၊ အစိမ်းရောင် မြက်ခင်းပြင်တို့ဟာ စကားပြောဖြစ်ကြတယ်။ စက္ကူပင်လေးဟာ ခရေပင်ကိုကြည့်ပြီး "အစ်ကို ခရေပင်ကို အားကျလိုက်တာဗျာ၊ ပင်စည်ကလည်း အကြီးကြီး မိုးဒဏ်လေဒဏ်တွေကိုလည်း ခံနိုင်တယ်။ ကျုပ်မှာတော့ ချုံနွယ်လိုဖြစ်နေတာ။ တစ်ရက်တစ်ရက် စိတ်ချမ်းသာတယ်လို့မရှိဘူး။ အစ်ကို ခရေပင်ရဲ့ အပွင့်တွေကိုကြည့် လူတွေက အလွန်တန်ဖိုးထားကြတာ။ မနက်ဆို အစ်ကိုခရေပင်ရဲ့ခြေရင်းမှာ လူတွေ အများကြီးပဲ။ ခရေပွင့်တွေ လာကောက်ကြတာ။ ခရေပွင့်တွေကို လူတွေက တန်ဖိုးထားကြတယ်။ ပြီးတော့ ရနံ့လေးကလည်းမွှေးတယ်။ အပွင့်သေးပေမယ့် ဘုရားရဲ့ရင်ခွင်တော်မှာ နေခွင့်ရကြတယ်။ ခရေပွင့်တွေကို လူတွေက ကြီးကျယ်မြင့်မြတ်တဲ့သူတွေနဲ့ နှိုင်းယှဉ်ကြတယ်။ ကျွန်တော့်ကိုကျတော့ အဆင်းသာရှိပြီး ရနံ့မရှိတဲ့ပန်း၊ ဘုရားပန်းလည်းမတင် လူလည်းမပန်တဲ့ပန်းဆိုပြီး သတ်မှတ်ထားကြတာပါ။ ပြီးတော့ ကျွန်တော့်ကို ဘယ်လိုလူနဲ့ နှိုင်းယှဉ်လဲသိလား။ လူဆိုးလူမိုက်တွေနဲ့ နှိုင်းယှဉ်ကြတာဗျ။ ကြုံတုန်းပြောလိုက်ချင်ပါတယ်ဗျာ။ တစ်နေ့တော့ ချစ်သူနှစ်ယောက် ကျွန်တော့်အနားက ဖြတ်သွားတော့ မိန်းကလေးက သူ့ချစ်သူကို "ကိုကိုရယ် ပန်းတွေက သိပ်လှတာပဲနော်။ ပန်ချင်လိုက်တာ"လို့ ပြောတော့ ကျွန်တော်ပျော်မိတယ်ဗျ။ ဒါပေမယ့် ကောင်လေးပြောတဲ့စကားကျတော့ ကျွန်တော် ဝမ်းနည်းမိတယ်ဗျာ။ သူပြောတဲ့စကားက "ချစ်ကလည်း ဒီလိုသူများတွေမပန်တဲ့ စက္ကူပန်းကို ပန်စရာလားကွာ"တဲ့ဗျာ။

စက္ကူပန်းပင်ရဲ့ ရင်ဖွင့်သံကိုကြားရတော့ ခရေပင်မှာ စိတ်မကောင်းဖြစ်ရတယ်။

မြက်ပင်လေးတွေကလည်း စက္ကူပန်းကို ထောက်ခံတဲ့အနေနဲ့ "သိပ်ဟုတ်တာပေါ့ အစ်ကိုစက္ကူပင်ရာ၊ အစ်ကိုက နည်းနည်းတော်ပါသေးတယ်။ ကျွန်တော်တို့တွေဆို ကြည့်လေ မြေကြီးနဲ့ကပ်ပြီးနေရတာ။ တစ်ခါတလေ ပတ်ဝန်းကျင်ရဲ့အလှကို အမြင့်ကနေ ခံစားချင်ရင်တောင် ခံစားခွင့်မရတဲ့ဘဝမျိုးဗျ။ ကျွန်တော်တို့လောက်နိမ့်ကျတဲ့ ဘဝမျိုးရှိမှာမဟုတ်တော့ဘူး။ ဒီမှာရှိတဲ့အပင်တွေဟာ ကျွန်တော်တို့ထက် မြင့်တာချည်းပဲ။ ပတ်ဝန်းကျင်လောကရဲ့အလှတွေကို အစ်ကိုတို့က ကောင်းကောင်းမြင်တွေ့ ခံစားနိုင်ကြတယ်လေ။ ကျွန်တော်တို့က အမြဲတမ်း တက်နင်းခံရ၊ ခေါင်းဖြတ်ခံနေရတာ။ လူတွေက ကျွန်တော်တို့ကို လွတ်လပ်စွာရှင်သန်ခွင့်၊ ကြီးထွားခွင့်တောင် မပေးကြဘူး။

နည်းနည်းလေးရှည်လာရင် စက်နဲ့လာဖြတ်လိုက်ကြပြီး တိရစ္ဆာန်တွေရဲ့ ကျင်ကြီးကျင်ငယ်စွန့်ပစ်တာကိုလည်း ခံနေရတယ်ဗျ။ ကျွန်တော်တို့ဘဝက တော်တော်ဆိုးတဲ့ဘဝမျိုးပဲ အစ်ကိုစက္ကူပင်ရယ်။

ထိုစကားကြားတဲ့အခါ ကုက္ကိုပင်က "ဒီမှာ နားထောင်ကြ စက္ကူပင်နဲ့ မြက်ပင်လေးတို့ရယ် အစ်ကိုဟာ ဒီအထဲမှာ အသက်အကြီးဆုံးနဲ့ ပင်စည်အကြီးဆုံးလည်းဖြစ်တယ်။ ဒီခြံကိုမဝယ်ခင်ကတည်းက ငါဒီမှာရှိနေတာ ညီလေးတို့ရယ်၊ မင်းတို့ညည်းညူသံကြားလို့ ငါလာပြောတာ။ မင်းတို့စကားအရဆိုရင် ကြီးတဲ့သူကပဲ အမြဲတမ်းကောင်းသလိုဖြစ်နေပြီ။ မင်းတို့ ငါ့ကိုအားကျနေကြတာလား"လို့ ကုက္ကိုပင်ကပြောတော့ ဘေးနားက အပင်လေးတွေက "သိပ်အားကျတာပေါ့ဗျာ"ဟု ဝိုင်းပြီးထောက်ခံကြတယ်။

ကုက္ကိုပင်က ဆက်ပြီး "နားထောင်ကြ ငါပြောပြမယ်။ လောကမှာ သာတိုင်း ကြီးတိုင်း အမြင့်မှာနေရတိုင်း ကောင်းတာမဟုတ်ဘူး။ ခုနက မြက်ပင်လေးတွေ ပြောသလိုပဲ ငါက သဘာဝအလှတွေကို အမြင့်ကနေ မြင်ရတာတော့ မှန်ပါတယ်ကွယ်။ ဒါပေမယ့် ငါ့မှာ မုန်တိုင်းတွေလာရင် အမြဲကြောက်နေရတယ်။ မုန်တိုင်းတွေက မင်းတို့လို အပင်ပုလေးတွေကို အဲသလောက် မထိခိုက်နိုင်ဘူး။ ငါတို့ကိုကျတော့ အမြစ်ကနေတစ်ခါတည်း ဆွဲနှုတ်သွားကြတာ။ ငါပြောချင်တာက မင်းတို့ ဒီကမ္ဘာမြေမှာ သစ်ပင်တစ်ပင်အဖြစ် ပေါက်ပွားရှင်သန်ခွင့်ရကြတာကိုပဲ ဂုဏ်ယူလိုက်စမ်းပါ။ ဘယ်လိုသစ်ပင်မျိုးနဲ့ပဲ ဖြစ်တည်ရ ဖြစ်တည်ရ ကိုယ့်ဘဝကိုယ် စိတ်ကျေနပ်စွာနဲ့ နေထိုင်ရှင်သန်နိုင်ဖို့လိုတယ်။

စက္ကူပန်းပင် မင်းကိုပြောမယ် မင်းခုနကပြောသလို လူတွေက မင်းကို မနှစ်သက်ဘူး၊ အလေးမထားကြဘူးလို့ ထင်နေတာလား။ ဒီလိုဆိုရင် မင်းဟာ ဘာဖြစ်လို့ လှပတဲ့ ခြံဝင်းထဲမှာ ရှိနေကြတာလဲ။ အဲဒါ လူတွေက မနှစ်သက် မချစ်မြတ်နိုးလို့ ထင်လို့လား။ မင်းကို ခြံပိုင်ရှင်က ဘာမှတန်ဖိုးမရှိဘူး အလကားဆိုပြီး ငါတို့နဲ့အတူ ဂရုမစိုက်ဘဲ ထားခဲ့တာများရှိလား။"

ထိုအချိန်မှာပင် စက္ကူပင်က "ဟုတ်သားပဲ၊ အခုမှ စဉ်းစားမိတယ်"လို့ စက္ကူပင်က တွေးမိတယ်။ ကုက္ကိုပင်ကလည်း "မင်းဟာ စက္ကူပင်လေ၊ ခရေပင်မှ မဟုတ်တာ။ ခရေပွင့် ဘယ်လိုပွင့်မှာလဲ။ စက္ကူပင်က စက္ကူပန်းပွင့်တာဟာ အားငယ်စရာစိတ်ဓာတ်ကျစရာလား။"

"စက္ကူပန်းမှာ ရနံ့မရှိတာဟာ စက္ကူပန်းရဲ့သဘာဝ စက္ကူပန်းရဲ့တန်ဖိုးပဲလေ။"

"မင်းဟာ အပွင့်လှလှလေးတွေကို ပိုင်ဆိုင်တယ်။ အဲဒီအလှတရားတွေနဲ့ပဲ ဒီကမ္ဘာကို တစ်ထောင့်တစ်နေရာကနေပြီး အလှဆင်နေတာကို မင်းနားလည်လိုက်စမ်းပါ။" ကုက္ကိုပင်ရဲ့ ခွန်အားဖြစ်စေတဲ့ စကားတွေကြောင့် စက္ကူပန်းပင်ဟာ သူ့ဘဝသရုပ်မှန်ကို သဘောပေါက်ပြီး ကျေနပ်သွားပါတော့တယ်။

ဆက်ပြီး ကုက္ကိုပင်က မြက်ပင်လေးတွေကို ဆုံးမဩဝါဒခြွေလေတော့တယ်။ "မင်းတို့ဟာ အပင်တွေထဲမှာ အနိမ့်ကျဆုံးနေရတယ်။ ခေါင်းဖြတ်ခံရတယ်။ တက်နင်းခံရတယ်ဆိုပြီး မကျေနပ်တာလား။"

"ဟုတ်တယ်အစ်ကို" မြက်ပင်တွေက ဝိုင်းအော်ကြတယ်။ "မင်းတို့က ကိုယ့်ရဲ့တန်ဖိုးကိုမမြင်ဘဲ သူများကို အားကျနေကြတာကိုး။ ကမ္ဘာပေါ်မှာအလှဆုံးပန်းက ဘာပန်းလဲသိလား။" ထိုအချိန်မှာ မြက်ပင်လေးတွေက အံ့ဩစွာနဲ့ပဲ တစ်ပင်ကိုတစ်ပင်ကြည့်နေကြပြီး "မသိဘူး အစ်ကို" လို့ ဝိုင်းဖြေကြတယ်။ ထိုအခါ ကုက္ကိုပင်က "မသိရင် မှတ်ထားကြ၊ ကမ္ဘာမှာအလှဆုံးပန်းဟာ အစိမ်းရောင်မြက်ခင်းပြင်တွေဖြစ်တယ်။" ထိုစကားကိုကြားသောအခါ မြက်ပင်လေးတွေက အလွန်ပျော်သွားကြတယ်။ လူတွေဟာ မင်းတို့တွေကိုမြင်ရရင် အင်မတန်စိတ်ကြည်နူးကြတာ။ မင်းတို့ဟာ ပင်စည်သေးပေမယ့် ကမ္ဘာမြေရဲ့တစ်နေရာမှာ အစိမ်းရောင်တစ်ခုအဖြစ်နဲ့ အလှဆင်ပေးတဲ့သူတွေဖြစ်ကြတယ်။

မင်းတို့တွေဟာ ငယ်ပေမယ့် လောကဓံကိုကြံ့ကြံ့ခံနိုင်တဲ့သူတွေပါ။ ရေတွေလွှမ်းမိုးသွားပေမယ့် မင်းတို့မသေကြဘူး။ နွေရာသီမှာ အလွန်ပူလို့ အရွက်တွေခြောက်သွေ့သွားပေမယ့် မိုးရာသီရောက်တော့ ပြန်ပြီးရှင်သန်လာကြတယ်လေ။ ဒီလိုသတ္တိတွေနဲ့ပြည့်စုံသူတွေဆိုတာ မှတ်ထားကြ။ အားတိုင်းစိတ်ဓာတ်ကျမနေနဲ့။ မင်းတို့က စက်နဲ့အဖြတ်ခံရလို့ စိတ်တိုတယ်ပေါ့။ သူများစေတနာကို တောင်အားမနာဘူး။ မင်းတို့ကို ဒီအတိုင်းထားလိုက်ရင် မလှပတော့ဘဲ မြက်ရိုင်းပင်တွေဖြစ်သွားမှာပေါ့။ အဲလိုလှလှပပဖြစ်အောင် လုပ်ပေးတာဟာလည်း တွေ့မြင်တဲ့သူတိုင်း စိတ်ချမ်းသာအောင်လုပ်ပေးနေတာပါ ညီလေးတို့။ လူသားတွေတောင် သူတို့ရဲ့ခေါင်းပေါ်မှာရှိတဲ့ ဆံပင်ညှပ်သေးတာလေ။ ဒီလိုပဲ လောကမှာကောင်းစေချင်လို့ ပြုပြင်ပေးတာကို မြင်နိုင်အောင်ကြည့်တတ်ရမယ် မြက်ပင်လေးတို့။ ကုက္ကိုပင်ရဲ့ဆုံးမစကားကိုကြားသောအခါ မြက်ပင်လေးတွေကလည်း "ဟုတ်ကဲ့ပါအစ်ကို"လို့ အားတက်သရော ပြန်ဖြေကြတယ်။

ထိုအခါ ကုက္ကိုပင်က "အမှန်တော့ ဘဝဆိုတာ ပေးဆပ်ခြင်းပါညီလေးတို့။ ပေးဆပ်မှုနဲ့ အသက်ရှင်တဲ့ဘဝက ဘယ်တော့မှမဆုံးရှုံးဘူး။ ငါတို့သစ်ပင်တွေဟာ ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်ခွင့်ရတယ်။ ငါတို့ဟာ ပတ်ဝန်းကျင်အတွက် ပေးဆပ်နေသူတွေဖြစ်တယ်။ အသားစားတဲ့သတ္တဝါထက် အရွက်စားတဲ့သတ္တဝါကပိုများတယ် ညီတို့။ အရွက်စားတဲ့သတ္တဝါတွေက သစ်ပင်မြက်ပင်တို့ရဲ့ အရွက်စားပြီး ရှင်သန်ကြတယ်။ အသားစားသတ္တဝါတွေက အရွက်စားသတ္တဝါတွေကိုစားပြီး ရှင်သန်ကြတယ်။ ဒါကိုပဲကြည့်လိုက် ငါတို့အပင်တွေရဲ့ဘဝဟာ သူများအကူအညီဖြစ်နေတာလေ။"

"ငါတို့ဟာ ငါတို့ဖြစ်တည်လာတဲ့ ဒီကမ္ဘာမြေပေါ်မှာ ကိုယ့်အလှတရားတွေနဲ့ အလှဆင်နေကြတာ။ လူတွေအတွက် အရေးကြီးတဲ့ အောက်ဆီဂျင်ကို ငါတို့ထုတ်ပေးပြီး လူတွေမလိုအပ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးကြတယ်။ ဒါဟာ ငါတို့အပင်တွေရဲ့ အလုပ်ပဲလေ။ ငါတို့ဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး။ လူသားတွေကိုလည်း ဒုက္ခမပေးဘူး။ ငါတို့အကိုင်း၊ ငါတို့ရဲ့အခက်၊ ငါတို့ရဲ့အရွက်၊ ငါတို့ရဲ့အပွင့်၊ ငါတို့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုခုဟာ ပတ်ဝန်းကျင်အတွက်၊ လူသားတွေအတွက် အထောက်အကူဖြစ်ရင် ကျေနပ်ပါတယ်။ ဒါပေမယ့် လူသားတွေက ငါတို့ကိုအလွန်အကျွံခုတ်လှဲနေတာကို မြင်နေရတော့ ဝမ်းနည်းမိတယ်ညီလေးတို့။" ကုက္ကိုပင်ဟာ လောကကြီးမှာဖြစ်ပျက်နေတာကို အစ်ကိုကြီးတစ်ယောက်အနေနဲ့ သိထားသလောက်ရှင်းပြပေးနေပါတယ်။ ဆက်လက်ပြီး "ညီတို့လည်း အားမငယ်နဲ့၊ စိတ်ဓာတ်မကျကြနဲ့။ ကိုယ်ဖြစ်တည်လာတဲ့ဘဝမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်အတွက် အလှဆုံးဖြစ်အောင် ကြိုးစားကြပါလို့ မှာချင်တယ်ညီလေးတို့။"

"အခုလိုပြောပေးလို့ ကျေးဇူးတင်လိုက်တာ အစ်ကိုကုက္ကိုပင်ရယ်" မြက်ပင်လေးတွေနှင့် စက္ကူပန်းပင်တို့ဟာ သူတို့ဘဝကို သူတို့ကျေနပ်သွားကြပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကြတယ်။ "ငါတို့ဘဝ အလှဆုံးနဲ့ အကောင်းဆုံးဖြစ်အောင်ကြိုးစားပြီး အတတ်နိုင်ဆုံးပေးဆပ်မယ်"။ ။

## ၂၁ ရာစုအလှ

ပါးပြင်မှာမိတ်ကပ်
နှုတ်ခမ်းမှာဆေးနီဆိုး
မျက်ဝန်းမှာ ရောင်စုံခြယ်
ဆံနွယ်မှာ နီကြောင်ဆင်း
ဝတ်ပုံက အလွန်ဆန်း
ပေါင်တုတ်မှာ ကြပ်ထုပ်စည်းတယ်
အင်္ကျီမှာ လည်ဟိုက်သလို
ဂါဝန်စ လေမှာဝဲပျံလို့
လေးလက်မဒေါက်ဖိနပ် စီးကာရယ်
ပေတစ်ရာမှာ သေချာလျှောက်တယ်
မတော်လို့ ချော်လဲမှ
ဟင်း...
၂၁ ရာစုသမီးပျိုများ
အလှအပ သတိထား...။

သုရှင်
ပြင်သစ်ဘာသာ၊
နိုင်ငံခြားဘာသာတက္ကသိုလ်။

